
ထစ်ချုန်း
ရွာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

# မြန်မာ့အလင်း

ဒါနဥ္စ ဓတံမင်္ဂလ မုတ္တမံ
စွန့်ကြဲပေးကမ်း
လှူဒါန်းခြင်းသည်
မြတ်သောမင်္ဂလာမည်၏။

■ အတွဲ [၅၄]
အမှတ် [၁၁၅]

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက် [16-8-2015]

MYANMA ALINN SUNDAY ISSUE


## ဘတ်ဂျက်မှထည့်ဝင်ငွေ၊ အလှူရှင်များထံမှ ရရှိသောအလှူငွေ၊ နိုင်ငံတကာမှ ရရှိသောအကူအညီငွေများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ စီမံခန့်ခွဲ

စာမျက်နှာ - ၃





# ရေကြီးလို့ မြစ်ရေလျှံရသလို မြစ်ရေလျှံမှု မကြာခဏဖြစ်ပွားခြင်းကလည်း ရေကြီးဖို့ အလားအလာပိုများစေတယ်

ကလေးမြို့နယ် ချင်းစုံနှင့် ဇင်းကလင်းအကြား အသစ်ပေါ်ပေါက်လာသော ချောင်းတစ်ခုကိုဖြတ်လျက် ဆန်များ သယ်ယူနေကြသည့် ကျေးရွာသားများ။

သတင်းဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

ကလေး ဩဂုတ် ၁၅

ရေစီးသံများအကြား ဝါးလုံးလျှို၍ လူလေးဦးထမ်းပိုးထားသည့် ဆိုင်ကယ်ကို ပိုင်ရှင်က မသက်သာစွာကြည့်နေသည်။ သူက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မြို့နယ်အဆင့်တာဝန်ရှိသူမို့ ကွင်းဆင်းဆောင်ရွက်ရန် တမူးမြို့သို့ မဖြစ်မနေထွက်ခွာရမည်။ ယခင်က မရှိခဲ့သလို အမည်လည်း မတွင်သေးသည့် ၁၅ ရက်သား ချောင်းအသစ်ကလေးက သူ့သွားလမ်းမှာ ကန့်လန့်ခံနေပြီဖြစ်ရာ အထမ်းသမားများ၏ အကူအညီကို ရယူနေရသည်။ သူ့တွင်သာမက မည်သူမဆို ကလေးမှ တမူးသို့သွားပါက မကြာမီကမှ ပေါ်လာသော ချောင်းအသစ်များနှင့် ရင်ဆိုင်တိုးကြရပါလိမ့်မည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❁

## တနင်္ဂနွေ ဖတ်စရာများ


အပြာရောင်ကမ္ဘာများရဲ့ရာဇဝင်
နှစ်ပေါင်းတစ်ရာကျော်ကြာ တာဝန်ကျေပွန်ခဲ့တဲ့နေရာ သို့မဟုတ် ရန်ကုန်ပဟိုမီးသတ်စခန်း စာ-၁၅

ခရီးသွားဆောင်းပါး
အပန်းဖြေစရာ ကျိုက်ဟလိုင်ကမ်းခြေမှာ . . . စာ-၁၆

ယနေ့တက္ကသိုလ်နယ်မြေတစ်ခွင်
ရည်မှန်းချက်ကိုယ်စီဖြင့် နယ်ပယ်စုံသို့ . . . စာ-၁၈

မြန်မာ့ရိုးရာအားကစား
လတ်တလော ရိုးရာလက်ဝှေ့လောကနှင့် စပွန်ဆာပြဿနာ စာ-၁၉




ဆရာသောင်း
(ရမည်းသင်း)

ဩောင်းညာကိုက်ခဲအတွက်ဆို ထိပ်တန်း၊ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးရဲ့ အစွမ်း

ကျွန်တော်ဟာ နေ့စဉ်သတင်းစာတွေမှာ သတင်းနှင့်ဆောင်းပါးတွေ၊ မြန်မာ့အသံရေဒီယိုမှာ ပြဇာတ်ဒေသဟာသတွေကို ဆရာသောင်း(ရမည်းသင်း) အမည်ဖြင့် ရေးသားနေပြီး မြို့မ(ရမည်းသင်း) တေးဂီတအဖွဲ့မှာလည်း ပင်တိုင်တေးသံရှင်ဖြစ်ပါတယ်။ ကံဆိုးချင်တော့ အသက်(၆၀)လောက်မှာ ရုတ်တရက် လေဖြန်းသွားပါလေရောဗျာ။ ညာဘက်တစ်ခြမ်းက အကြောတွေကပ်သွားပြီး ဆရာဝန်နဲ့ အချိန်မီကုသလိုက်လို့ လေဖြတ်မသွားပေမယ့် ခြေလက်တွေထုံကျင် အဆစ်အမြစ်တွေကိုက်ခဲပြီး သီချင်းဆိုဖို့ ဝေလာဝေး ကျူရှင်ကလည်းမပြနိုင် စာလည်းကောင်းကောင်းမရေးနိုင်တာကြာပါပြီ။ ဒါပေမယ့် ကံကောင်းချင်တော့ မန္တလေးမှာနေပြီး ဆေးပစ္စည်းနဲ့အလုပ်ကုန်ဆိုင်ဖွင့်ထားတဲ့ တပည့်မလေးတစ်ယောက်က ကျွန်တော့်အိမ်ကိုရောက်လာပြီး **"ဆရာ...ရွှေပြည်နန်း ရတနာကိုးသွယ်သနပ်ခါးဟာ သမီးတို့ဆိုင်မှာ ရောင်းအားအကောင်းဆုံးပါပဲဆရာ။ လေဖြန်းတာ၊ လေဖြတ်တာ၊ လေးဘက်နာရောဂါနဲ့ အဆစ်အမြစ်ကိုက်ခဲတာတွေကို အမြန်ဆုံးပျောက်ကင်းတယ်"**လို့ပြောပြီး ဆေးဘူးတွေနဲ့ ဦးချကန်တော့သွားပါတယ်။ ကျွန်တော်လည်းအားရဝမ်းသာစွာနဲ့ ရွှေပြည်နန်းရတနာကိုးသွယ်သနပ်ခါးကို ညအိပ်ယာဝင်တိုင်း လိမ်းအိပ်လာလိုက်တာ ဆေးတစ်ဘူးမကုန်ခင်မှာဘဲ အညောင်းအညာ အကိုက်အခဲ တွေလည်းသက်သာလာပါတယ်။ အရင်ကခံစားခဲ့ ရတဲ့ဝေဒနာတွေလည်း အမြစ်ပြတ်သလိုပျောက်သွားတာကြောင့် အခုဆိုရင် ကျွန်တော်ဟာ ကျူရှင်လည်းပြနိုင်ပြီ၊ စာလည်းရေးနိုင်ပြီ၊ သီချင်းလည်းဆိုနိုင်ပြီမို့ ကျေးဇူးကမ္ဘာပါ ရွှေပြည်နန်းလေးနဲ့ ရွှေမန္တလေးက တပည့်မလေးရေ... **"မြန်မာ့ထိပ်တန်း ရွှေပြည်နန်း ရှင်လန်းချမ်းမြေ့နိုင်ပါစေ"** လို့လည်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်...

ဆရာသောင်း(ရမည်းသင်း) အလီမ္မာပန်းများလန်းရာမြေ၊ မြို့မရပ်ကွက်ကြီး၊ ရမည်းသင်းမြို့။
ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါ်တင်ခွဲ ၏ ရွှေမိုးငွေမိုးဖိနပ်ဆိုင်၊ မြို့မဈေး၊ ရမည်းသင်းမြို့။

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မူးယစ်သံသရာ

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးကို မဟာဗျူဟာ/နည်းဗျူဟာ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးကို ထုတ်လုပ်မှုကျဆင်းရေး၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုပပျောက်ရေးတို့ကို အရှိန်အဟုန်မြှင့် တိုက်ဖျက်လျက်ရှိပါသည်။ ထို့ကြောင့်လည်း လွန်ခဲ့သည့် တစ်နှစ်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို အရှိန်အဟုန်မြှင့် ဖမ်းဆီးမှုများ ပြုလုပ်လာသည်ကို သတိပြုမိပါသည်။

ဤကဲ့သို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်သက်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများက ဝိုင်းဝန်းတိုက်ဖျက်ဖမ်းဆီးအရေးယူမှုများ ပြုလုပ်နေသော်လည်း မူးယစ်ရာဇာ ဘိန်းမှောင်ခိုများက မူးယစ်ဆေးဝါးများကို အရည်၊ အမှုန့်၊ အတုံး၊ အခဲ၊ ဆေးပြားအစရှိသဖြင့် ပုံစံအမျိုးမျိုးပြုလုပ်၍ အတင့်ရဲစွာ မှောင်ခိုရောင်းဝယ်မှုများ ပြုလုပ်နေကြဆဲဖြစ်ပါသည်။

မူးယစ်မှောင်ခိုရောင်းဝယ်သူများသည် အဓိကအားဖြင့် မြို့ကြီးပြကြီးများကို ပစ်မှတ်ထားလျက် ရောင်းဝယ်ဖောက်ကားလျက်ရှိပါသည်။ အထူးသဖြင့် ရန်ကုန်နှင့်မန္တလေးမြို့ကြီးများရှိ လူငယ်များကို ပစ်မှတ်ထားလျက်ရှိပါသည်။ မူးယစ်ဆေးဝါးကို ငွေကြေးပြည့်စုံ၍ အများဆုံးသုံးစွဲနိုင်သည့် နေရာများသည်လည်း မြို့ကြီးများ၌သာ တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း မူးယစ်မှောင်ခိုများက မြို့ကြီးများကို အဓိကပစ်မှတ်ထား၍ ရောင်းဝယ်မှုများ ပြုလုပ်လာသည်ကို တွေ့ရသည်။

လွန်ခဲ့သည့်ရက်များက မင်္ဂလာဒုံစက်မှုဇုန်၌ ငွေကျပ် ၁၃၃ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၇ သန်း ဖမ်းဆီးရမိမှု ဖြစ်စဉ်သည်လည်းကောင်း၊ ယင်းအမှုနှင့်ဆက်စပ်၍ ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ ငွေကျပ် သိန်းပေါင်း ၇၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁ ဒသမ ၅ သန်း ဖမ်းဆီးရမိမှု ဖြစ်စဉ်သည်လည်းကောင်း မူးယစ်မှောင်ခိုများအနေဖြင့် မြို့ကြီးများကိုပစ်မှတ်ထား၍ ရောင်းဝယ်မှုများ ပြုလုပ်လာနေကြောင်း အထင်အရှားတွေ့ရမည်ဖြစ်ပါသည်။ အလားတူ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ဖြစ်စဉ်များ မြို့ကြီးများ၌ မကြာခဏတွေ့ရသည်။

ထိုအချက်များကို ထောက်ရှုခြင်းအားဖြင့် မူးယစ်ဆေးဝါး သံသရာစက်ကွင်းကို အတိအကျ ဖြတ်တောက်ပစ်ရန် လိုအပ်လာပြီဖြစ်ပါသည်။ မူးယစ်ဆေးဝါး သံသရာစက်ကွင်းတွင် အဓိကအားဖြင့် စိုက်ပျိုးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုနှင့် သုံးစွဲမှုတို့ပါဝင်ပါသည်။ သို့သော်လည်း ငွေကြေးသိန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံ၍ မှောင်ခိုရောင်းဝယ်လုပ်ကိုင်နေသော မူးယစ်ရာဇာများကို အမိဖမ်းနိုင်ဖို့လိုပါသည်။ မူးယစ်မှောင်ခိုများသည် ပုံစံအမျိုးမျိုး၊ လူအမျိုးမျိုး၊ နာမည်အမျိုးမျိုးအသုံးချကာ မှောင်ခိုရောင်းဝယ်မှုကို ပြုလုပ်လျက်ရှိပါသည်။ မူးယစ်မှောင်ခိုဂိုဏ်းများကို ဖြိုခွင်းနိုင်မှသာ မူးယစ်သံသရာကွင်းဆက်ကို ဖြတ်တောက်နိုင်မည်ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။

မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။

မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု

လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# တမူးခရိုင်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စုများအား ဆန်အိတ်များလွှဲပြောင်းပေးအပ်

**တမူး ဩဂုတ် ၁၅**

တမူးခရိုင်အတွင်း ဇူလိုင် ၂၅ ရက်မှ ဇူလိုင် ၃၁ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ရပ်ကွက် (၄) ရပ်ကွက်နှင့်ကျေးရွာ ၁၀ ရွာ၊ အိမ်ခြေ ၁၀၇၆၊ အိမ်ထောင်စု ၁၁၇၂ စု၊ လူဦးရေ ၆၁၉၄ ဦး ရေဘေးသင့်ခဲ့သည်။




အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လှူဒါန်းသည့် ဆန်အိတ် ၁၀၀၀ ကို ဩဂုတ် ၁၂ ရက်က ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများက ရေဘေးဒုက္ခသည်များအား ထပ်ဆင့်ပေးအပ်လှူဒါန်းခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လှူဒါန်းခဲ့သော ဆန်အိတ် ၁၀၀၀ အနက် စန္ဒကူးရပ်ကွက် ၃၈ အိတ်၊ မြို့မရပ်ကွက် ၁၂ အိတ်၊ ခမိတ် ကျေးရွာ ၆၃ အိတ်၊ ပွတ်သာကျေးရွာ အိတ် ၉၀၊ ချောင်းဆုံကျေးရွာ ၁၅ အိတ်၊ အလှော်ကျေးရွာ ၇၅ အိတ်၊ ရေအေးကျေးရွာ ၅၁ အိတ်၊ ကနန်ကျေးရွာ အိတ် ၃၀၀၊ မင်းသမီးကျေးရွာ အိတ် ၃၀၀၊ ကမ္မကြီးကျေးရွာ အိတ် ၂၀၊ ခမ်းပါတ်အမှတ် (၁) ရပ်ကွက် ၂၃ အိတ်၊ ခမ်းပါတ်အမှတ် (၂) ရပ်ကွက် သုံးအိတ်၊ ထင်းဇင်ရွာမကျေးရွာကိုးအိတ်၊ ကျွန်းတောရေရှင် တစ်အိတ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

**မာန်အောင် ဩဂုတ် ၁၅**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် မာန်အောင်မြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ၁၃ ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုအခါမြစိမ်းရောင်ကျေးရွာစီမံကိန်းဝင်ဖြစ်သည့် ဇီးတော၊ ပြင်ကောက်၊ အနောက်ပါးကျေးရွာတို့၌ ဩဂုတ် ၁၃ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ခန့်နှင့်အဖွဲ့သည် မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့သည် ကျေးရွာဒေသခံများအား စီမံကိန်းဆိုင်ရာအချက်အလက်များနှင့်ကျေးရွာ ၁၃ ရွာကို တစ်ရွာလျှင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ မတည်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ မီးလင်းရေး၊ ကုန်ထုတ်လုပ်ငန်းနှင့်အခြားဝင်ငွေတိုး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

၂၀၁၄-၂၀၁၅ ခုဘဏ္ဍာနှစ်တွင်လည်း ငပုန်ကုန်းကျေးရွာနှင့်ဂန့်ဂေါ်တောကျေးရွာကို မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သိန်းဖေ(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၈-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၃၀၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၆၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |

### သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၅ |
| ဥရောပ | တစ်ယူရို | ၁၃၅၅.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၉.၀၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၉၂ |
| တရုတ် | တစ်ယွမ် | ၁၉၈.၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၂.၉၂ |

ခင်ရတနာ-စုစည်းသည်။

# ဘတ်ဂျက်မှထည့်ဝင်ငွေ၊ အလှူရှင်များထံမှရရှိသောအလှူငွေ၊ နိုင်ငံတကာမှရရှိသောအကူအညီငွေများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီစီမံခန့်ခွဲ

**နေပြည်တော် ဩဂုတ် ၁၅**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယမန်နေ့နံနက် ၁၀ နာရီ က ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသည့် ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးခဲ့သည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်တို့နှင့်အတူ ရတနာဝင်းရုပ်ရှင်ရုံ၌ ဖွင့်လှစ်ထားသည့် သာယာဝတီမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၁၉၃ စုမှ ရေဘေးသင့်ပြည်သူ ၅၄၆ ဦးရှိသော ကယ်ဆယ်ရေးစခန်းအမှတ်(၈)သို့ လည်းကောင်း၊ ဓမ္မသုခကျောင်းတိုက်၌ ဖွင့်လှစ်ထားသည့် အိမ်ထောင်စု ၆၉ စုမှ ရေဘေးသင့်ပြည်သူ ၂၀၁ ဦးရှိသော ကယ်ဆယ်ရေးစခန်း အမှတ်(၅)သို့ လည်းကောင်း၊ မင်္ဂလာအုဋ္ဌကျောင်းတိုက်၌ ဖွင့်လှစ်ထားရှိသည့် အိမ်ထောင်စု ၉၈ စုမှ ရေဘေးသင့်ပြည်သူ ၃၀၁ ဦးရှိသော ကယ်ဆယ်ရေးစခန်းသို့လည်းကောင်း ရောက်ရှိကြပြီး ရေဘေးသင့်ပြည်သူများအား ဆေးဝါးများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ပေးအပ်ကာ အားပေးစကားပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် သာယာဝတီမြို့နယ် ဇရပ်ကျေးရွာသို့ရောက်ရှိပြီး ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဆေးဝါးများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများကိုပေးအပ်ကာ ကျေးရွာအနီးပတ်ဝန်းကျင်ရှိ ရေနစ်မြုပ်လယ်ယာများ၏ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက သုံးဆယ်ရေလှောင်တမံစီမံကိန်းခန်းမ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာများအလိုက် ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော လမ်း၊ တံတား၊ စာသင်ကျောင်းများ၊ ထိခိုက်ပျက်စီးသည့် လယ်ယာမြေများ၊ ရေဘေးသင့်ပြည်သူများ၏ လက်ရှိအခြေအနေ၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ထားရှိမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။



ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့ သာယာဝတီမြို့ ရတနာဝင်းကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရေးပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်ဖြစ်ပြီး ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်များ ရန်ပုံငွေအဖွဲ့ကိုလည်း ဥပဒေအတိုင်း ဖွဲ့စည်းထားပြီး ဘတ်ဂျက်မှ ထည့်ဝင်ငွေ၊ အလှူရှင်များထံမှရရှိသော အလှူငွေ၊ နိုင်ငံတကာမှရရှိသော အကူအညီငွေများကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ စီမံခန့်ခွဲသွားရန်ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်နိုင်ရန် တိုင်းဒေသကြီး ပြန်လည်ထူထောင်ရေး ညှိနှိုင်းမှုဌာနများဖွဲ့စည်း၍ ပြန်လည်ထူထောင်ရေးလုပ်ငန်း ညှိနှိုင်းမှုဗဟိုနှင့် ပေါင်းစပ်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်းဖြင့် ပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြပြီး ရေဘေးသင့်ပြည်သူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ဇီးကုန်းမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဆေးရုံတက်ရောက် ကုသလျက်ရှိသော လူနာများအား ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် မြသိန်းတန်စေတီတော် ပရိဝုဏ်အတွင်း ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

(သတင်းစဉ်)



သာယာဝတီမြို့ ရေဘေးသင့်ပြည်သူများအတွက် ကူညီထောက်ပံ့သည့်ပစ္စည်းများ။ (သတင်းစဉ်)

## မုတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၁၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကုတ်မြို့တွင် ၆ ဒသမ ၁၀ လက်မ၊ တောင်ကုတ်မြို့တွင် ၅ ဒသမ ၇၅ လက်မ၊ ကန့်ဘလူမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ စစ်တွေမြို့တွင် ၂ ဒသမ ၈၄ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၇၅ လက်မ၊ ဘီးလင်းမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၆၈ လက်မ၊ သံတောင်ကြီးမြို့တွင် ၂ ဒသမ ၄၀ လက်မနှင့် စဉ့်ကိုင်မြို့တွင် ၂ ဒသမ ၀၀လက်မတို့ ဖြစ်ကြသည်။ (မိုး/ဇလ)

## ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ ဩဂုတ် ၁၅**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် ဩဂုတ် ၁၄ ရက် မွန်းတည့် ၁၂ နာရီက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ပြည်နယ်အဆင့် ဝန်ကြီးများနှင့် Human Right အဖွဲ့မှ Mr. Lian Mahoney နှင့် Ms.Matilda Bogner တို့နှင့်တွေ့ဆုံပြီး ပြည်နယ်အတွင်းရှိ ရေဘေးသင့်၍ ပျက်စီးသွားသော ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးခဲ့သည်။ Human Right အဖွဲ့ကလည်း ကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ပြန်လည် ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ(၁)၌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်နယ်အတွင်းရှိ ရေဘေးသင့်၍ ပျက်စီးသွားသော ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

## ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၅**

သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၁၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ ခေါက်ရေနှစ်ခေါက်ဖြင့် အဝတ်အထည်၊ ဆပ်ပြာမှုန့်၊ ဆန်၊ အသားတုံ၊ သကြားလုံး၊ စားသောက်ကုန်၊ ရေသန့်ဆေး၊ ခေါက်ဆွဲခြောက်၊ ဖျာ၊ အသက်ကယ်အင်္ကျီနှင့် မုန့်မျိုးစုံတို့ကို ပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ဒီမိုကရေစီကျင့်သုံးရေး ကျူးဘားကို အမေရိကန်တိုက်တွန်း

**ဟာဗားနား ဩဂုတ် ၁၅**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ကျူးဘားနိုင်ငံအတွင်း နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သင့်ပြီဖြစ်ကြောင်း၊ ကျူးဘားနိုင်ငံသားများအား ၎င်းတို့၏ ခေါင်းဆောင်ကို ၎င်းတို့ကိုယ်တိုင် ရွေးချယ်ခွင့် ပေးသင့်ပြီဖြစ်ကြောင်း ၅၄ နှစ်တာကြာမြင့်ပြီးနောက် ကျင်းပသည့် ဟာဗားနားရှိ အမေရိကန်သံရုံး အလံလွှင့်တင်ပွဲ အခမ်းအနားတွင် တိုက်တွန်းလိုက်သည်။

အမေရိကန်နှင့် ကျူးဘား ဆက်ဆံရေးခေတ်သစ်ကို စတင်လိုက်ပြီဖြစ်ကြောင်း အဆိုပါအလံတင် အခမ်းအနားတွင် ဂျွန်ကယ်ရီက ကြေညာလိုက်သည်။

သို့သော်လည်း အမေရိကန်က ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးအတွက် ကျူးဘားအစိုးရအပေါ် ဖိအားပေးခဲ့သည်။

ကျူးဘားပြည်သူများအနေဖြင့် ခေါင်းဆောင်များကို လွတ်လပ်စွာ ရွေးချယ်နိုင်သည့် ဒီမိုကရေစီစနစ်ကို ဆောင်ရွက်သင့်ကြောင်းဖြင့်လည်း တိုက်တွန်းပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့တို့မှတစ်ဆင့် ဒီမိုကရေစီစနစ် ထွန်းကားအောင် ကျူးဘားအစိုးရကို တိုက်တွန်းသွားမည်ဟု ဆိုသည်။

ဂျွန်ကယ်ရီသည် ကျူးဘားနိုင်ငံသို့ နှစ် ၇၀ အတွင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးတစ်ဦးအနေဖြင့် လာရောက်ခဲ့ပြီး ကျူးဘားထိပ်တန်းတာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

# ဝါဒဖြန့်မှုမပြုလုပ်ရန် မြောက်ကိုရီးယားတောင်းဆို

**ဆိုးလ် ဩဂုတ် ၁၅**

မြောက်ကိုရီးယားက တောင်ကိုရီးယားကို နယ်စပ်တစ်လျှောက် သို့မဟုတ် ရှေ့တန်းစစ်မျက်နှာ တစ်ခွင် မြောက်ကိုရီးယား ဆန့်ကျင်ရေးဝါဒဖြန့် သတင်းထုတ်လွှင့်မှုများ မပြုလုပ်ရန် တောင်းဆိုလိုက်သည်။

ယင်းမှာတောင်ကိုရီးယားတပ်ဖွဲ့ဝင်နှစ်ဦး မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာရခဲ့သည်ဟု ဆိုးလ်မှစွပ်စွဲခြင်း အပေါ် မြောက်ကိုရီးယားက ငြင်းဆိုလိုက်ပြီး တစ်ရက်အကြာတွင် မြောက်ကိုရီးယားက ထုတ်ဖော်ပြောဆိုလိုက်ခြင်းဖြစ်သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတို့သည် ပူးတွဲစစ်ရေးလေ့ကျင့်ရန် ပြင်ဆင်လျက်ရှိချိန် လွန်ခဲ့သော သီတင်းပတ်က မြေမြှုပ်မိုင်းပေါက်ကွဲပြီးနောက် ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုမြင့်တက်လာခဲ့သည်။

တောင်ကိုရီးယားက တန်ပြန်အစီအမံများ ပြုလုပ်မည်ဟု ခြိမ်းခြောက်လျက်ရှိပြီး တနင်္လာနေ့မှစတင်၍ နယ်စပ်တစ်လျှောက် အသံချဲ့စက်များ အသုံးပြုကာ ပြယမ်းဆန့်ကျင်ရေး ဝါဒဖြန့်လှုံ့ဆော်မှုများ ပြုလုပ်သွားမည်ဟု ဆိုသည်။

ဆိုးလ်အနေဖြင့် ရှေ့တန်းစစ်စခန်းများ၌ ဝါဒဖြန့်မှုများ ပိုမိုပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နယ်စပ်တစ်လျှောက် စစ်မဲ့ဇုန်တွင် မြင်ကွင်းပိုမိုကောင်းမွန်လာရေးအတွက် သစ်ပင်များကိုလည်း ခုတ်ထွင်ရှင်းလင်းဖယ်ရှားသွားရန် စီစဉ်ထားကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးက ကြာသပတေးနေ့တွင် ပါလီမန်သို့ ပြောကြားသည်။ ဆိုးလ်အနေဖြင့်မည်သည့်ရန်စမှုကို မဆိုလက်တုံ့ပြန်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ ပက်ဂွမ်ဟေးက ပြောဆိုလိုက်သည်။ **ရိုက်တာ)**

# အင်္ဂါဂြိုဟ်သို့ လူလိုက်ပါမည့် RS-25 ဒုံးပျံအင်ဂျင်ကို နာဆာစမ်းသပ်

**မစ္စစ္စပီ ဩဂုတ် ၁၅**

ကမ္ဘာ့အကျော်ကြားဆုံး အမေရိကန် အာကာသ အေဂျင်စီ (နာဆာ) သည် မကြာသေးမီက အနီရောင်ဂြိုဟ်ဟုခေါ်သော မားစ်(အင်္ဂါဂြိုဟ်) သို့ ခရီးသွားရန် စွမ်းအားပြည့် ဒုံးပျံအင်ဂျင်ကို စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။


နာဆာသည် မစ္စစ္စပီရှိ စတန်းနစ်အာကာသစခန်းတွင် RS-25 ဒုံးပျံအင်ဂျင်ကို စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နာဆာ၏ စမ်းသပ်စစ်ဆေးမှု စုစုပေါင်း ခုနစ်ခုတွင် ဒုံးပျံအင်ဂျင်ကို စမ်းသပ်မှုမှာ ခြောက်ခုမြောက် ဖြစ်သည်။

RS-25 ဒုံးပျံအင်ဂျင်သည် မြင်းကောင်ရေပမာဏ ၁၂ သန်းကို ထုတ်ပေးနိုင်မည်ဖြစ်သည်။ ယင်းဒုံးပျံအင်ဂျင်၏ ဝင်ရိုးသည် တစ်နာရီ မိုင် ၆၀ နှုန်းသွားသော ကား၏ အမြန်နှုန်းထက် ၁၀ ဆပိုမြန်အောင် လည်ပတ်နိုင်မည့်အပြင် လေထုဖိအားကိုလည်း အကောင်းဆုံး ခံနိုင်မည်ဖြစ်သည်။

အဆိုပါအင်ဂျင်ကို ၂၀၁၈ ခုနှစ်တွင် အော်ရီယွန် အာကာသစခန်းမှ ပထမဆုံးအကြိမ် လွှတ်တင်ရန် စီစဉ်ထားသည်။

အဆိုပါ စွမ်းအားပြည့်ဒုံးပျံများကို အင်္ဂါဂြိုဟ်သို့ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် လူသားလိုက်ပါပို့ ဆောင်နိုင်ရန် စီစဉ်ထားသည်။ **(နာဆာ)**







# စစ်အတွင်းကျူးလွန်ခဲ့သောရာဇဝတ်မှုများအတွက် နောင်တရကြောင်း ဂျပန်ဘုရင်မင်းမြတ် ထုတ်ဖော်ပြောကြား

**တိုကျို ဩဂုတ် ၁၅**

ဂျပန်ဘုရင်မင်းမြတ်အာကီဟီတိုသည် စနေနေ့က အမျိုးသားအောက်မေ့ဖွယ်နှစ်ပတ်လည် အခမ်းအနားတွင် စစ်အတွင်းက ရာဇဝတ်မှုများအတွက် နက်ရှိုင်းစွာ နောင်တရကြောင်း ပထမဆုံးအကြိမ်အဖြစ် ထုတ်ဖော်ပြောကြားခဲ့သည်။

ကျွန်ုပ်တို့၏အတိတ်ကိုသတိရရင်း ဒုတိယကမ္ဘာစစ်အတွင်း ရာဇဝတ်မှုကျူးလွန်မှုများအတွက် နောင်တရကြောင်း၊ စစ်အတွင်းရာဇဝတ်ကျူးလွန်မှုများ နောက်တစ်ကြိမ် ဖြစ်ပွားတော့မည်မဟုတ်ကြောင်း အသက် ၈၁ နှစ် အရွယ်ရှိ ဘုရင်မင်းမြတ်က ဒုတိယကမ္ဘာစစ်တွင် ဂျပန်တို့ ခြွင်းချက် မရှိလက်နက်ချခဲ့သော အောက်မေ့ဖွယ် အခမ်းအနားတွင် ပြောခဲ့သည်။

စကားကိုညင်သာစွာ ပြောတတ်သူ ဘုရင်မင်းမြတ်သည် ဂျပန်ပြည်သူများအား ဒုတိယကမ္ဘာစစ်၏ဆိုးကျိုးများကို မေ့လျော့မပစ်ရန်နှင့် အာရှတိုင်းပြည်များနှင့် ပြန်လည်သင့်မြတ်မှုကို မြှင့်တင်ရန်တိုက်တွန်းခဲ့သည်။

မီဒီယာအချို့နှင့် လေ့လာသုံးသပ်သူများကမူ ဘုရင်မင်းမြတ်သည် ၎င်း၏နှစ်စဉ် မိန့်ခွန်းများနှင့်မတူ ပြောကြားခြင်းမှာ ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၏ စစ်အတွင်း ကျူးလွန်ခဲ့သော ရက်စက်မှုများအတွက် တောင်းပန်ရန် ကမ်းလှမ်းချက်ကို ရှောင်ရှားမှုအတွက်ဖြစ်သည်ဟု ယူဆကြသည်။

သို့သော် ဂျပန်ဝန်ကြီးချုပ်သည် စစ်အတွင်း ရာဇဝတ်မှုများအတွက်အောက်မေ့ဖွယ်အခမ်းအနားတွင် ထုတ်ဖော်ပြောကြားမှုကို သုံးနှစ်ဆက်တိုက်ရပ်ဆိုင်းခဲ့သည်။

ဝန်ကြီးချုပ်၏အစိုးရအဖွဲ့မှာမူ ဂျပန်တို့၏စစ်အတွင်းက ပြုလုပ်ခဲ့သော ရာဇဝတ်မှုများကို ယခင်အစိုးရက တောင်းပန်ခဲ့ပြီးဖြစ်ကြောင်း ထပ်တလဲလဲ ပြောဆိုခဲ့သည်ဟု အနီးမှ စောင့်ကြည့်လေ့လာသူများက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ သို့သော် ၎င်းတို့ ကိုယ်တိုင်တောင်းပန်မှုပြုလုပ်ရန်ကိုမူ ရှောင်ရှားခဲ့သည်။ **(ဆင်ဟွာ)**

# ဂရိနိုင်ငံအား ယူရို ၈၆ ဘီလီယံ ချေးမည်

**ဘရပ်ဆဲလ် ဩဂုတ် ၁၅**

ဂရိနိုင်ငံအား တစ်ခုတည်းသော ငွေကြေးအဖွဲ့အစည်းအဖြစ် ဆက်လက်ထိန်းထားရန် ယူရိုဇုန်ဘဏ္ဍာရေးဝန်ကြီးများက ဂရိနိုင်ငံအား ယူရို ၈၆ ဘီလီယံ (အမေရိကန် ဒေါ်လာ ၉၅ ဘီလီယံခန့်) ထုတ်ချေးပေးရန် သောကြာနေ့ ညနေပိုင်းက သဘောတူလိုက်သည်။

သီတင်းပတ်ပေါင်းများစွာ ကြိုးပမ်းခဲ့ပြီး နာရီပေါင်းများစွာဆွေးနွေးခဲ့ရသည့် အဆိုပါ သဘောတူညီမှုသည် အပေါင်းလက္ခဏာ ဆောင်ခဲ့ကြောင်း ယူရိုအုပ်စုဥက္ကဋ္ဌ ဂျာရွန်းဒစ်ဆယ်ဘလွန်းက သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။

ဘီလီယံပေါင်းများစွာသော အဆိုပါချေးငွေအသစ်ကို ဥရောပတည်ငြိမ်ရေး ယန္တရားအဖွဲ့(အီးအက်စ်အမ်)က ဂရိနိုင်ငံအား လာမည့်သုံးနှစ်အတွင်း ပေးအပ်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ ယင်းချေးငွေကြောင့် ဂရိနိုင်ငံသည် ဥရောပအဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဟု ဆိုသည်။ **(ရိုက်တာ)**

# သဘာဝဘေးဒဏ်ကျရောက်ခဲ့သောဒေသများတွင် တပ်မတော်သားများအနေဖြင့် ကူညီကယ်ဆယ်မှုများ ဆောင်ရွက်နေသကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း စွမ်းအားပြည့်ဆက်လက်ကူညီဆောင်ရွက်





**နေပြည်တော် ဩဂုတ် ၁၅**

တပ်မတော်သည် အစဉ်အလာကောင်းသည့် တပ်မတော်ဖြစ်၍ ၎င်းအစဉ်အလာများကို ထိန်းသိမ်းရန်လိုကြောင်း၊ တပ်မတော် တစ်ရပ်တွင် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံမှုသည် တန်ဖိုးအရှိဆုံးဖြစ်ကြောင်း၊ ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်ရန်အတွက် နောက်လိုက်ကောင်း တစ်ယောက်ဖြစ်ရန်နှင့် မိမိကိုယ်မိမိ စွမ်းရည်ရှိအောင်ကြိုးစားရန်လိုကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းက စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိများ၊ နည်းပြအရာရှိများနှင့် သင်တန်းသား အရာရှိများအား တွေ့ဆုံမှာကြားရာတွင် ထည့်သွင်းပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးထွန်း၊ ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ၊ နည်းပြအရာရှိများနှင့် သင်တန်းသားအရာရှိ ၁၉၈၅ ဦး တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့ တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်း ဆောင်နိုင်ရန်အတွက် စစ်မှုအတတ်ပညာများနှင့် အတွေးအခေါ် မြင့်မားကောင်းမွန်ရန်အတွက် သင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ ဖတ်ရှုလေ့လာမှတ်သားမှုမှရသည့် အတွေးအခေါ်ကောင်းများသည် မိမိအလုပ်ကို မှန်မှန် ကန်ကန် ဆောင်ရွက်နိုင်ရန်နှင့် စီမံခန့်ခွဲမှုကို အထောက်အကူပြုရန်ဖြစ်ကြောင်း၊ မည်သည့်နိုင်ငံဖြစ်စေ စစ်ကိုနိုင်အောင်တိုက်နိုင်သည့် တပ်မတော်ကိုသာ ယုံကြည်ကိုးစားမည်ဖြစ်ကြောင်း၊ ပြည်သူလူထု ယုံကြည်ကိုးစားမှုခံရသော တပ်မတော်ဖြစ်စေရန် တစ်ဦးချင်းက ကြိုးစားရန်လိုကြောင်း။

သင်တန်းကျောင်းများကလည်း သင်တန်းသားများကို သေချာစွာလေ့ကျင့် ပေးလိုက်ပါမှ အရာရှိကောင်းများဖြစ်လာပြီး တပ်ကိုနိုင်နင်းစွာ ဦးဆောင်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်၏ သင်တန်းအသီးသီးတွင် လက်ရှိရာထူးထက် ပိုမိုမြင့်မားသည့် ရာထူးများ ထမ်းဆောင်နိုင်သည်အထိ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ အရာရှိများအနေဖြင့် သင်ကြားပေးလိုက်သည့် စစ်မှုအတတ်ပညာများ၊ အသိပညာများ၊ အတတ်ပညာများကိုပေါင်းစပ်ပြီး လက်တွေ့နယ်ပယ်တွင် အသုံးချစေလိုကြောင်း၊ အရာရှိငယ်များသည် လူငယ်များဖြစ်သည့်အတွက် ထိုက်သင့်သည့် ဦးဆောင်မှု၊ ခေါင်းဆောင်မှုပေးနိုင်ရန်လိုကြောင်း၊ မိမိကိုယ်မိမိလည်း အသိတရားဖြင့် ထိန်းသိမ်းရန် လိုကြောင်း။

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းလျက်ရှိရာတွင် မှန်ကန်ခိုင်မာစွာ လျှောက်လှမ်းနိုင်ရန်အတွက် တပ်မတော်အနေဖြင့် ခံယူဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ လျှောက်လှမ်းနိုင်ရန်မှာ ဦးစွာနိုင်ငံတည်ငြိမ်မှု ရှိပြီး စည်းလုံးညီညွတ်စွာဖြင့် လုပ်ဆောင်ကြရန်လိုကြောင်း၊ သို့မှသာ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုအခါ တပ်မတော်အနေဖြင့် မိမိတို့တိုင်းပြည် တည်ငြိမ်မှုရှိရေးအတွက် သဘောတူညီမှုရရှိပြီးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အရာရှိများအနေဖြင့် နိုင်ငံ့အရေးကိစ္စဖြစ်သည့် မိမိဒေသမှသည် တိုင်းပြည်အဆင့်အထိ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ထားရှိပြီး လုပ်ဆောင်ရန်လိုကြောင်း။

မိမိတို့တပ်မတော်သားများအနေဖြင့် နိုင်ငံတော်အတွက် မိမိအသက်ကို စွန့်လွှတ်ရန်အထိပင် သစ္စာဆိုထားသူများဖြစ်သည်နှင့်အညီ မိမိကိုမိမိ စွမ်းရည် ရှိအောင် ကြိုးစားပြီး နိုင်ငံတော်နှင့် ပြည်သူ၏အကျိုးအတွက် တတ်စွမ်းသရွေ့ ဆောင်ရွက်ကြရန် လိုကြောင်း၊ သဘာဝဘေးဒဏ်ကျရောက်ခဲ့သော အချို့သော ဒေသများတွင် မိမိတို့ တပ်မတော်သားများအနေဖြင့် ကူညီကယ်ဆယ်မှုများ ဆောင်ရွက်နေသကဲ့သို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း စွမ်းအားပြည့် ဆက်လက်ကူညီဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စစ်တက္ကသိုလ် အောင်ဇေယျတပ်ရင်းရှိ ဘောလုံးအားကစားကွင်း၌ ပွဲကြည့်စင် တည်ဆောက်နေမှုနှင့် အားကစားရုံ တည်ဆောက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်အထည်ချုပ်စက်ရုံ(ပြင်ဦးလွင်)သို့ သွားရောက်၍ စက်ရုံအတွင်း စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အရည်အသွေးကောင်းမွန်သောအဝတ်အထည်များ ထုတ်လုပ်နိုင်ရေးမှာကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**(မြဝတီ)**

# ပရီမီယာလိဂ် ပွဲစဉ်(၂) အဲဗာတန်နှင့် မန်ယူအနိုင်ရ

အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၂) အဖြစ် ဆောက်သမ်တန်နှင့် အဲဗာတန်တို့ ဩဂုတ် ၁၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားရာ အဲဗာတန်က ဆောက်သမ်တန်ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အဲဗာတန်အတွက် ၂၂ မိနစ်နှင့် ၄၅ မိနစ်တွင် တိုက်စစ်မှူး လူကာကူက သွင်းယူပေးကာ ၈၄ မိနစ်တွင် ကွင်းလယ်ကစားသမား ဘာကလေက သွင်းယူပေးသည်။

အဲဗာတန်က နှစ်ပွဲကစား လေးမှတ်ရရှိပြီး ဆောက်သမ်တန်က တစ်မှတ်သာရရှိထားသည်။

ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ကစားခဲ့သည့် အက်စ်တွန်ဗီလာနှင့် မန်ယူတို့ပွဲတွင် မန်ယူက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး မန်ယူအတွက် အနိုင်ဂိုးကို ၂၉ မိနစ်တွင် ဂျာနူဇက်က သွင်းယူပေးသည်။ မန်ယူတို့က နှစ်ပွဲကစား နှစ်ပွဲအနိုင်ဖြင့် ခြောက်မှတ်ရရှိထားသည်။

အခြားပွဲစဉ်များအဖြစ် နော့စ်ဝှစ်ချ်က ဆန်းဒါးလန်းကို သုံးဂိုး-တစ်ဂိုး၊ ဆွမ်ဆီးက နယူးကာဆယ်ကို နှစ်ဂိုး-ဂိုးမရှိ၊ လက်စတာက ဝက်စ်ဟမ်းကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် နိုင်ပြီး စပါးနှင့် စတုတ်တို့ နှစ်ဂိုးစီသရေ၊ ဝက်ဖို့ဒ်နှင့် ဝက်စ်ဘရွန်းတို့ပွဲက ဂိုးမရှိသရေဖြစ်ခဲ့သည်။ **အောင်သီဟ**




**ဆောက်သမ်တန်နှင့် အဲဗာတန်တို့ပွဲတွင် အဲဗာတန်တိုက်စစ်မှူး လူကာကူ ခေါင်းတိုက်ဂိုးသွင်းယူစဉ်။**

# ဟံသာဝတီနှင့် ရန်ကုန်နိုင်

**ရန်ကုန် ဩဂုတ် ၁၅-** ၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၅ ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ဟံသာဝတီနှင့်ရန်ကုန်တို့ နိုင်ပွဲများရရှိခဲ့သည်။ သုဝဏ္ဏကွင်းပွဲစဉ်တွင် ဟံသာဝတီအသင်းက ဇေယျာရွှေမြေအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အနိုင်ဂိုးကို မိနစ် ၇၀ တွင် ဘမ်ဘာက သွင်းယူခဲ့သည်။ မနောမြေနှင့် ရန်ကုန်အသင်းတို့ပွဲတွင် ဆီဇာ၏သွင်းဂိုးဖြင့် ရန်ကုန်အသင်းက အနိုင်ရရှိခဲ့သည်။

ဒုတိယနေ့ပွဲစဉ်များကို ဩဂုတ် ၁၆ ရက် **(ယနေ့)** ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ရခိုင်နှင့် ဇွဲကပင်၊ ဗထူးကွင်း၌ ရတနာပုံနှင့် ချင်းယူနိုက်တက်၊ ပေါင်းလောင်းကွင်း၌ နေပြည်တော်နှင့်ကမ္ဘောဇတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

## ရေဘေးသင့်ဒေသရှိ ပြည်သူများအားကူညီ

**တန့်ယန်း ဩဂုတ် ၁၅**

မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့်ပြည်သူများအား ကူညီ ထောက်ပံ့လှူဒါန်းနိုင်ရန်အတွက် တန့်ယန်းမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူလျက် အလှူခံဌာနတစ်ခုကို ဩဂုတ် ၆ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

မြို့နယ်မှ အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့ တန့်ယန်းတပ်နယ်မိသားစု၊ မြို့နယ်/ ရပ်ကွက်/ ကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ အထောက်အကူပြုအဖွဲ့များ၊ ပြည်သူများနှင့် ဘာသာပေါင်းစုံ လူမှုထောက်ပံ့ရေးအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ရာ ငွေကျပ်သိန်း ၁၀၀၊ ဆန်အိတ် ၃၉ အိတ်၊ သောက်ရေသန့် ၂၉ ဖာနှင့် အဝတ်အထည်မျိုးစုံ အိတ်ပေါင်း ၂၀၀ တို့ကို အလှူခံရရှိခဲ့ပြီး အဆိုပါ ပစ္စည်းများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့မှတစ်ဆင့် ရေဘေးသင့် ဒေသများရှိ ပြည်သူများအား ပေးအပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းလွင်ဦး( ပြန်/ဆက်)**

**ရေလွှမ်းမိုးမှု**
**မတိုင်မီ**
**မိုးလေဝသ**
**သတင်းကို**
**အဆက်မပြတ်**
**နားထောင်ပါ**

❊ *ကျောဖုံးမှ*

ပထမပိုင်းပြီးချိန်ထိ ဘိုင်ယန်အသင်း တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ထားသည်။

ဒုတိယပိုင်း ၅၃ မိနစ်တွင် လီဝမ်ဒေါစကီးက ဘိုင်ယန်အတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး ၆၉ မိနစ်တွင် သောမတ်စ်မူလာက တတိယဂိုးသွင်းယူခဲ့သည်။ ဘိုင်ယန် အသင်းသည် သုံးဂိုးပြတ်အနိုင်ယူထားသော်လည်း ကစားအားမလျှော့ဘဲ ပွဲချိန် ၇၃ မိနစ်တွင် သောမတ်စ်မူလာက ဘိုင်ယန်အတွက် ထပ်မံသွင်းယူခဲ့သည်။ ပွဲချိန် ၈၇ မိနစ်တွင် အသစ်ဝယ်ယူထားသော ဒေါက်ကလပ်ကော်စတာက ဘိုင်ယန်အတွက် ငါးဂိုးမြောက်ဂိုးကို သွင်းယူပေးခဲ့သည်။ နည်းပြ ဂွာဒီယိုလာ တာဝန်ယူထားသော ဘိုင်ယန်အသင်း အဖွင့်ပွဲလှပခဲ့ပြီး ဇယားထိပ်တွင် ဦးဆောင်နေသည်။

**အခြားပွဲစဉ် အနိုင်/အရှုံး**

| | | |
|---|---|---|
| လေဗာကူဆင် | ၂-၁ | ဟော်ဖန်ဟိမ်း |
| အော့စ်ဘတ် | ၀-၁ | ဟာသာဘာလင် |
| ဝါဒါဘရီမင် | ၀-၃ | ရှော်လ်ကေး |
| မိန့်ဇ် | ၀-၁ | အင်ဂိုစတက် |
| ဒမ်စတက် | ၂-၂ | ဟန်နိုဗာ |

**သီဟ**

# မိုဘိုင်း ပထမမှသည်. . .

ရွှေနွယ်

ကမ္ဘာ့နိုင်ငံတိုင်းက တိုင်းပြည်၏ စီးပွားရေး တိုးတက် ဖွံ့ဖြိုးရန် ဘက်စုံထောင့်စုံမှ အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ရာ ဆက်သွယ်ရေးကဏ္ဍ၏ အရေးပါမှုကို ယခင်ခေတ်ကာလများကထက် ပို၍အလေးထားလာကြ၏။ ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးစေရန် အတွက် ဆောင်ရွက်ရာတွင် ပြည်တွင်းရှိ ငွေဖြင့် မလုံလောက်ကြ။ ထို့ကြောင့် နိုင်ငံခြားမှ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ကြရ၏။ ဤသို့နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) စီးဝင်ခြင်းသည် တိုက်ရိုက်အကျိုးသက်ရောက်မှုဖြစ်၏။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်လာခြင်းသည် အခွင့်အလမ်းကောင်းများစွာကို ဖော်ဆောင်ပေး၏။ ဆက်သွယ်ရေးကဏ္ဍ၌ လစာကောင်းကောင်းရရှိစေမည့် အလုပ်အကိုင် အခွင့်အလမ်းများကို ပေါ်စေ၏။ သတင်းအချက်အလက် နည်းပညာ ကျွမ်းကျင်သော လုပ်သားအင်အားထု အပေါ် ဝယ်လိုအား၊ အသုံးပြုလိုအား ပိုများလာ၏။

ဆက်သွယ်ရေးဈေးကွက်ကို နိုင်ငံပိုင်ဆက်သွယ်ရေးအော်ပရေတာ တစ်ဦးတည်းက လက်ဝါးကြီးအုပ်ချုပ်ကိုင်မထားဘဲ ဈေးကွက်၌ ပြိုင်ဆိုင်မှုရှိလာစေအောင် ဆောင်ရွက်ခြင်းကြောင့် သုံးစွဲသူများအနေဖြင့် နှစ်သက်ရာ ဆက်သွယ်ရေးအော်ပရေတာ၏ ဝန်ဆောင်မှုကို ရွေးချယ်သုံးစွဲပိုင်ခွင့် ရှိလာသည်။ ထို့ပြင် မိုဘိုင်းဖုန်းဆိုင်၊ မိုဘိုင်းဖုန်း ငွေဖြည့်ကတ် ရောင်းဝယ်သူများ၊ Sim Card ရောင်းဝယ်သူများ၊ မိုဘိုင်းဖုန်း ပြုပြင်သူများ၊ ကြော်ငြာလုပ်ငန်းဆောင်ရွက်သူများ စသည်ဖြင့် အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေးအခွင့်အလမ်းများသည် ဆက်သွယ်ရေးကွန်ရက်ဖြန့်ကြက်ထားနိုင်သည့် ဒေသတိုင်း၌ ပေါ်ပေါက်လာသည်။ စားသုံးသူကိုလည်း ယခင်ကထက် ပို၍ ဂရုစိုက်အလေးပေးလာသည်။

လွန်းခြင်းပင် ဖြစ်သည်။

သတ္တမစိန်ခေါ်ချက်မှာ ဆက်သွယ်ရေးကဏ္ဍကို နိုင်ငံတော်ကသာ လုပ်ကိုင်ခွင့်ရထားသဖြင့် ပုဂ္ဂလိက အနေဖြင့် မိုဘိုင်းဆက်သွယ်ရေး ကွန်ရက်တိုးချဲ့ခွင့် မရှိခြင်းပင် ဖြစ်သည်။

ထိရောက်ကောင်းမွန် အောင်မြင်သော ဆက်သွယ်ရေး ကဏ္ဍတစ်ခုဖြစ်ပေါ်လာရန်အတွက် ဆက်သွယ်ရေး အော်ပရေတာများနှင့် အစိုးရဘက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ရိုးသားပြီး စွမ်းဆောင်ရည်ရှိသော စီမံခန့်ခွဲမှု စနစ်တစ်ရပ်ရှိရန် လိုအပ်ပါသည်။ ထို့ပြင် ဆက်သွယ်ရေးကဏ္ဍကို ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများဖြင့် စီမံ ဆောင်ရွက်မည့် အဖွဲ့အစည်းကလည်း တယ်လီဖုန်း သုံးစွဲသူ ပြည်သူလူထု၏ အကျိုးစီးပွားကို ကာကွယ်ပေးရန်နှင့် သုံးစွဲသူတို့ ပေးရသောငွေနှင့် ညီမျှသည့် ဝန်ဆောင်မှု တန်ဖိုးပေးနိုင်ရေးအတွက် ကြီးကြပ်ပေးရပါမည်။

ဆက်သွယ်ရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံခြင်းသည် စီးပွားရေးတိုးတက်မှုရရှိစေရန် မောင်းနှင်အား တစ်ခု ဖြစ်ပါသည်။ သို့သော် ဤအရာ တစ်ခုတည်းဖြင့် မလုံလောက်ပါ။ တိုင်းပြည်၏ သယံဇာတများ ၊ စွမ်းပကားများကို စီးပွားရေး အဆောက်အအုံ၌ ထည့်သွင်း အသုံးပြုသည်မှာ လက်ခံနိုင်စရာအချက် ဖြစ်သော်လည်း ဆက်သွယ်ရေး ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှု နည်းပါးခြင်းသည် စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုကို ဟန့်တားစေနိုင်ပါသည်။ အခြား အရေးကြီးသော အချက်တစ်ခုမှာ ဆက်သွယ်ရေးကဏ္ဍအတွက် ချမှတ်မည့် မူဝါဒများသည် ပွင့်လင်းမြင်သာပြီး တည်ငြိမ် (Stable) ရန် လိုအပ်ပါသည်။ ချမှတ်ထားသော မူဝါဒများနှင့် နည်းဥပဒေများ ပွင့်လင်းပြီး တည်ငြိမ်မှသာလျှင် ဈေးကွက်ပြိုင်ဆိုင်မှုကို အားပေးသော ပတ်ဝန်းကျင်တစ်ခု

**“ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးမှုသည် ကျန်စီးပွားရေးကဏ္ဍများ၏ တိုးတက်ဖွံ့ဖြိုးမှုကိုလည်း များစွာအထောက်အကူပြုပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှု၌ ဆက်သွယ်ရေးကဏ္ဍသည် ထာဝစဉ် တက်ကြွစွာ ကူညီဆောင်ရွက်နိုင်စွမ်းရှိ”**

**စိန်ခေါ်ချက်များ**

ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးမှုသည် ကျန်စီးပွားရေးကဏ္ဍများ၏ တိုးတက်ဖွံ့ဖြိုးမှုကိုလည်း များစွာ အထောက်အကူပြုပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး တိုးတက်ဖွံ့ဖြိုးမှု၌ ဆက်သွယ်ရေးကဏ္ဍသည် ထာဝစဉ် တက်ကြွစွာ ကူညီဆောင်ရွက်နိုင်စွမ်းရှိပါသည်။

သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆက်သွယ်ရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်မှုဖြစ်စဉ်၌ စိန်ခေါ်ချက် အချို့ကိုလည်း ရင်ဆိုင်ကြရပါသည်။

ပထမစိန်ခေါ်ချက်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်ဒေသများတွင် ဆက်သွယ်ရေးကွန်ရက် မရောက်ရှိနိုင်သဖြင့် တယ်လီဖုန်းသိပ်သည်းဆ နိမ့်ကျနေခြင်း သို့မဟုတ် တယ်လီဖုန်းသုံးစွဲသူနည်းပါးခြင်း ဖြစ်ပါသည်။

ဒုတိယစိန်ခေါ်ချက်မှာ ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုအရည်အသွေး နိမ့်ကျနေခြင်း ဖြစ်ပါသည်။

တတိယစိန်ခေါ်ချက်မှာ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ပါက ဆက်သွယ်ရေးဆိုင်ရာ အခြေခံ အဆောက်အအုံ မပြည့်စုံမှုကြောင့် အရေးပေါ်အခြေအနေ၌ အချိန်နှင့်တစ်ပြေးညီ အရန်ဆက်သွယ်ရေး ကွန်ရက်ကို ထူထောင်ရန် ခက်ခဲခြင်းဖြစ်ပါသည်။

စတုတ္ထစိန်ခေါ်ချက်မှာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကဏ္ဍ၌ ကျွမ်းကျင်ဝန်ထမ်း ရှားပါးခြင်းပင် ဖြစ်ပါသည်။

ပဉ္စမစိန်ခေါ်ချက်မှာ ဆက်သွယ်ရေးကဏ္ဍတွင် သုတေသနနှင့် ဖွံ့ဖြိုးမှု ( Research and Development ) လုပ်ငန်းများ နည်းပါးခြင်းဖြစ်၏။ ထို့ကြောင့် ဆက်သွယ်ရေးဆိုင်ရာ စက်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများကို ပြည်တွင်းတွင် မထုတ်လုပ်နိုင်ဘဲ နိုင်ငံခြားမှ အလုံးအရင်းဖြင့် မှာယူတင်သွင်းရသဖြင့် တိုင်းပြည်၏ နိုင်ငံခြားဝင်ငွေ နစ်နာရသည်။ ထို့အပြင် ဆက်သွယ်ရေး အော်ပရေတာများ၊ စက်မှုလုပ်ငန်းနှင့် တက္ကသိုလ်များ အကြားတွင်လည်း သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ အတွက် ညှိနှိုင်းဆောင်ရွက်မှု အားနည်းသည်ကို တွေ့ရ၏။

ဆဋ္ဌမစိန်ခေါ်ချက်မှာ Broadband တွင်ကျယ်စွာ အသုံးမပြုနိုင်ခြင်းနှင့် Broadband သုံးစွဲခ ဈေးကြီးမြင့်

ပေါ်ပေါက်လာပြီး ဆက်သွယ်ရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ တည်ဆောက်ရေးအတွက် လိုအပ်မည့် အရင်းအနှီးများ စီးဝင်လာနိုင်ပါသည်။

မြန်မာနိုင်ငံ၏ လူဦးရေ ၅၁ သန်းကျော် အနက် ၅၇ ရာခိုင်နှုန်းမှာ ယခုအခါ တယ်လီဖုန်း သုံးစွဲနေကြပြီဖြစ်ပါသည်။ ကျန်သောသူများအတွက်လည်း ဆက်သွယ်ရေး အော်ပရေတာများက အပြိုင်ဈေးကွက်ဝေစုလုနေကြမည်မှာ သေချာပါသည်။ မြန်မာနိုင်ငံသည် မိုဘိုင်းဈေးကွက် အတွက် အလားအလာ များစွာရှိသော အပျိုစင်ဈေးကွက် ဖြစ်သည်ဟု တင်စားကြသည်။

ဆက်သွယ်ရေးကဏ္ဍ၌ ပြိုင်ဆိုင်မှုရှိခြင်းကြောင့် နိုင်ငံ၏ ဆက်သွယ်ရေးကွန်ရက် ဖြန့်ကြက်နိုင်မှု ပိုမိုကျယ်ပြန့်လာသည်။ ဆက်သွယ်ရေးကွန်ရက် ကျယ်ပြန့်မှုကြောင့် နိုင်ငံတွင်းရှိ ဒေသအများစုနေ ပြည်သူတို့မှာ ဆက်သွယ်ရေး၏ အသီးအပွင့်များကို ခံစားခွင့် ရရှိလာကြသည်။ ဆက်သွယ်ရေးဆိုင်ရာ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် (Efficiency) ပိုမိုမြင့်မားလာသည်။ တစ်ချိန်တစ်ခါက သုံးချင်ပါလျက် သုံးစွဲခွင့် မရခဲ့သည့် ပြည်သူများ၏ ဝယ်လိုအားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်လာသည်။

**ဆက်သွယ်ရေးကဏ္ဍပြုပြင်ပြောင်းလဲရေး မူဝါဒ၏ အဓိက ဗဟိုချက်**

ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးမူဝါဒ၏ အဓိကဗဟိုချက်မှာ အချက်သုံးချက်အပေါ်တွင် မူတည်သည်။ ပထမအချက်မှာ ဆက်သွယ်ရေးကဏ္ဍအား နိုင်ငံတော်က လက်ဝါးကြီးအုပ်ထားသော အခြေအနေမှ ဈေးကွက်အတွင်း ပြိုင်ဆိုင်မှုရှိအောင် ဖန်တီးပေးရေးပင် ဖြစ်၏။ ဒုတိယအချက်မှာ နိုင်ငံပိုင်ဆက်သွယ်ရေး အော်ပရေတာအား ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း (Privatization) ဖြစ်၏။ တတိယအချက်မှာ ဥပဒေ၊ နည်းဥပဒေ တို့ဖြင့် ထိန်းကျောင်းသည့် ဆက်သွယ်ရေးအာဏာပိုင် အဖွဲ့အစည်းအား နည်းပညာအရ လွတ်လပ်စွာဆောင်ရွက်နိုင်သော အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းတည်ထောင်ရေးနှင့် ဆက်သွယ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲရေးပင်ဖြစ်၏။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် အလားအလာများစွာရှိသော ကဏ္ဍဖြစ်ပါသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအနေဖြင့် ဤကဏ္ဍကို ဟန်ချက်ညီစွာ တိုးတက်ဖွံ့ဖြိုးရေးအတွက် မူဝါဒများနှင့် ဖွဲ့စည်းမှု မူဘောင်များကို ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဈေးကွက်ပြိုင်ဆိုင်မှုကို ဖော်ဆောင်ပေးခဲ့ပြီး ဖြစ်ပါသည်။ ဤမူဝါဒ၏ အဓိက ရည်မှန်းချက်များမှာ ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေး တိုးတက်မြင့်မားစေရန်၊ မြို့ပြနှင့် ကျေးလက်ဒေသ နှစ်ရပ်လုံးတွင် ချိုသာသော ဈေးနှုန်းများဖြင့် ပြည်သူလူထုသို့ ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်နှင့် သုံးစွဲသူပြည်သူများနှင့် လုပ်ငန်းရှင်များက စိတ်ကြိုက် ရွေးချယ်နိုင်ခွင့်ရှိသည့် ကောင်းမွန်သော ဆက်သွယ်ရေး ဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရန်တို့ ဖြစ်ပါသည်။

ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးပြုလုပ်ရာ၌ ဖွံ့ဖြိုးဆဲနိုင်ငံအများစုက အလုံးစုံဖြေလျှော့ပေးမှု (Complete Liberalization) ကို စိတ်ပါလက်ပါ ဆောင်ရွက်ပေးလိုစိတ် မရှိခဲ့ကြပေ။ နိုင်ငံအများစု ဆောင်ရွက်ခဲ့သည့် ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုမှာ ဖြည်းဖြည်းနှင့်မှန်မှန် ပြုပြင်ပြောင်းလဲသည့် ဖြစ်စဉ် (Gradual Reform Process) ပင်ဖြစ်၏။ ဤသို့သော ဖြည်းဖြည်းနှင့်မှန်မှန် ပြုပြင်ပြောင်းလဲသည့် ဖြစ်စဉ်၌ နိုင်ငံပိုင်ဆက်သွယ်ရေး အော်ပရေတာကို ပုဂ္ဂလိကပိုင် အဖွဲ့အစည်းအဖြစ် ဦးစွာပြောင်းလဲသည်။ ဈေးကွက်၌ နိုင်ငံပိုင်ဆက်သွယ်ရေးအော်ပရေတာ ကောင်းစွာ ခြေကုပ်ရပြီးနောက် ဆက်သွယ်ရေးဈေးကွက်ကို ပြိုင်ဆိုင်မှုရှိသော ဈေးကွက်တစ်ခုအဖြစ် အသွင်ပြောင်းသည်။ အဆိုပါကိစ္စများ ဆောင်ရွက်ပြီးပါက ဆက်သွယ်ရေးကဏ္ဍအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်း စည်းကမ်းများဖြင့် ထိန်းကျောင်းမည့် အဖွဲ့အစည်းကို နည်းပညာအရ လွတ်လပ်စွာ ဆောင်ရွက်နိုင်သောအဖွဲ့အစည်း ဖြစ်အောင် တည်ထောင်ခြင်းသည် နောက်ဆုံးမှဆောင်ရွက်သည့်ကိစ္စဖြစ်၏။ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး ကဏ္ဍ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်ကို သုံးသပ်ကြည့်လျှင် နိုင်ငံပိုင်ဆက်သွယ်ရေးအော်ပရေတာက ဆက်သွယ်ရေး ဈေးကွက်၌ ကောင်းစွာအခြေမခိုင်သေးသလို ပုဂ္ဂလိကပိုင်အဖွဲ့အစည်းအဖြစ်လည်း အသွင်မပြောင်းရသေးပေ။ ထိုအခြေအနေ၌ ဆက်သွယ်ရေးဈေးကွက်ကို ပြိုင်ဆိုင်မှုရှိသော ဈေးကွက်တစ်ခုအဖြစ် အသွင်ပြောင်းခဲ့ခြင်းဖြစ်၏။


Deloitte Consulting အဖွဲ့၏ ၂၀၁၂ ခုနှစ်က ထုတ်ဝေခဲ့သော " What is the impact of mobile telephony on economic growth " အစီရင်ခံစာအရ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိုဘိုင်းဖုန်းဖြင့် Data အသုံးပြုမှု နှစ်ဆ တိုးလာခြင်းသည် တစ်ဦးကျ စုစုပေါင်း ပြည်တွင်းထုတ်ကုန် ( Per Capita Gross Domestic Product - GDP ) ကို ၀ ဒသမ ၅ ရာခိုင်နှုန်း တိုးစေသည်။ (တစ်ဦးကျ စုစုပေါင်း ပြည်တွင်းထုတ်ကုန် ( Per Capita Gross Domestic Product - GDP) ကို တစ်ဦးကျ ဝင်ငွေ ဟုလည်း ခေါ်ဆိုကြသည်။) ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မိုဘိုင်းဖုန်းသုံးစွဲမှု ၁၀ ရာခိုင်နှုန်း တိုးလာခြင်းသည် တိုင်းပြည်၏ သွင်းအားစု စုစုပေါင်း၏ ကုန်ထုတ်စွမ်းရည် ( Total Factor Productivity ) ကို ၄ ဒသမ ၂ ရာခိုင်နှုန်းတိုးစေသည်။ အင်ဒိုနီးရှားနိုင်ငံ၌ 2G စနစ် မိုဘိုင်းဖုန်းဖြင့်သုံးနေရာမှ မိုဘိုင်းဖုန်းများဖြင့် 3G စနစ်ကို ပြောင်းသုံးသူ ၁၀ ရာခိုင်နှုန်း တိုးလာခြင်းသည် တစ်ဦးကျဝင်ငွေ (Per Capita GDP) ကို ၁ ဒသမ ၅ ရာခိုင်နှုန်းတိုးစေကြောင်း တွေ့ရ၏။ တူရကီနိုင်ငံတွင် 3G စနစ်အသုံးပြုမှု ၁၀ ရာခိုင်နှုန်း တိုးလာခြင်းသည် တစ်ဦးကျ ဝင်ငွေကို ၀ ဒသမ ၆ ရာခိုင်နှုန်း တိုးစေသည်။ အမေရိကန်နိုင်ငံတွင် 3G အသုံးပြုမှု ၁၀ ရာခိုင်နှုန်း တိုးလာခြင်းသည် တစ်ဦးကျဝင်ငွေကို ၀ ဒသမ ၄ ရာခိုင်နှုန်းတိုးစေကြောင်း တွေ့ရ၏။ နိုင်ဂျီးရီးယားနိုင်ငံတွင် GSM မိုဘိုင်းဖုန်းကို အသုံးပြုမှုကြောင့် ကုန်ထွက် ၁၇ ရာခိုင်နှုန်းမျှ တိုးတက်ခဲ့သည်။

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍသည် နှစ်ပေါင်း တစ်ရာကျော်မျှ တည်ရှိခဲ့သော်လည်း ၂၀၁၃ ခုနှစ် နောက်ပိုင်းမှစ၍ အရှိန်အဟုန်ပြင်းစွာဖြင့် တိုးတက်ဖြစ်ပေါ်ခဲ့သည်။ လူအများစုသည် မိုဘိုင်းဖုန်းဖြင့် ဆက်သွယ်ပြောဆိုနိုင်သည့် အခွင့်အလမ်းများရလာကြပြီး ပြည်သူများအတွက် ကမ္ဘာသစ်တစ်ခုပေါ်ပေါက်လာခဲ့ကြသည်။ ၂၀၁၃ ခုနှစ် ပတ်ဝန်းကျင်က တယ်လီဖုန်း သိပ်သည်းဆမှာ ၁၀ ရာခိုင်နှုန်းခန့်မျှသာရှိသော်လည်း ယခုအခါ ၅၇ ရာခိုင်နှုန်းကျော်မျှ ရှိနေပြီဖြစ်၏။ ထိုနည်းတူ မိုဘိုင်းဖုန်း သုံးစွဲသူအများစု ( ၆၀ ရာခိုင်နှုန်း - ၇၀ ရာခိုင်နှုန်းခန့် ) သည် စမတ်ဖုန်းများကို သုံးလာကြ၏။ အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆက်သွယ်ရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးမှုဖြစ်စဉ် အစပိုင်း၌ စမတ်ဖုန်းသုံးစွဲသူ ရာခိုင်နှုန်း ဤမျှလောက် မများပြားခဲ့ပေ။ ထို့အပြင် မိုဘိုင်း ဖုန်းသုံးသူအများစုက အင်တာနက်ဖြင့် ချိတ်ဆက်ကာ အသုံးပြုနေကြသည်။ သုတေသနပြုချက်တစ်ခုအရ မိုဘိုင်းအင်တာနက် သုံးသူတစ်ဦး၏ အချက်အလက် ဆွဲယူသုံးစွဲနှုန်းမှာ တစ်လလျှင် ၅၀၀ Mbps ရှိသည်ကို တွေ့ရ၏။

အခြားသော ထူးခြားချက်တစ်ခုမှာ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍအတွင်း ပြည်ပမှ တိုက်ရိုက် ရင်းနှီးမြှုပ်နှံသည့် ဆက်သွယ်ရေးအော်ပရေတာများ အောင်မြင်မှုလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ခြင်း ဖြစ်သည်။ ဥပမာအားဖြင့် Telenor ၌ မိုဘိုင်းဖုန်းသုံးစွဲသူ ၈ ဒသမ ၅ သန်းမျှရှိပြီး Ooredoo ၌ မိုဘိုင်းဖုန်းသုံးစွဲသူ ၃ ဒသမ ၇ သန်းမျှရှိနေ၏။ စီးပွားရေးလုပ်ငန်းတစ်ခုတွင် သုံးစွဲသူ ဖောက်သည် သန်းနှင့်ချီ၍ ရနိုင်သော စီးပွားရေး လုပ်ငန်းမျိုးမှာရှားပါး၏။ နိုင်ငံခြားဆက်သွယ်ရေး အော်ပရေတာနှစ်ဦးသည် ထိုရှားပါးသော စီးပွားရေး အခွင့်အလမ်းကို ရရှိနေကြ၏။ ဤအချက်သည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန် တွန်းအားသဖွယ်ဖြစ်၏။ ထို့အပြင် နိုင်ငံခြား ဆက်သွယ်ရေး အော်ပရေတာနှစ်ဦးသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုပမာဏ ကြီးမားသည်ဖြစ်ရာ ကာလလတ်တစ်ခုကို ဖြတ်ကျော်ပြီးမှသာ ထည့်ဝင်ထားသော ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာသော ပြန်ရချက် (Return) ကို ရရှိနိုင်မည်ဟု သိရပါသည်။

ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံခြင်းက နိုင်ငံ၏ စီးပွားရေးလုပ်ဆောင်ချက် (Economic Activities) များကို ပိုမိုအားကောင်းလာစေသလို ထိုသို့အားကောင်းလာရာမှတစ်ဆင့် ဆက်သွယ်ရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုကိုလည်း ပိုမိုမြင့်မားလာစေသောကြောင့် ထိုအချက်နှစ်ချက်သည် အပြန်အလှန်အကျိုးပြုနေကြကြောင်း တွေ့ရပါသည်။ *(ဆက်လက်ဖော်ပြပါမည်)*

ဂရပ် ( ၁ ) - တယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ထားရှိမှု အခြေအနေ



# ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်း



**ရန်ကုန်  ဩဂုတ်  ၁၅**

ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ် ဘေးဒုက္ခကယ်ဆယ်ရေးစုပေါင်းကော်မတီ(ရန်ကုန်)တို့ပူးပေါင်း၍ ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ရန် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစံရွှေအောင်က ရခိုင်ပြည်နယ် ရေဘေးသင့်ဒေသများ၏ အခြေအနေနှင့် ထောက်ပံ့မှုအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင် ဒေါ်ပိုးဖြူ သမီး မပိုးဝတ်ရည်အောင်ကြီးနှင့် ကိုမိုးကျော်ရွှင်တို့က ရခိုင်ပြည်နယ် မင်းပြားနှင့်မြောက်ဦးဒေသရှိ ရေဘေးသင့်ပြည်သူများသို့ ကူညီထောက်ပံ့နိုင်ရန် ငွေကျပ်သိန်း ၁၀၀၀ ကို နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစံရွှေအောင်ထံ ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ရခိုင်ပြည်နယ် ရေဘေးသင့်ပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

# ရေဘေးသင့်သံဃာတော်များနှင့် ပြည်သူများအတွက် သင်္ကန်းနှင့် ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ရန်ကုန်  ဩဂုတ်  ၁၅**

ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်း သာယာဝတီခရိုင်သုံးဆယ်မြို့နယ် ရွာမကျေးရွာရှိ ရွာမလေသာကျောင်းတိုက်၌ ဝါဆိုဝါကပ်တော်မူကြသည့် ရေဘေးသင့်သံဃာတော်များနှင့် ကျောင်းတိုက်အတွင်း ခေတ္တတည်းခိုနေထိုင်ကြသည့် ရွာမကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို လှူဒါန်းထောက်ပံ့နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်(၁၄၇)လမ်း မိသားစုများနှင့် အလှူရှင်များက စုပေါင်းလှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် သွားရောက်ကြကာ ရွာမလေသာကျောင်းတိုက် ပဓာနနာယကဆရာတော် ကျေးရွာသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ ခေမာစာရထံ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ရေဘေးသင့် သံဃာတော်များနှင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများမှာ ငွေကျပ် ၁၂ သိန်း၊ ဒွိစုံသင်္ကန်း ၄၃ စုံ၊ တစ်တင်းခွဲဝင်ဆန် ၃၂ အိတ်၊ တစ်လီတာဝင် ၆ လုံးကတ်ပါ ရေသန့်ဘူး ကတ် ၁၅၀၊ ရေသန့်ဘူးကြီး အလုံး ၅၀၊ ခါတ်ဆားထုပ် ၁၈ ပါကင်နှင့် လူသုံးပစ္စည်း တစ်ထုပ်လျှင် ပစ္စည်း ၁၂ မျိုးစီပါ အိမ်ထောင်စု ၂၅၀ အတွက် လူသုံးပစ္စည်း အထုပ် ၂၅၀ တို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကိုချစ်**

# ရေဘေးသင့်ပြည်သူများအား အလှူငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

**ညောင်တုန်း  ဩဂုတ်  ၁၅**

ညောင်တုန်းမြို့ ရေဘေးသင့်ပြည်သူများအား ကူညီစောင့်ရှောက်ရန် Milky Way Outdoor Advertising မိသားစုနှင့် အလှူရှင်များအဖွဲ့သည် ကျေးရွာများအရောက် စားသောက်ကုန်၊ လူသုံးကုန်များ လှူဒါန်းခြင်း၊ ကျွမ်းကျင်ပညာရှင်သမားတော်ကြီးများ လိုက်ပါ၍ ဆေးဝါးကုသ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအပြင်၊ စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်လန်းဆန်းစေနိုင်ရေးအတွက် အနုပညာရှင်များက ဖျော်ဖြေခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြောင်း သိရှိရသည်။

ကျေးရွာရှိ ရေဘေးသင့်ပြည်သူ ဦးဝင်းအောင်က "ကျွန်တော့်အိမ် ရေမြုပ်တယ်။ မိသားစု ခြောက်ယောက်ရှိတယ်။ အခု ဆင့်ထိုးပြီးနေတယ်၊ နေ့စဉ်အလှူရှင်တွေနဲ့ တာဝန်ရှိတဲ့အဖွဲ့တွေက လာလှူကြလို့ အဆင်ပြေတယ်။ အခု ကျန်းမာရေးပါကုသပေးပြီး စိတ်ပင်ပန်းနေတာကို သက်သာအောင် ဖျော်ဖြေပေးတဲ့အတွက် စိတ်အမောပြေပါတယ်" ဟု အလှူရှင်များအား ပြောကြားကြောင်း သိရသည်။

ညောင်တုန်းမြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးကွပ်ကဲမှုရုံးသို့ နေ့စဉ်အလှူရှင်များ လာရောက်လှူဒါန်းလျက်ရှိရာ ကွပ်ကဲရေးမှူးရုံးမှ အလှူရှင်များအား ရေဘေးသင့်ကျေးရွာများအရောက် ကိုယ်တိုင်လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ညောင်တုန်းမြို့နယ်သဘာဝဘေးအန္တရာယ်ကာကွယ်ရေးရုံးဖွင့်လှစ်ရာ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက လာရောက်လှူဒါန်းသည့် အလှူရှင်များအား အခက်အခဲမရှိ လှူဒါန်းနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ညောင်တုန်းမြို့နယ်တွင် ဩဂုတ် ၁၅ ရက်အထိ လာရောက်လှူဒါန်းသည့် အလှူရှင်အဖွဲ့ပေါင်း ၂၂၇ ဖွဲ့ရှိပြီး ငွေသားလှူဒါန်းငွေကျပ် ၅၀၉၁၀၀၀၀၊ ပစ္စည်းတန်ဖိုး လှူဒါန်းငွေ ၅၀၄၇၉၄၁၂၀ ဖြစ်ကြောင်း သိရှိရသည်။

ညောင်တုန်းမြို့နယ်တွင် ကွင်းရေတိုးမှုကြောင့် တာအပြင်ဘက်တွင် နေထိုင်သည့် ကျေးရွာများမှ နေအိမ်များ ရေမြုပ်လျက်ရှိသည်။ ရေနစ်မြုပ်သည့် ကျေးရွာများသို့ မြို့နယ်သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကွပ်ကဲရေးအဖွဲ့မှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး ခေါင်းဆောင်သောအဖွဲ့သည် စေတနာရှင်ပြည်သူများ လာရောက်လှူဒါန်းထားသည့် စားသောက်ကုန်၊ လူသုံးကုန်၊ အဝတ်အထည်များအား ရေနစ်မြုပ်ပြည်သူများထံ အရောက်သွား၍ လှူဒါန်းခြင်း၊ ကျန်းမာရေး စောင့်ရှောက်ခြင်း၊ နေထိုင်မှုအဆင်ပြေရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။



ယနေ့ နံနက် ၉ နာရီ တိုင်းထွာချက်အရ ညောင်တုန်းမြစ်ရေသည် ၂၂ ပေသို့ ဆက်လက်ကျဆင်းသွားကြောင်း သိရှိရသည်။ **(မအူပင်ခရိုင် ပြန်/ဆက်)**

# ရေကြီးနစ်မြုပ် ပျက်စီးရထားလမ်းပိုင်းများ ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  ဩဂုတ်  ၁၅**

မြန်မာ့မီးရထား တိုင်းအမှတ်(၉) ပုသိမ်-ဟင်္သာတ-ကြံခင်းလမ်းပိုင်း၊ ရေကြည်-ဇရပ်လှကြား မိုင်(၁၃၉/၁၀-၁၂)တွင် သံလမ်းပေါ် ရေ ၅ ဒသမ ၅ လက်မကျော်နေသဖြင့် ဩဂုတ် ၁၄ ရက် နံနက် ၇ နာရီက ပိတ်ထားခဲ့သည်။ လမ်းပိုင်းပိတ်ထားသည့်အတွက် အမှတ်(၁၈၁) အဆန်/ (၁၈၂)အစုန် ရထားအား ဟင်္သာတ-ကြံခင်း ခရီးစဉ်ကိုလည်းကောင်း၊ အမှတ် (၁၈၅)အဆန်/(၁၈၆)အစုန်ရထားအား ဇရပ်လှ-ဟင်္သာတ-ကြံခင်း ခရီးစဉ်ကိုလည်းကောင်း၊ အမှတ်(၁၈၇)အဆန်/(၁၈၈)အစုန် ရထားအား ဇရပ်လှ-ဟင်္သာတခရီးစဉ်ကိုလည်းကောင်း ပြေးဆွဲပေးမည်ဖြစ်သည်။

တိုင်းအမှတ်(၂) မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၊ ကံကြီး-ဇော်ချောင်းကြား မိုင် (၅၂၀/၂၂-၂၃)၊ တံတား(၂၈၁)တွင် ရထားအမှတ်(၅၁၄)အစုန်၊ (၈၁၀)အစုန်၊ (၄၈)အစုန်နှင့် (၃၂၃)အစုန်ရထားများဖြင့် စမ်းသပ်မောင်းနှင်ရာ ဘေလီမှာ ငြိမ်လျက်ရှိပြီး A2 ဘက်တွင် ကွန်ကရစ်ဘလောက်တုံး ၃၃ တုံး DOWN STREAM အထိုင်ချပြီးဖြစ်သည်။ A1 မြစ်ကြီးနားဘက်ခြမ်းတွင် ဘေလီနှင့် LST အထိုင်များ စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ကွန်ကရစ်ဘလောက်တုံး ၆၀ နောက်ထပ် အထိုင်ချပြီးပါကလမ်းပိုင်း ပြန်လည် ဖွင့်လှစ်နိုင်မည်ဖြစ်သည်။

တိုင်းအမှတ်(၁၀) ပခုက္ကူ-ကျော လမ်းပိုင်း၊ ကျောသာ-ဝါးပင်ကြား မိုင် (၅၇၂/၃-၅) တွင် သံလမ်းများ အစားထိုးလဲလှယ်ပြီး ဩဂုတ် ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် လမ်းပိုင်း ဖွင့်လှစ်ပေးခဲ့၍ ရထားများ ပုံမှန်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မုတ်သုံလေအားအသင့်အတင့်ရှိမည်

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော်  ဩဂုတ်  ၁၅

**မြန်မာနိုင်ငံတစ်ဝန်း၌ ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၉ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၅. ၀၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၅. ၀၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၁. ၉၃' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၁၀' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၆။ | ကင်းတပ်ရေထိန်းတမံ | ၃၈၂၉၅ | ၅. ၂၀' |
| ၇။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၀. ၅၀' |
| ၈။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၁. ၄၀' |
| ၉။ | ကိုးပင်ကန် | ၉၇၆၄ | ၂. ၃၀' |
| ၁၀။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၉၀' |
| ၁၁။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၉၀' |
| ၁၂။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၂၀' |
| ၁၃။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၁. ၀၀' |
| ၁၄။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၇၀' |
| ၁၅။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၇၀' |
| ၁၆။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၂. ၂၀' |
| ၁၇။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၉၀' |
| ၁၈။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၁၉။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၄၀' |
| ၂၀။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၇၀' |
| ၂၁။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၂၂။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၉၀' |
| ၂၃။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၁၀' |
| ၂၄။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၂. ၃၀' |
| ၂၅။ | စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၂၀' |
| ၂၆။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၁. ၀၀' |
| ၂၇။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၀' |
| ၂၈။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၂၀' |
| ၂၉။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၄၀' |
| ၃၀။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၆၀' |
| ၃၁။ | မာလဲနတ်တောင် ရေလှောင်တမံ | ၅၀၉၇၀ | ၂. ၅၀' |
| ၃၂။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၃၀' |
| ၃၃။ | လွန်ငင်ရေလှောင်တမံ | ၃၂၅ | ၀. ၁၀' |
| ၃၄။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၃၅။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၇၀' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၅၀' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၂၅' |
| ၃၉။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၉၀' |

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၁၅ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၅ ရက်အထိ တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၃၄၉၂၇၃ စုမှ လူဦးရေ ၁၆၁၅၃၃၅ ဦး ရေဘေးသင့်ခဲ့ပြီး ၁၁၀ သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၉၃၇၆၈၇၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်း တန်ဖိုး ငွေကျပ် ၁၄၉၈၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုး ငွေကျပ် ၃၀၇၈၅၂၉၂၈ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၉၀၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၅၇၅၇၁၅၉၀၈ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

**(သတင်းစဉ်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ

၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၅-၈-၂၀၁၅)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| **ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီ | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီ | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅ | ပဲခူး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **ပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| **ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၁၅ ရက်နေ့အထိ** | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၆၈၅ | ၆၅၉၆၀ | ၄၄၄၂၉၄ | ၁၄ | ၃၉၈၇၃၁၅၀ | - | ၁၇၅၀၀၀၀ | ၃၈၂၇၅၅၀၀ | ၁၀၀၀၀၀၀ | ၈၀၈၉၈၆၅၀ | |
| ၂ | ကချင်ပြည်နယ် | ၅၀ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၀၃ | ၁၄၆၂ | ၇၅၀၆ | ၉ | - | - | - | ၅၁၀၀၅၂၂ | ၅၀၀၀၀၀ | ၅၆၀၀၅၂၂ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၉၉ | ၃၆၈၈ | ၁၅၃၆၂ | ၁၁ | ၉၄၃၆၇၀၀ | - | ၄၉၀၀၀၀၀ | ၂၈၁၉၂၄၀၄ | ၁၁၀၀၀၀၀ | ၄၃၆၂၉၁၀၄ | |
| ၅ | ချင်းပြည်နယ် | ၂၃၀၆ | ၂၈၅၆ | ၁၄၁၉၂ | ၅ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ | |
| ၇ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၇၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၁၃၀ | ၄၄၉၅၆ | ၁၇၇၁၉၇ | ၂ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၁ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁ | ဧရာဝတီတိုင်းဒေသကြီး | ၃၄၁၁ | ၁၂၀၁၂ | ၄၅၂၇၀၈ | ၃ | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၆၀၉၀ | ၆၂၉၁၇ | - | ၁၆၆၅၀ | - | - | ၁၅၄၆၃၂၆၀ | - | ၁၅၄၇၉၉၁၀ | |
| | **စုစုပေါင်း** | **၁၅၆၉၀** | **၃၃၁၀၃၂** | **၁၆၀၀၄၂၄** | **၁၀၃** | **၉၀၂၂၁၄၀၀** | **၁၁၄၅၁၄၅၀** | **၁၀၉၅၅၀၀၀၀** | **၂၉၂၁၄၇၃၄၈** | **၈၃၀၀၀၀၀** | **၅၁၁၆၇၀၁၉၈** | |
| | **ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ စုစုပေါင်း** | **၁၆၀၉၅** | **၃၃၃၁၇၈** | **၁၆၁၅၃၃၅** | **၁၁၀** | **၉၃၇၆၈၇၅၀** | **၁၅၂၄၄၂၃၀** | **၁၄၉၈၅၀၀၀၀** | **၃၀၇၈၅၂၉၂၈** | **၉၀၀၀၀၀၀** | **၅၇၅၇၁၅၉၀၈** | |

# ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ရန် ရုပ်ရှင်၊ ဂီတ အနုပညာရှင်များက သီဆိုဖျော်ဖြေမှုများ ပြုလုပ်

**ရန်ကုန် ဩဂုတ် ၁၅**

ရုပ်ရှင်၊ ဂီတ အနုပညာရှင်များက ရေဘေးသင့်ပြည်သူများကို ထောက်ပံ့နိုင်ရေးအတွက် အလှူငွေများရရှိရန် ဩဂုတ် ၁၅ ရက်က မရမ်းကုန်းမြို့နယ်ရှိ သမိုင်းလမ်းဆုံ(City Mark Supermarket) အနီး၌ သီဆိုဖျော်ဖြေမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အနုပညာမောင်နှမတွေ စုပေါင်းတိုင်ပင်ပြီးမှ အခုလို သီဆိုဖျော်ဖြေပြီး အလှူခံဖို့လုပ်ဖြစ်ခဲ့တာပါ။ ပြည်သူတွေ အခက်အခဲကြုံတွေ့နေတဲ့အချိန်မှာ ကိုယ်တတ်နိုင်တဲ့ဘက်က ပြန်လည်ကျေးဇူးဆပ်တဲ့သဘောပါ။ ဒီကရတဲ့အလှူငွေတွေကို လတ်တလောအရေးကြီးနေတဲ့ ဟင်္သာတခရိုင်ထဲက ရွာတွေကို လှူသွားမှာပါ" ဟု ဦးစီးဆောင်ရွက်နေသူ ဒါရိုက်တာ ဩဇာအောင်က ပြောသည်။

အဆိုပါသီဆိုဖျော်ဖြေမှုကို ယင်းနေ့ နံနက် ၁၀ နာရီခန့် မှစတင်၍ ည ၉ နာရီ အထိ ပြုလုပ်ခဲ့ပြီး သရုပ်ဆောင် မြို့တော်ချစ်ဖွယ်၊ ကျော်ဇောဟိန်း၊ မိုခမ်းတို့အပါအဝင် ရုပ်ရှင်၊ ဂီတ အနုပညာရှင်မောင်နှမများက သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

"လတ်တလောမှာလည်း ရေဘေးသင့်ပြည်သူတွေအတွက် အခွင့်သင့်တိုင်း လှူဖြစ်တယ်။ ကိုယ်တတ်နိုင်သလောက် လုပ်ပေးနေပါတယ်။အခုလို တစ်ဖက်တစ်လမ်းက ပါဝင်ခွင့်ရတဲ့အတွက်လည်း ဝမ်းသာတယ်။ အမြန်ဆုံး အဆင်ပြေသွားပါစေလို့လည်း ဆုတောင်းပေးနေပါတယ်" ဟု အဆိုပါသီဆိုဖျော်ဖြေမှုတွင်ပါဝင်သူ သရုပ်ဆောင် ကျော်ဇောဟိန်းကပြောသည်။

ယင်းဖျော်ဖြေမှုမှရရှိသည့် အလှူငွေများကို လတ်တလော ရေနစ်မြုပ်မှုဒဏ်ခံစားနေရသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်အတွင်းရှိ လက်ပံလှရွာ၊ နန်းတော်ကျွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာနှင့် သက်ကယ်ပြင်ကျေးရွာတို့ရှိ ရေဘေးသင့်ပြည်သူများအတွက် မေတ္တာမျိုးဆက် ပရဟိတအဖွဲ့မှတစ်ဆင့် မကြာမီရက်ပိုင်းအတွင်း လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။


**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**





ဆင်ပေါင်ဝဲမြို့၌ ရေဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေဝင်ရောက်သည့် ကျေးရွာများအား ဝေဠုကျော် ဖောင်ဒေးရှင်းမှ ကူညီထောက်ပံ့ပေးစဉ်။ (ဩဂုတ် ၆ ရက်မှ ၁၅ ရက်အထိ နေ့စဉ် ဆန်နှင့် ပစ္စည်းမျိုးစုံ ငွေကျပ်သိန်း ၆၀၀ လှူဒါန်းပြီးဖြစ်ကြောင်း ဝေဠုကျော် ဖောင်ဒေးရှင်းမှ သိရသည်။)

(မြို့နယ် ပြန်/ဆက်)




ရေဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် လှူ ၁၀ ဦး စီးနှင်းနိုင်သော စက်လှေအစီး ၁၀၀ ကိုသယ်ဆောင်လာသည့် လေယာဉ်အမှတ် AN-124 သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဩဂုတ် ၁၅ ရက် ည ၉ နာရီ မိနစ် ၄၀ က ဆိုက်ရောက်လာသည်ကို တွေ့ရစဉ်။

မျိုးမင်းသိန်း(မရမ်းကုန်း)

# ငါးသိုင်းချောင်းမြို့နယ်၌ ရေကျသော်လည်း စိုးရိမ်ရေမှတ် ကျော်လွန်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်းမြို့နယ်၏ ဝဲန်မြစ် စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။ **(သတင်းစဉ်)**




# မိုးကြီးနိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များ

**နေပြည်တော် ဩဂုတ် ၁၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး၌ နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ မန္တလေးမြို့မှ ရထားဖြင့်ပို့ဆောင်

**နေပြည်တော် ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရမှ လှူဒါန်းသည့် ဆန်အိတ်များကို မန္တလေးမြို့ မြို့ဟောင်း(ကုန်ရုံဘူတာ)မှ ရထားတွဲများဖြင့် ပဲခူးမြို့သို့ ပို့ဆောင်ပေးနေမှုကို မန္တလေးတိုင်းဒေသကြီး ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးဆပ်ကော်မတီ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနိုင်၊ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးမျိုးဝင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက လာရောက်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။


ထောက်ပံ့ပစ္စည်းများ မန္တလေးမြို့(မြို့ဟောင်းဘူတာ)သို့ သယ်ဆောင်နေစဉ်။

ရေဘေးသင့်ပြည်သူများအား လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများမှာ ၂၅ ကီလိုဂရမ် ဆန်အိတ် ၂၀၀၀ ကို ကုန်းလမ်းပို့ဆောင်ရေးမှ မော်တော်ယာဉ်သုံးစီးဖြင့် မြို့ဟောင်း ကုန်လှောင်ရုံမှ ဘူတာသို့လည်းကောင်း၊ ဩဂုတ် ၁၅ ရက် ည ၇ နာရီခွဲတွင် မြို့ဟောင်းဘူတာမှ ရထားတွဲ နှစ်တွဲဖြင့် ပဲခူးမြို့သို့ လည်းကောင်း ပို့ဆောင်ပေးသွားမည်ဖြစ်သည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် ထောက်ပံ့ပစ္စည်း ဆန်အိတ်ကြီး ၄၇၂ အိတ်၊ ဆန်အိတ်အလတ် ၁၀၀ အပါအဝင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း တန် ၄၀ ခန့်အား ဩဂုတ် ၁၃ ရက်က နေပြည်တော်မှ ရထားတွဲ သုံးတွဲဖြင့် ပဲခူးမြို့သို့ ပို့ဆောင်ခဲ့ရာ ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီတွင် ပဲခူးဘူတာသို့ ရောက်ရှိခဲ့သည်။ ပဲခူးဘူတာမှ ပဲခူးမြို့သာသနာ့ဗိမာန်သို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန)၏ ဦးဆောင်မှုဖြင့် နီဆန်းထရပ်နှစ်စီး၊ ဒမ့်ထရပ် တစ်စီး စုစုပေါင်း သုံးစီးဖြင့် ပို့ဆောင်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ထောက်ပံ့ပစ္စည်းများ ဆက်လက်ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၅**

ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)နှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း ဩဂုတ် ၁၆ ရက်အတွက် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထုတ်ပြန်ထားသည်။ **(မြန်မာ့အလင်း)**


ကလေးမြို့ ရေဘေးကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့် ကိုယ်ဝန်ဆောင်မိခင်များအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၅ ရက်က တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝေဝေခိုင်နှင့် အဖွဲ့ဝင်များက ကယ်ဆယ်ရေးစခန်းအလိုက် ကိုယ်ဝန်ဆောင် အသုံးအဆောင်ပစ္စည်းမျိုးစုံနှင့် အာဟာရဖြည့်အစားအစာများ ထောက်ပံ့ပေးအပ်စဉ်။ ဂျူနိုင်း

# မြန်အောင်၌ ရေကြီးနစ်မြုပ်လယ်မြေများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်

**မြန်အောင် ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ရေကြီးနစ်မြုပ်လယ်မြေများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် ရွှေ့တန်းစခန်းနယ်မြေခုနစ်ခု ဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိသည်။

ထူးဖောင်ဒေးရှင်းမှ ထောက်ပံ့လှူဒါန်းသည့် လယ်ယာသုံးလက်တွန်းထွန်စက် ငါးစီးနှင့် မျိုးစပါးတင်း ၅၀၀ အား ပျက်စီးလယ်ဧကများ အမြန်ထွန်ယက်စိုက်ပျိုးသွားနိုင်ရေးအတွက် ဩဂုတ် ၁၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်း ဦးဆောင်၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ ဝန်ထမ်းများက နယ်မြေကွင်းဆင်း၍ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မြန်အောင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနတွင် ရေကြီးနစ်မြုပ်လယ်မြေများ အချိန်မီပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရန် လယ်ထွန်စက်များ အသင့်ပြင်ဆင်ထားရှိလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၁၅ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၂၇၅၉၉ | ၁၅၆၆၃ | ၁၂၇၉၁ | ၄၅၇၇ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | ၆၇ |
| ၅။ | ချင်းပြည်နယ် | ၄၄၂၆ | ၄၄၂၆ | ၄၀၈၉ | ၂၂၀၅ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၇၈၅၆ | ၁၇၆၀၁၃ | ၁၄၁၉၅၇ | ၁၁၀၉၆၆ | ၁၉၄၃၁ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၆၇၁၂ | ၁၄၀၉၄၄ | ၃၈၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၁၀၇၉ | ၉၆၈၄၆ | ၆၅၈၅၈ | ၃၀၃၈ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၀၃ | ၃၅၀၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၃၁၉၈၁ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၂၁၇၀ | ၅၂၂၁၈ | ၅၉၃၄၆ | ၆၉၀၇ | ၁၁၀ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၂၉၉၃ | ၁၂၇၇၃ | ၃၄၈၁ | ၂၂၁၃ | ၂၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၀၀၆၄၉ | ၉၉၇၉၃ | ၈၅၉၁၇ | ၆၀၇၃၉ | ၃၂၇၉ |
| | စုစုပေါင်း | ၁၄၂၂၀၅၅ | ၁၁၄၈၈၈၉ | ၉၁၀၄၄၁ | ၆၂၀၀၁၈ | ၁၆၃၀၈၀ |

# ရေဘေးသင့်ကျောင်းများသို့ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများပေးအပ်

**မြောက်ဦး ဩဂုတ် ၁၅** ရခိုင်ပြည်နယ် မြောက်ဦးခရိုင်အတွင်းရှိ ရေဘေးဒဏ်ခံရသော အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများသို့ နိုင်ငံတော်အစိုးရက ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူး ဦးလှစိန်ထွန်း၊ မြောက်ဦးမြို့နယ်ပညာရေးမှူး ဦးမောင်သိန်းရွှေတို့ ပါဝင်သောအဖွဲ့သည် ဩဂုတ် ၁၄ ရက်က မြောက်ဦးမြို့ တောင်ရပ် အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ရေဘေးသင့်ကျောင်းသား ကျောင်းသူများကို ကျောင်းသုံးစာအုပ်၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

မြောက်ဦးခရိုင်အတွင်းရှိ မြောက်ဦး၊ ကျောက်တော်၊ မင်းပြားမြို့နယ်များတွင် ရေဘေးသင့် ကျောင်းသား ကျောင်းသူ ၁၃၃၃၉၁ ဦးရှိကြောင်းနှင့် ကျောင်းဝတ်စုံများ ရောက်ရှိလာပါက ထောက်ပံ့ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုကြီးစော**

# ချင်းပြည်နယ်ဝန်ကြီးချုပ် သဘာဝဘေးဒဏ်သင့်ပြည်သူများကို တွေ့ဆုံအားပေး ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့နယ်များရှိ လမ်း၊ တံတားအခြေအနေကြည့်ရှုစစ်ဆေး

**ဟားခါး သြဂုတ် ၁၅**

လွန်ခဲ့သည့် ဇူလိုင်လကုန်ပိုင်းက မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် ချင်းပြည်နယ်အတွင်း လမ်း/တံတားများ၊ လူနေအိမ်များ ပြိုကျပျက်စီးမှုဖြစ်ပေါ်ခဲ့ရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ပြည်နယ် လွှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျင့်လျန်းပေါင်နှင့် တာဝန်ရှိသူများနှင့်အတူ သြဂုတ် ၁၂ ရက်မှ ၁၄ ရက်အထိ ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့နယ်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သြဂုတ် ၁၂ ရက်က ဟားခါး-ဖလမ်း ကားလမ်းပေါ်ရှိ တောင်ပြိုမှုနှင့် ကားလမ်းမြေသား ပွံ့ကျမှုအခြေအနေများကို လည်းကောင်း၊ လိုင်ဗားရေအားလျှပ်စစ်စက်ရုံအတွင်း တောင်ကျရေစီးဝင်တိုက်စားမှုကြောင့် ပျက်စီးမှုအခြေအနေများကိုလည်းကောင်း၊ မဏိပူရ တံတားနှင့် ငဆစ်ဗားရေအားလျှပ်စစ်စက်ရုံအတွင်း ရေဝင်ရောက်မှုနှင့် ကြွခိုင်မှုအခြေအနေများကိုလည်းကောင်း၊ တီးတိန်မြို့ ဇလွီးရေအားလျှပ်စစ်စက်ရုံကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် တီးတိန်မြို့၌ ဖွင့်လှစ်သည့် ကယ်ဆယ်ရေးစခန်းနှစ်ခုရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ သြဂုတ် ၁၃ ရက် နံနက်ပိုင်းက တီးတိန်-တွန်းဇံကားလမ်းပေါ်ရှိ ကားလမ်းပြိုကျ ပျက်စီးမှုအခြေအနေများ၊ တွန်းဇံ-ကျီခါး ကားလမ်းပေါ်ရှိ မဏိပူရမြစ်ကူး (နတ်ဇံ)တံတား ရေစီးမျောပါမှုအခြေအနေနှင့် လယ်ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး နတ်ဇံကျေးရွာရှိ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း သြဂုတ် ၁၃ ရက် က တွန်းဇံမြို့ မြို့နယ်ခန်းမ၌လည်းကောင်း၊ ညနေပိုင်းတွင် တီးတိန်မြို့ ကမ်းဟောက်ခန်းမ၌ လည်းကောင်း၊ သြဂုတ် ၁၄ ရက် နံနက်ပိုင်းက ဖလမ်းမြို့ မြို့နယ်ခန်းမ၌လည်းကောင်း ဌာနဆိုင်ရာများ၊ ကော်မတီ(၃)ရပ်အဖွဲ့ဝင်များနှင့် သဘာဝဘေးဒဏ်သင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။ ထို့နောက် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ကော်မတီ(၃)ရပ်အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ဆန်နှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(ချင်းပြည်နယ် ပြန်/ဆက်)**

## အလှူငွေနှင့် ပစ္စည်းများ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ရန် မေတ္တာရပ်ခံနှိုးဆော်ထား

**နေပြည်တော် သြဂုတ် ၁၅**

ရေဘေးသင့်စာသင်ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ သြဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများအနေဖြင့် အလှူငွေနှင့်ပစ္စည်းများစာရင်းကို ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ကြိုတင်ဆက်သွယ်အကြောင်းကြားပေးကြရန် ပညာရေးဝန်ကြီးဌာနက မေတ္တာရပ်ခံနှိုးဆော်ထားသည်-

(က) ဦးဇော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ဖုန်း-၀၉-၈၃၀၆၇၃၃၊ ၀၆၇-၄၀၇၆၈၄၊
(ခ) ဦးအောင်မြင့်၊ ညွှန်ကြားရေးမှူး(ပညာ)၊ ဖုန်း-၀၉-၅၆၆၁၁၄၈၊ ၀၆၇-၄၀၇၆၉၀၊
(ဂ) ဒေါ်ဝင်းဝင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၄၂၀၁၃၃၁၆၉၊ ၀၆၇-၄၀၇၃၉၂၊
(ဃ) ဒေါက်တာ ဥမ္မာသန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၅၁၇၉၉၅၀၊ ၀၆၇-၄၀၇၆၉၀။

စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းနိုင်သော အဆောက်အအုံ၊ ပရိဘောဂပစ္စည်း၊ စာရေးကိရိယာ အမျိုးအစားနှင့် ဈေးနှုန်းများမှာ ဖော်ပြပါအတိုင်းဖြစ်ကြောင်း သိရသည်-

**အဆောက်အအုံ**

| | | | | |
|---|---|---|---|---|
| (က) | မူလတန်းကျောင်းဆောင် | ပေ(၆၀× ၃၀) | ခြေတံရှည် (၈ပေ) RC - သိန်း | ၄၀၀ |
| (ခ) | မူလတန်းလွန်ကျောင်းဆောင် | ပေ(၉၀ × ၃၀) | ခြေတံရှည် (၈ပေ) RC - သိန်း | ၆၀၀ |
| (ဂ) | အလယ်တန်းကျောင်းဆောင် | ပေ(၁၂၀ × ၃၀) | ခြေတံရှည် (၈ပေ) RC - သိန်း | ၈၀၀ |

**ပရိဘောဂပစ္စည်း**

| | | |
|---|---|---|
| (ဃ) | အထက်တန်း/အလယ်တန်းဆင့်သုံး ပလတ်စတစ်စာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ | - ၂၆၇၇၅ ကျပ် |
| (င) | အထက်တန်း/အလယ်တန်းဆင့်သုံး (၄) ယောက်တွဲ သစ်သားစာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ | - ၄၃၀၀၀ ကျပ် |
| (စ) | မူလတန်းဆင့်သုံး(၄)ယောက်တွဲ သစ်သားစာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ | - ၃၈၇၀၀ ကျပ် |
| (ဆ) | မူလတန်းဆင့်သုံး ပလတ်စတစ် စာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ | - ၂၃၁၀၀ ကျပ် |
| (ဇ) | မူလတန်းဆင့်သုံးပလတ်စတစ်(၂)ယောက်တွဲ စာရေးစားပွဲနှင့်ထိုင်ခုံ(၂)လုံး(၁)စုံ | - ၁၁၅၅၀ ကျပ် |

**စာရေးကိရိယာ**

| | | | |
|---|---|---|---|
| (ဈ) | ဗလာစာအုပ် | (၁)ဒါဇင် | - ၁၅၀၀ ကျပ် |
| (ည) | ခဲတံ | (၁)ဒါဇင် | - ၈၅၀ ကျပ် |
| (ဋ) | ဘောပင် | (၁)ဒါဇင် | - ၁၂၀၀ ကျပ် |
| (ဌ) | ခဲဖျက် | (၁)ဒါဇင် | - ၅၄၀ ကျပ် |
| (ဍ) | ချွန်စက် | (၁)ဒါဇင် | - ၈၄၀ ကျပ် |

**(သတင်းစဉ်)**



ရန်ကုန် တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ပညာရေးမှူးထံသို့ စေတနာရှင် အလှူရှင်များက ရေဘေးသင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများ လှူဒါန်းနေစဉ်။ (ပညာရေး)



အမှတ်(၄၃) ရေဝွန်းလမ်းသွယ် (၇)ရပ်ကွက် ရေကျော်အနီးမှ ဦးမင်းသူက ငါးပေ စာရေးစားပွဲ ထိုင်ခုံတစ်လုံးနှင့် ခြောက်ပေ စာရေး စားပွဲထိုင်ခုံ တစ်လုံးအတွက် ငွေကျပ် ၈၁၇၀၀ လှူဒါန်းစဉ်။ (ပညာရေး)

## မိုးကုတ်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးဆုံးရှုံးမှုနေရာများတွင် ကူညီရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မိုးကုတ် သြဂုတ် ၁၅**

မိုးကုတ်မြို့နယ်၌ သြဂုတ် ၁၄ ရက်ညပိုင်းမှစ၍ သြဂုတ် ၁၅ ရက်အထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးရေချိန် ၆ ဒသမ ၁၀ လက်မသို့ရောက်ရှိပြီး မြို့နယ်အတွင်းရှိ နေရာအချို့တွင် ရေကြီးရေလျှံမှု၊ တောင်ကမ်းပါးပြိုကျမှု၊ ကျောက်ရိုးပြိုကျမှု၊ နေအိမ်ပြိုကျမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် မိုးကုတ်မြို့ရှိ ရပ်ကွက်အချို့တွင် ရေကြီးရေလျှံမှု၊ ကျောက်ရိုးပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး မြို့မအုပ်စု ချမ်းမြေ့သာယာရပ်ရှိ ဦးဇော်အောင်၏ နေအိမ်သည် တောင်ကျရေစီးဖြင့် မျောပါပြိုလဲခဲ့မှုကြောင့် ဇနီးဖြစ်သူ မယဉ်ယဉ်မိုး သေဆုံးသွားခဲ့သည်။ မိုးရွာသွန်း၍ တောင်ပြိုမှုဖြစ်စဉ်များကြောင့် မိုးကုတ်-ပြင်ဦးလွင်ကားလမ်းကိုလည်း ခေတ္တယာယီ ပိတ်ထားကြောင်းနှင့် အဆိုပါ ဘေးအန္တရာယ်ဖြစ်ပွားသည့် နေရာများသို့ မြို့နယ်ရေဘေးကယ်ဆယ်ကူညီရေးကော်မတီဝင်များ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရခိုင်ပြည်နယ် မျိုးစပါး ၂၉၁၀၈ တင်း ဖြန့်ဖြူး ၁၁၈၅၁၇ ဧက ပြန်လည်စိုက်ပျိုးပြီးဖြစ်

**နေပြည်တော် သြဂုတ် ၁၅**

ရခိုင်ပြည်နယ်၌ ဇွန်၊ ဇူလိုင်၊ သြဂုတ်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ် ၁၅ မြို့နယ်တွင် စပါးစိုက်ဧက ၂၁၇၂၄၆ ပျက်စီးခဲ့သည်။ ပျက်စီးဧကများ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် ၂၁၇၂၄၆ တင်း လိုအပ်သော်လည်း တောင်သူအများစုသည် မိမိလက်ဝယ်တွင်ရှိသော အရန်မျိုးစပါးများဖြင့် စိုက်ပျိုးသွားကြမည်ဖြစ်သည့်အတွက် အမှန်တကယ်ဖြန့်ဖြူးရမည့်မျိုးမှာ ၆၁၅၈၁ တင်းဖြစ်ရာ သြဂုတ် ၁၄ ရက်အထိ မျိုးစပါး ၂၉၁၀၈ တင်းကို ဖြန့်ဖြူးပြီးဖြစ်သည်။ ပျက်စီးဧကများကို ပြန်လည်စိုက်ပျိုးမှုမှာ သြဂုတ် ၁၄ ရက်အထိ ၁၁၈၅၁၇ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပညာရေးဝန်ကြီးဌာနက မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများမှ အခြေခံပညာကျောင်းများအတွက် ရန်ပုံငွေများ ခွင့်ပြုသုံးစွဲမည်

**မကွေး သြဂုတ် ၁၅**

၂၀၁၅ ခုနှစ် ဇူလိုင်နှင့် သြဂုတ်လများအတွင်း မကွေးတိုင်းဒေသကြီးတွင် ရေကြီးမှုဖြစ်စဉ်များဖြစ်ပေါ်ခဲ့သည်။ ယခုအခါ ရေဘေးသင့်ဒေသများမှ အခြေခံပညာကျောင်းများအတွက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက ရန်ပုံငွေများ ခွင့်ပြုသုံးစွဲလျက်ရှိသည်။

အခြေခံပညာ ဦးစီးဌာနက မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ဒေသများမှ အခြေခံပညာကျောင်းများအတွက် သန့်စင်ခန်းများသန့်ရှင်းရေးနှင့် လိုအပ်သည်များပြုပြင်ရန် ငွေကျပ်သန်းပေါင်း ၆၂ ဒသမ ၅ သန်း၊ ရွှံ့နွံများဆေးကြောခြင်းနှင့် လိုအပ်သည်များပြုပြင်ခြင်းအတွက် ငွေကျပ်သန်းပေါင်း ၆၂ ဒသမ ၅၊ သန့်ရှင်းသောရေရရှိရေးအတွက် ရေတံုကင်ပြုလုပ်ခြင်း (ရေတွင်းတူးခြင်း အပါအဝင်) အတွက် ငွေကျပ်သန်းပေါင်း ၁၃၃ ဒသမ ၅ သန်း၊ ကလေးသူငယ်များအား အာဟာရကျွေးမွေးခြင်းအတွက် ငွေကျပ်သန်းပေါင်း ၈၉ သန်း စုစုပေါင်း ငွေကျပ်သန်းပေါင်း ၃၄၇ ဒသမ ၅ သန်းကို ခွင့်ပြုချထားပေးခဲ့သည်။

ထိုရန်ပုံငွေများကို မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံးက ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများထံသို့ ခွဲဝေပေးလျက်ရှိသည်။ ရန်ပုံငွေများကို ခရိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ကျောင်းအုပ်ကြီးများ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ရေဘေးသင့်ဒေသများမှ အခြေခံပညာကျောင်းများတွင် သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်များ ကူညီဖြန့်ဖြူးပေးမည်

**နေပြည်တော် သြဂုတ် ၁၅**

နိုင်ငံတော်၏စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်လမှစတင်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သဖြင့် ယင်းဒေသရှိ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ငါးကန်များတွင် ရေနစ်မြုပ်ခြင်း၊ ငါးများလွတ်ထွက်သွားခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ငါးကန်များ ရေကြီးနစ်မြုပ်ဆုံးရှုံးသွားမှုများကို သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာနမှူးများက စနစ်တကျစာရင်းကောက်ယူလျက်ရှိပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ရေချိုငါးသားဖောက်စခန်းပေါင်း ၂၆ ခုမှ ငါးသားပေါက်များကို ကူညီဖြန့်ဖြူးပေးရန်ဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

# ဒီအလုပ်ရုံဆွေးနွေးပွဲကို လာတက်တဲ့သူတွေ Animation ကို စိတ်ဝင်စားကြတယ်

## ဂျပန် Animation ပညာရှင်

ရန်ကုန် ဩဂုတ် ၁၅

**ဝသန်ရုပ်ရှင်ပွဲတော်ကျင်းပရေးဗဟိုကော်မတီ၏ စီစဉ်မှုဖြင့် အနုပညာမြောက်သော Animation ရုပ်ရှင်များ ပိုမိုပေါ်ပေါက်လာရေး ရည်ရွယ်၍ Animation workshop ကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၌ ဩဂုတ် ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည်။**



ထိုဆွေးနွေးပွဲတွင် ဂျပန်နိုင်ငံမှ Animation Artist ပညာရှင်တစ်ဦးနှင့် Animation အနုပညာလေ့လာသုံးသပ်သူ တစ်ဦးတို့ပါဝင်၍ အဓိကဆွေးနွေးခဲ့သည်။

စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ ဝဇီရာရုပ်ရှင်ရုံ၌ကျင်းပမည့် ဝသန်ရုပ်ရှင်ပွဲတော်တွင် ယခုကျင်းပသည့် workshop မှ ထွက်ပေါ်လာသည့် Animation Film များ၊ ဂျပန်နိုင်ငံမှဇာတ်ကားများ၊ မြန်မာနိုင်ငံမှ မှတ်တမ်းတင်ရုပ်ရှင်ဇာတ်ကား ၁၀ ကားနှင့် ဇာတ်လမ်းတို ရုပ်ကား စုစုပေါင်းဇာတ်ကား ၁၈ ကား ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင်ကျင်းပခဲ့သည့် Animation workshop နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် သင်တန်းသားများ၏ သဘောထားအမြင်များကို စုစည်းတင်ပြလိုက်ရပါသည်။

**Mr. Mirai Mizue**
**(ဂျပန် Animation ပညာရှင်)**

မြန်မာနိုင်ငံမှာ Animation နဲ့ ပတ်သက်တဲ့ ကာတွန်းကားတွေတွေ့မြင်ရတယ်။ ဒါပေမယ့် Animation ကို အနုပညာပစ္စည်းတစ်ခုလို တင်ပြနိုင်မယ့် စမ်းသပ်ပုံစံမျိုးသိပ်မတွေ့ရဘူး။ အဲဒါကြောင့် အခုလို Animation အနုပညာဖန်တီးခွင့်ရမယ့် workshop မှာ လာချပြတယ်။ ကိုယ်တိုင်ဖန်တီးထားတဲ့ Animation အနုပညာကို လာရောက် ဆွေးနွေးပို့ချခြင်းဖြစ်ပါတယ်။ ဒီ workshop ကို လာတက်တဲ့သူတွေ Animation နဲ့ပတ်သက်ပြီး စိတ်ဝင်စားကြတယ်လို့ထင်ပါတယ်။

**ဦးသိဒ္ဓိအောင်**
**Animation workshop**
**ကျန်းမာရေးတာဝန်ခံ**

Animation ကို ဈေးကွက်ဝင် ရောင်းတန်းပုံစံမျိုးပဲ ထုတ်လုပ်ကြတာများတယ်။ တီဗွီတွေမှာ ကုန်ပစ္စည်းကြော်ငြာတာမျိုး၊ ဖျော်ဖြေရေးသက်သက် ပုံစံမျိုးတွေပဲ များတယ်။ အခု အနုပညာနဲ့ဖန်တီးထားတဲ့ Animation မျိုးတွေ ပေါ်ပေါက်လာစေချင်တယ်။ အဲဒီ ရည်ရွယ်ချက်ပါ။ အခုသင်တန်းသား ၂၈ ယောက်ရှိပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ယဉ်ကျေးမှုတက္ကသိုလ်နဲ့ ပြင်ပက Animation လုပ်နေတဲ့ Professional တွေ ပါတယ်။ Animation ကို စိတ်ဝင်စားတဲ့သူတွေလည်းပါတယ်။ Animation အနုပညာကို ကိုယ်တိုင်ဖန်တီးတဲ့ ဂျပန်ပညာရှင်ကိုယ်တိုင် လာရောက် သင်ကြားပေးပါတယ်။ ဂျပန်ဖောင်ဒေးရှင်း အာရှစင်တာရဲ့ ဂျပန်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ဒီဆွေးနွေးပွဲကို ကူညီပံ့ပိုးပေးတာပါ။ ဝဇီရာရုပ်ရှင်ရုံမှာကျင်းပမယ့် ဝသန်ရုပ်ရှင်ပွဲတော်မှာ ပြသမယ့် ဇာတ်ကား ၁၈ ကားရှိပါတယ်။ ဒီဆွေးနွေးပွဲက ထွက်လာမယ့်ဇာတ်ကားတွေလည်းပြမယ်။ ဂျပန်ဇာတ်ကားတွေလည်း လာပြဖို့ ဖိတ်ခေါ်ထားပါတယ်။


ဦးသိဒ္ဓိအောင်


မောင်ငြိမ်းကိုကိုထွန်း


ဦးကျော်စွာသိန်း

**မောင်ငြိမ်းကိုကိုထွန်း**
**ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်/ဆက်ဦးစီးဌာန**
**ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ**

Animation နဲ့ပတ်သက်ပြီး မမြင်ဖူးတာတွေ မြင်ရတယ်။ မြန်မာနိုင်ငံမှာ အရင်ကပြခဲ့တဲ့ ကာတွန်းဇာတ်ကားတွေ ကျွန်တော်ကြည့်ရတာဝါသနာပါတယ်။ ကိုယ်ကိုယ်တိုင်လည်း သတင်းကားတွေမှာ Animation လုပ်ရတယ်။ များသောအားဖြင့် အခုရိုက်နေတဲ့ Animation တွေဟာ Software တွေကို အခြေခံပြီးလုပ်ရတဲ့ Animation တွေ အများကြီးပဲ။ ဒီလိုမျိုး စာရွက်ပေါ်မှာ ကိုယ်တိုင်ရေးဆွဲပြီး တစ်ခုချင်းစီကို Animation လုပ်ရတာမတွေ့ဖူးဘူး။ အခုဒီမှာ လက်တွေ့ကျတယ်။ အသစ်အဆန်းဖြစ်တယ်။တစ်ခါမှမတွေ့ဖူးတဲ့ အတွေ့အကြုံတွေရတယ်။ ကျွန်တော်တို့နိုင်ငံအတွက် အနုပညာအသစ်အဆန်း ဖန်တီးမှုတွေကို မိတ်ဆက်ခွင့်ပေးတဲ့ ဂျပန်ပညာရှင် ဆရာ ဆရာမတွေနဲ့ ဝသန်ရုပ်ရှင်တို့ကို ကျေးဇူးတင်ပါတယ်။

**ဦးကျော်စွာသိန်း**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ**

workshop ရဲ့ ရည်ရွယ်ချက်က Animation ပေါ်ထွက်လာဖို့အတွက်ရယ်၊ Animation အပိုင်းကို အိမ်မှာပဲ ငွေကုန်ကြေးကျစရာမလိုဘဲ ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာစွာနဲ့ အိမ်မှာဖန်တီးလို့ရဖို့ ရည်ရွယ်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီ Animation workshop က ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဂျပန်နိုင်ငံက သင်ကြားမှုအပိုင်းမှာ စိတ္တဇပန်းချီလို့ အများခေါ်တဲ့ Animation အပိုင်းရဲ့ အခြေခံသဘော တရားသင်ပေးတယ်။ နိုင်ငံတကာမှာ သူတို့ဖန်တီးခဲ့တဲ့ Animation တွေကို ပြသတယ်။ လက်ရှိမြန်မာနိုင်ငံအနေနဲ့ Animation တွေ ထွန်းကားမှုကနည်းပါးပါသေးတယ်။ မြန်မာနိုင်ငံက ကာတွန်းရုပ်ရှင်ဇာတ်ကားကို သိပ်မကြည့်ကြဘူး။ အဲဒါကြောင့်Animation တွေက သိပ်ပြီးမတွင်ကျယ်ကြဘူး။ ကြိုးစားပြီးတော့လုပ်ကြပါတယ်။ စီးပွားရေးအနေနဲ့ ကြိုးစားတာများတယ်။ ကြော်ငြာ စီးပွားရေးလောက်ပဲလုပ်ကြတယ်။ ရုပ်ရှင်ပိုင်းကျတော့ ကြည့်မယ့်သူသိပ်မရှိကြဘူး။ အခုနောက်ပိုင်းကလေးတွေကလည်း ကာတွန်းရုပ်ရှင်ဇာတ်ကားတွေ သိပ်မကြည့်ကြဘူး။ ဒါပေမယ့် workshop မှာ Animation ကို အသေးစိတ်လေ့လာရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

workshop အနေနဲ့ သင်တန်းသား ၂၈ ဦးမှာ တစ်ယောက်သုံးစက္ကန့်စာလောက် ဖန်တီးခွင့်ရတယ်။ အဲဒီ သုံးစက္ကန့်ကိုပေါင်းပြီး တစ်မိနစ်ခွဲစာကို workshop လုပ်ရခြင်းအကျိုးကျေးဇူးကို ဝသန်ရုပ်ရှင်ပွဲတော်မှာပြသမယ်။ ဂျပန်နိုင်ငံက ပညာရှင်တွေက ဒီ workshop ပညာဖလှယ်တဲ့အနေနဲ့ သင်ကြားပေးတယ်။ Animation အနေနဲ့ ဂျပန်က တစ်ရှိန်ထိုး တိုးတက်လာတယ်။ ကြည့်တဲ့ပရိသတ်တွေအနေနဲ့လည်း တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးကြတယ်။ ကြည့်တဲ့ပရိသတ်များရင် ဖန်တီးပေးရတဲ့သူကလည်း အားရှိတယ်။ မြန်မာနိုင်ငံမှာ Animation တွေ အများကြီးပေါ်ထွက်လာပြီး Animation ရုပ်ရှင်ဇာတ်ကားတွေ အများကြီး ပေါ်ထွက်လာပါစေ။

**ဦးဝင်းထိန်**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ**

Animation နဲ့ပတ်သက်ပြီး အကြောင်းအရာတွေကို အသေးစိတ်သိရပါတယ်။ Animation အပိုင်းမှာ တွေ့ဖူးမြင်ဖူးတာတွေထက် ပိုပြီးမြင်ခွင့်ရခဲ့တယ်။ ပြီးရင် ကမ္ဘာမှာ Animation ရဲ့ သမိုင်းကြောင်းက ဘယ်လိုရှိတယ်။ Animation နဲ့ပတ်သက်ပြီး နိုင်ငံခြားပညာရှင်တွေလုပ်တယ်။ ပွဲ တော်တွေ ဘယ်လိုကျင်းပတယ်။ ကိုယ့်ရိုးရာဓလေ့ ယဉ်ကျေးမှုတွေကို Animation နဲ့လည်း နိုင်ငံတကာမှာ ဖော်ထုတ်ပြသလို့ ရတယ် ဆိုတာကို သိခဲ့ရတယ်။ ကမ္ဘာ့ Animation သမိုင်းကြောင်း တွေ၊



နိုင်ငံတကာနဲ့ ဂျပန်နိုင်ငံက Animation ဖန်တီးမှုအပိုင်းတွေအပြင် စိတ္တဇပန်းချီနဲ့ ပတ်သက်တဲ့ Animation တွေ၊ အခြေခံသဘောတရားတွေကို လေ့လာသိရှိခွင့်ရတယ်။ workshop မှာ သင်တန်းသားတွေဆွဲထားတဲ့ Animation တွေကို အသက်ဝင်လာအောင်လုပ်ကာ မြန်မာနိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုတီးလုံးနဲ့ ပေါင်းစပ်ပြီး Animation တစ်ခု ဖန်တီးထားပါတယ်။ ဝသန်မှာပြသပါမယ်။ workshop တွေ လုပ်ပေးတဲ့အတွက် မြန်မာနိုင်ငံအတွက် အများကြီးကောင်းပါတယ်။ ငွေကုန်ကြေးကျမှုမများဘဲ ကိုယ့်ရဲ့အနုပညာကို ဖော်ထုတ်ပြသခွင့်ရနိုင်မယ်။ နိုင်ငံတကာပွဲတော်တွေမှာ ပါဝင်ပြသလို့ ရနိုင်မယ်ဆိုတာ သိလာရတယ်။ ကိုယ့်ရဲ့ ရိုးရာယဉ်ကျေးမှုကို Animation နဲ့ ဖော်ထုတ်ပြလို့ရတယ်ဆိုတာ သိလာပါတယ်။

**တွေ့ဆုံမေးမြန်း-ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ရဲထွဋ်**

# တစ်နိုင်ငံလုံးမဲဆန္ဒရှင်စာရင်းထုတ်ပြန်မှုအား ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ PACE မှ စောင့်ကြည့်သွားမည်

ရန်ကုန် ဩဂုတ် ၁၅

**လာမည့် ဩဂုတ်လနောက်ဆုံးပတ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်သွားမည့် မြန်မာတစ်နိုင်ငံလုံး၏ အခြေခံမဲဆန္ဒရှင်စာရင်းထုတ်ပြန်မှုဖြစ်စဉ်ကို PACE (ယုံကြည်ရသော ရွေးကောက်ပွဲများပေါ်ပေါက်ရေး ပြည်သူများပူးပေါင်းလှုပ်ရှားမှုအဖွဲ့)က စောင့်ကြည့်သွားမည်ဖြစ်ကြောင်း PACE အဖွဲ့၏ အမှုဆောင်ဒါရိုက်တာဖြစ်သူ ဦးစိုင်းရဲကျော်စွာမြင့်ထံမှ သိရသည်။**

PACE အဖွဲ့သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရာတွင် ရွေးကောက်ပွဲမတိုင်ခင် အပိုင်းနှစ်ပိုင်းနှင့် ရွေးကောက်ပွဲနေ့တွင် အပိုင်းတစ်ပိုင်း စုစုပေါင်း အပိုင်းသုံးပိုင်း စီမံချက်ချကာ လေ့လာစောင့်ကြည့်သွားမည်ဖြစ်သည်။

ဦးစိုင်းရဲကျော်စွာမြင့်က “ပထမဆုံး ကျွန်တော်တို့က ရွေးကောက်ပွဲကော်မရှင်က ဩဂုတ်လနှောင်းပိုင်းမှာ ကပ်မယ့်တစ်နိုင်ငံလုံး အခြေခံမဲဆန္ဒရှင်စာရင်း ကပ်တာကို စောင့်ကြည့်မယ်။ ကျွန်တော်တို့ အာရုံစိုက်တာက အခုရှိထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ ဥပဒေမူဘောင်တွေ၊ လုပ်ထုံးလုပ်နည်းတွေဟာ တကယ်ပဲ မဲဆန္ဒရှင်တွေရဲ့ အချက်အလက်တွေကို သွားပြီးတော့ပြုပြင်တာပဲဖြစ်ဖြစ်၊ ဖြည့်စွက်တာပဲဖြစ်ဖြစ်၊ ဖြုတ်တာပဲဖြစ်ဖြစ် ဘယ်လောက်သွားပြီးတော့မှ အဆင်ပြေပြေဖြစ်သလဲ။ ဘယ်အရာတွေက အားသာချက်၊ ဘယ်အရာတွေက အားနည်းချက်ဖြစ်မလဲဆိုတာကို ကြိုးစားရှာဖွေသွားမယ်။ လောလောဆယ်မှာတော့ ကျွန်တော်တို့ PACE အနေနဲ့ ဒီဖြစ်စဉ်ကို ပိုပြီးတော့ အာရုံစိုက်ထားတယ်။ တစ်နိုင်ငံလုံး မဲဆန္ဒရှင်စာရင်းကပ်တဲ့နေရာမှာ အချက်အလက်တွေ ဘယ်လိုမှားယွင်းသလဲ။ ဘယ်သူတွေကျန်ခဲ့သလဲ။ ပါသင့်တဲ့သူတွေ ပါရဲ့လား။ မပါသင့်တဲ့လူတွေ ပါနေလားဆိုတာတွေကိုတော့ ကြီးကြီးမားမား ရှာဖွေနိုင်မှာမဟုတ်ပါဘူး။ နောက်ပြည်သူလူထုကိုယ်တိုင်ကကော ဒီဖြစ်စဉ်မှာ ဘယ်လောက်အထိ စိတ်ပါဝင်စားမှုရှိသလဲဆိုတာကို နည်းနည်းပါးပါး ရှာဖွေမယ်”ဟု ပြောသည်။

လေ့လာစောင့်ကြည့်ရာတွင် နိုင်ငံပေါင်း ၅၀ ကျော်တွင် အသုံးပြုနေသည့် မဲရုံများကို နမူနာရွေးထုတ်ပြီး လေ့လာစောင့်ကြည့်သည့် Systematic Observation (နည်းစနစ်ဖြင့် စောင့်ကြည့်လေ့လာခြင်း) နည်းလမ်းကို အသုံးပြုမည်ဖြစ်သည်။ ယင်းနည်းစနစ်သည် မျက်မြင်တွေ့ရှိချက်ကိုအခြေခံပြီး အစီရင်ခံစာ ရေးသားခြင်းဖြစ်သောကြောင့် တစ်နိုင်ငံလုံးအခြေအနေကို ထင်ဟပ်စေနိုင်မည် ဖြစ်သည်။

PACE အနေဖြင့် ရွေးကောက်ပွဲမတိုင်ခင် ရွေးကောက်ပွဲအကြိုကာလ ကာလရှည်စောင့်ကြည့်လေ့လာရာတွင် မြို့ပေါင်း ၁၁၀ ကျော်၌ ကာလရှည်စောင့်ကြည့် လေ့လာသူ ၁၁၀ ဖြင့် စောင့်ကြည့်လေ့လာမည်ဖြစ်ပြီး ရွေးကောက်ပွဲနေ့ဖြစ်စဉ်အပေါ် ကာလတို စောင့်ကြည့်ရာတွင် ကာလတိုစောင့်ကြည့်လေ့လာသူ ၂၀၀၀ ကျော်ဖြင့် တစ်နိုင်ငံလုံး စောင့်ကြည့်လေ့လာသွားမည်ဖြစ်သည်။

**ရဲခေါင်၊ မြတ်သန္တာ**

❀ ရှေ့ဖုံးမှ

ရေစီးသန်သည့် ရေစီးချောင်းအသစ်များသည် ဒေသခံများအတွက် လတ်တလောကြုံတွေ့နေရသည့် အရေးပေါ်ဝင်ငွေရရှိမှုကို ဖန်တီးပေးသဖြင့် ဒေသခံရေဘေးသင့်ပြည်သူတို့ ငွေရှာရသော်လည်း ရေရှည်တွင် ထိုသူတို့အတွက် လမ်းပန်းဆက်သွယ်ရေးအခက်အခဲသည် လူနေမှုကိုထိခိုက်လာမည်ဆိုသည့်အချက်ကိုတော့ သိမြင်သေးပုံမရကြောင်း တာဝန်ရှိသူက သူ့အမြင်ကို ခပ်တိုးတိုးပြောပြသည်။

ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် တစ်သောင်းမှ သုံးသောင်းအထိ၊ ဆန်တစ်အိတ်လျှင် ငွေကျပ် နှစ်ထောင်၊ လူတစ်ထမ်းစာအထုပ်ကြီးတစ်ထုပ်လျှင် ငွေကျပ် တစ်ထောင်ကို ရေစီးအနေအထားအရ သယ်ယူခပေးအပ်ရသော်လည်း လူကူးသည့်အခါ စေတနာအပြည့်ဖြင့် လိုက်ပါပို့ဆောင်ပေးတတ်ကြသည့် ဒေသခံများ၏ ခင်မင်ဖွယ်အလေ့အထကို ကွင်းဆင်းသတင်းယူရာမှတစ်ဆင့် ကြုံတွေ့ရသည်။

ရေကြီးရေလျှံမှုများသည် တစ်နိုင်ငံလုံးနီးပါးဖြစ်ပွားခဲ့ရာ ယင်းသို့ ဖြစ်ပေါ်ရခြင်းအကြောင်းရင်းနှင့် ပတ်သက်၍ အမျိုးမျိုးသောမှတ်ချက်များက ပြည်သူတို့၏ စိတ်ဝယ်ကျန်ရှိနေခဲ့သည်။ ဆည်ကြောင့်၊ မုန်တိုင်းကြောင့်၊ သစ်တောပြုန်းတီးမှုကြောင့်၊ မိုးများခြင်းကြောင့် စသည့်အတွေးအမြင်မျိုးစုံတို့ ဖြစ်ပေါ်လာသည်။

“ဆည်ကြောင့်လို့ ပြောကြတယ်။ ဒါဆိုရင်ဘာကြောင့် တမူးမြို့နယ်မှာရော ရေကြီးပါသလဲ။ မှန်ကန်စွာဆင်ခြင်တတ်ဖို့တော့ လိုအပ်ပါတယ်။ တစ်ဖက်မှာသစ်တောတွေ အရင်လောက်မထူထပ်တော့သလို အမြဲတမ်းနှင်းဖုံးနေတဲ့ရေခဲတောင်တွေ အရည်ပျော်ကြလာရာကအစ လူတို့ရဲ့လိုအပ်ချက်တွေကြောင့် သစ်တောတွေ ပြုန်းတီးနေခြင်းတို့ဟာ ရာသီဥတုဖောက်ပြန်ဖို့ တွန်းအားတွေဖြစ်ပါတယ်”ဟု ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက်မှ ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တပုညသေဌက မိန့်ကြားသည်။

ကလေး၊ တမူး၊ ဟားခါးနှင့် ဖလမ်းတို့တွင် ရေကြီးရေလျှံမှုများသည် အခြား မြန်မာနိုင်ငံအောက်ပိုင်းဒေသများထက် ပိုမိုခံစားရသယောင်ရှိခြင်းမှာ မူလကတည်းက လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းကြောင့် ကူညီကယ်ဆယ်ရေးများ ခက်ခဲခဲ့သဖြင့် အတိဒုက္ခပိုမိုများပြားရခြင်းဖြစ်ကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ပြောကြားသည်။

မြေပြိုမှု၊ ရေများပြားသဖြင့် ရေစီးကြောင်းများပြောင်းလဲမှုနှင့် ရေလျှံခြင်း၏ အဓိကပြဿနာမှာ မြစ်တိမ်ကောလာခြင်းကြောင့် ဖြစ်ရကြောင်း မြစ်ချောင်းစီမံခန့်ခွဲမှုအရာရှိ ဦးမြင့်သိန်းကပြောကြားပြီး “ချင်းတွင်းမြစ် တိမ်ကောလာနေပါတယ်။ ပြီးခဲ့တဲ့လကုန်မှာ ချင်းတွင်းမြစ်ရေဟာ စံချိန်တင်ပြီး စိုးရိမ်ရေမှတ်ရဲ့ အမြင့်ဆုံး ၁၁၄၂ စင်တီမီတာအထိ တက်ခဲ့တယ်။ မူလမြစ်ရေလမ်းကြောင်းတွေတင်မကဘဲ ချင်းတွင်းမြစ်ကမ်းတစ်လျှောက် တိုက်စားလာတဲ့ မြေဆီလွှာတွေဟာ နုန်းမြေတွေအဖြစ် မျောပါလာခဲ့တဲ့အတွက် မြစ်ရေဟာအလွန်နောက်ကျိနေပါတယ်။ ဒါ့အပြင် မြစ်ရေကျသွားတဲ့အချိန်မှာ ရေလျှံခဲ့တဲ့နေရာအများအပြားမှာ နုန်းမြေအဖြစ် ကျန်ရှိခဲ့ရတယ်။ စိုးရိမ်ရတဲ့ပြဿနာကတော့ သာမန်စိုးရိမ်ရေမှတ်ရောက်ရုံနဲ့ မြစ်ရေကြီးလာမှာဖြစ်ပြီး မြစ်ရေကြီးလာတာနဲ့တစ်ပြိုင်နက် ရေကြီးရေလျှံမှုကို နေရာဒေသမရွေးကြုံရမယ်ဆိုတာ ကလေး၊ တမူးဒေသတွေက သာဓကပေးခဲ့ပြီ”ဟု ကြုံတွေ့နိုင်သည့် အခက်အခဲကို ရှင်းပြသည်။

ပြင်းထန်သည့်ရေစီးအားနှင့် ရေလုံးရေရင်းများသည် မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်တို့ဆုံရာမှတစ်ဆင့် ချင်းတွင်းမြစ်စီးဝင်သည့် နေရာတစ်လျှောက် မြစ်ကြောင်းအလွန်အမင်းကျဉ်းမြောင်းခြင်းသည် မြစ်ငယ်များနှင့် ချောင်းများသို့ ရေပြောင်းပြန်ဆန်တက်စေရန် တွန်းအားဖြစ်လာသည့်အခါ ရေလမ်းကြောင်းများသည် ကျေးရွာအချို့နှင့် ကတ္တရာခင်းထားသည့် မြို့ချင်းဆက်လမ်းမကြီးကိုပင် ခွဲထွက်ကာအရှိန်ပြင်းသည့် ချောင်းလက်တက်များ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း ဦးမြင့်သိန်းက ပြောကြားသည်။

“အဆိုးဆုံးက ဇင်းကလင်းချောင်းဖြစ်ပြီး အစိတ်စိတ်အမြွှာမြွှာကွဲထွက်သွားပါတယ်။ လမ်းမကြီးကိုဖောက်ပြီး ရေတွေစီးတဲ့အခါ ချောင်းရေအားကအတော်ပြင်းပါတယ်။ လမ်းဆိုတာ ပျောက်သွားသလို ကိုယ်ထူကိုယ်ထတံတားလေးတွေ ထိုးဖို့အတွက်တောင် အခက်အခဲဖြစ်ရတယ်။ ကျွန်တော်တို့ရွာကို ရေတွေကဝိုင်းသွားတယ်။ ထွက်ပေါက်မရှိတော့ဘူး။ ဂန့်ဂေါကို ဆက်သွားချင်လည်းမရတော့သလို ကလေးကိုလည်း သွားမရတော့ သွားလာရေးကို ဒေသခံတွေစုပေါင်းပြီး ဖြေရှင်းကြရတော့တာပေါ့။ ဇင်းကလင်းတံတားက မပျက်စီးသွားပေမယ့် ကမ္ဘာနီတံတားကတော့ အလယ်ချိုင့်ဝင်သွားလောက်အောင်ဖြစ်တယ်။ ကိုယ်ထူကိုယ်ထ တံတားလေးတွေထိုးကြပေမယ့် ကားတွေဖြတ်ဖို့လောက်အထိကျတော့ အခက်အခဲဖြစ်ရပြန်တယ်”ဟု ဇင်းကလင်းရွာသား ကိုသော်လင်းထွန်းက ဆိုသည်။

ဂန့်ဂေါဘက်သို့ ကယ်ဆယ်ရေးကုန်စည်များဖြင့် သွားရောက်လိုပါက ကလေးမြို့မှတစ်ဆင့် ဇင်းကလင်းရွာအထိတစ်ဖြတ် ခရီးကိုကားဖြင့် သွားရောက်နိုင်သည်။ ကမ္ဘာနီရွာအထိ ကျန်တစ်ဖြတ်ကို လူအားဖြင့် ပစ္စည်းများ သယ်ယူကြရသည်။ ထိုမှတစ်ဖန် ကျန်တစ်ဖက်သို့ ဂန့်ဂေါမှကားများကို ငှားကြရသည်မှာ အခက်အခဲ အများအပြားရှိနေသေးသည်ကို မြင်တွေ့နေရသည်။ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနကလည်း သွားလာရေးအခက်အခဲများ အမြန်ဆုံးကျော်လွှားနိုင်ရန် ယန္တရားများအသုံးပြုကာ ရသမျှ လုပ်ဆောင်ပေးနေသဖြင့်သာ ယခုလောက်အထိ အချိန်တိုအတွင်း လွယ်ကူလာရကြောင်း ကလေးလွင်ပြင်ပရဟိတအဖွဲ့မှ ကိုအောင်သူရှိန်က ပြောကြားသည်။

“ကျွန်တော်တို့ရွာမှာ အောက်ခံမြေကြီးကိုရောက်ဖို့ နွံထုငါးပေဝန်းကျင်ရှိတယ်။ မိုးကမကြာခဏ ပြန်ရွာနေတော့ နွံကမခြောက်ဘူး။ ခြောက်ပြန်ရင်လည်း ဒါတွေကိုဘယ်လိုနည်းနဲ့ ဖယ်ရှားမလဲဆိုတာ ပြဿနာတစ်ရပ်ပေါ့။ ဒီထက်ဆိုးတာက မိုးကျလို့ ရေကျတာနဲ့ ရေကြီးတာက နဂိုထက်ပိုမြန်တာကို တွေ့ရတယ်။ ရေတွေက ဆင်းစရာလမ်းကြောင်းတွေမှာ နွံခြောက်ကပိတ်နေရင် တော်တော်နဲ့မကျတော့ဘူး။ ချောင်းတွေမှာလည်း ဒီအတိုင်းပဲမိုးရွာတာနဲ့ ရေစီးကတအားသန်လာတယ်။ ရေကြီးမှုကအချိန်မရွေး ပြန်ဖြစ်လာနိုင်တာမို့ ဒေသခံတွေ စိုးရိမ်နေကြတယ်”ဟု ရွာထူထောင်ရေးအတွက် အချိန်ပေးလုပ်ဆောင်နေသူ ပေါက်ခုံရွာသား ကိုစည်သူအောင်က ပြောကြားသည်။

တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ စာရင်းထုတ်ပြန်ချက်အရ ကလေးမြို့နယ်အတွင်း သဖန်းအိုင်၊ အောင်မြင်သာ၊ မော်လိုက်(တောင်)၊ မော်လိုက်(မြောက်)၊ ပြင်သာ၊ တောင်ဦး၊ ရေလဲဦး၊ မြို့သာ၊ ပေါက်ခုံ၊ ဥယျာဉ်၊ ကင်ပွန်းခြုံ၊ ပေါက်တော (အနောက်)၊ ထိုမာနှင့် နတ်နန်း၊ ကျီကုန်း၊ ကျောက္ကာနှင့် တမူးမြို့နယ် မင်းသမီး ကျေးရွာတို့သည် အပျက်အစီးအများဆုံး ကျေးရွာများဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးအန္တရာယ်ကြောင့် ရေဘေးသင့်လူဦးရေ တစ်သိန်းကိုးထောင်ကျော်ရှိခဲ့ပြီး လူရှစ်ဦးထက်မနည်း သေဆုံးခဲ့ရသည့်အတွက် ရုတ်တရက်ကျရောက်တတ်သည့် ရေဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်ကြရမည်ဖြစ်ကြောင်း ရေကြောင်းစီမံခန့်ခွဲမှုပညာရှင် ဦးမြင့်သိန်းက မှတ်ချက်ပြုသည်။

“လူသားတို့ကြောင့် သစ်တောတွေပြုန်းတီးလာတယ်။ သစ်ပင်တွေနည်းပါးတော့တောင်ကျရေကို စုပ်ယူသုံးစွဲမှု နည်းလာတယ်။ တောင်ကတုံးတွေပေါ်ကမြေဆီလွှာတွေ၊ မြေနုတွေအားလုံးရေနဲ့အတူ အောက်ကိုဆင်းတယ်။ ကြိုတင်ပြင်ဆင်မှုမရှိရင် ကလေးဒေသရေဘေးဖြစ်သလို နေရာတိုင်း ရေဘေးကြုံရမှာအသေအချာပဲ။ ရာသီဥတုပြောင်းလဲတာကို တားဆီးဖို့ အချိန်တစ်နှစ်နှစ်နှစ်ပေးပြီးလုပ်မရပါဘူး။ နှစ်ပေါင်းများစွာ သစ်တောတွေကို နှိပ်စက်လာခဲ့သလို နှစ်ပေါင်းများစွာ ပြန်လည်ကုစားပေးဖို့လည်း လိုအပ်ပါတယ်။ သာမန်စိုးရိမ်ရေမှတ်တစ်ခုကို မြစ်ရေရောက်လာပြီဆိုတာနဲ့ ရေကြီးဖို့ကအခွင့်အလမ်းအများကြီးဖြစ်နေတော့ ကြိုတင်ပြင်ဆင်ဖို့နဲ့ သဘာဝဘေးအသိကို ပြည်သူလူထုသဘောပေါက်အောင်လုပ်ဖို့ အများကြီးလိုအပ်တယ်”ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောကြားသည်။

မြေသားတာပေါင်များအား မြှင့်တင်ခြင်းသည် ရေဘေးကြုံလာသည့်အခါ အများဆုံးအထောက်အပံ့ဖြစ်စေပြီး တစ်နိုင်ငံလုံးရှိ မြစ်ကမ်းနံဘေးနှင့် မြေနိမ့်ရာဒေသများတွင် ရေရှည်စီမံကိန်းများဖြင့် အလေးထားဆောင်ရွက်စေလိုကြောင်း ဒေါက်တာထွန်းလွင်က ဆိုသည်။

မြစ်ကမ်းနံဘေးများကို တာဖို့ခြင်းလုပ်ငန်းများအား နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသော်လည်း တာပေါင်များ၏အရည်အသွေးနှင့် စံချိန်စံညွှန်းများကို အလေးထားရန်နှင့် လက်ရှိရေလွှမ်းမိုးဒေသများတွင် နေထိုင်ရေး၊ စိုက်ပျိုးရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ပြည်သူနှင့်အတူ လက်တွဲဆောင်ရွက်ရန် အသင့်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးကို ဆောင်ရွက်လျက်ရှိသော တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ရေလွှမ်းမိုးမှုဖြစ်ပြီးနောက် အသစ်ပေါ်လာသော ချောင်းများကြောင့် သွားလာရေးအခက်ကြုံရသည်။

## မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ အလှူရှင်များမှ လှူဒါန်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးနှင့် နေပြည်တော်ရုံးများသို့ ပြည်သူလူထုနှင့် ပြည်တွင်း/ပြည်ပမှ စေတနာရှင်များက အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် လူသုံးကုန်တစ်ထုပ်နှင့် ရန်ကုန်မြေပဲဆီသန့် ဖာ ၃၀ ပါဝင်ကြောင်း သိရသည်။

အလားတူ မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်သို့ ပြည်တွင်း/ပြည်ပမှ စေတနာရှင်များက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဝေဖာမုန့် ဖာ ၁၂၀၊ ခေါက်ဆွဲခြောက် ၁၀ ဖာ၊ ငါးသေတ္တာသုံးဖာ၊ ရေသန့် ခြောက်လုံးတွဲ ၁၆၈ တွဲ၊ ဆန်အိတ် ၄၇ အိတ်၊ အဝတ်အထည် သုံး အိတ်၊ ဆာလာအိတ် ၄၅ အိတ်နှင့် တာပေါ်လင်စ ၃၆ စကို လာရောက်လှူဒါန်းခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့သည့်စာရင်းများအရ သိရသည်။

**(သတင်းစဉ်)**

## မြစ်ရေဝင်ရွှေ့ပြောင်း ပြည်သူများအတွက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးကထောက်ပံ့

**မန္တလေး ဩဂုတ် ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြစ်ရေဝင်ရွှေ့ပြောင်း ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက ထောက်ပံ့ငွေနှင့် ပစ္စည်းများ စဉ်ဆက်မပြတ် ပေးအပ်လှူဒါန်းလျက်ရှိကြရာ ဩဂုတ် ၁၄ ရက်က မန္တလေးမြို့ရုံးစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ မြစ်ရေဝင်ရွှေ့ပြောင်း ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

မန္တလေးမြို့ရုံးစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် Mr. Wang Yu က တရုတ်နိုင်ငံမှ အိမ်နီးချင်းနိုင်ငံများတွင် သဘာဝဘေးကြုံတွေ့ပါက ကူညီထောက်ပံ့ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး မြစ်ရေဝင်ရွှေ့ပြောင်း ပြည်သူများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၀၆)**

## အစုပေါ် အကျိုးဝေစုငွေများ ခွဲဝေပေးအပ်

**သဲကုန်း ဩဂုတ် ၁၅**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် အစုပေါ် အကျိုးဝေစုများ ပေးအပ်ပွဲကို ဩဂုတ် ၁၄ ရက်က သဲကုန်းမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထောက်အကူပြု ကော်မတီဝင် ဦးသန်းမြင့်၊ မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးသိန်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တာဝန်ရှိသူများက အမှာစကားပြောကြားကြပြီး သက်ဆိုင်ရာ အခြေခံသမဝါယမ အသင်းများသို့ ၂၀၁၄-၂၀၁၅ အစုပေါ် အကျိုးဝေစုငွေများ ခွဲဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ရေဘေးကာကွယ်ရေးတာတမံကို စက်ယန္တရားများဖြင့် အမြန်ပြုပြင်ဆောင်ရွက်



**ညောင်တုန်း ဩဂုတ် ၁၅**

ညောင်တုန်းမြို့တွင် မိုးရာသီကာလ ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေကြီးပြီး ရေဘေးအန္တရာယ်ကို နှစ်စဉ်တွေ့ကြုံနေရသည့်အတွက် ရေဘေးအန္တရာယ်နှင့် မြို့ပတ်တာ၊ ရေကာတာများ ခိုင်ခံ့ကောင်းမွန်ရေးအတွက် မြို့နယ်ဆည်မြောင်းဦးစီးဌာနက ဩဂုတ် ၁၃ ရက်ကစတင်ပြီး ယနေ့အထိ ဧရာဝတီမြစ်ရေ တက်ရောက်ခဲ့စဉ်က အရေးပေါ်ဖြစ်ပေါ်ခဲ့သည့် မြို့ပတ်ရေကာတာများရှိ ရေပေါက် ခုနစ်ပေါက်ကို ဧရာဝတီမြစ်ရေကျချိန်တွင် တူးဖော်ပိတ်ဆို့ပြီး အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ညောင်တုန်းမြို့၏ မြစ်ရေကာကွယ်ရေး တာတမံသည် အလျားနှစ်မိုင်ခန့်ရှိပြီး ပန်းလှိုင်မြစ်ရေတက်ရောက်မှု သဘာဝဘေးကို အကာအကွယ်ပေးလျက်ရှိသည်။ ဇူလိုင်လအတွင်း မြင့်တက်ခဲ့သော ပန်းလှိုင်မြစ်ရေသည် ဇူလိုင် ၃၀ ရက်မှစတင်၍ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေသို့ ကျော်လွန်ကာ ဩဂုတ် ၇ ရက်တွင် ၂၅ ဒသမ ၈ ပေအထိ အမြင့်ဆုံးတက်ရောက်ခဲ့သည်။

ညောင်တုန်းမြို့နယ် အတွင်းရှိ မြို့ရေဘေးကာကွယ်ရေးတာ(မြို့ပတ်တာ) အပါအဝင်တာတမံ အလျားမိုင် ၉၀ နီးပါးရှိပြီး ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ တပ်မတော်သားများ ပြည်သူလူထုတို့၏ ပူးပေါင်းကြိုးစားဆောင်ရွက်မှုကြောင့် မည်သည့်တာမျှ ထိခိုက်ပျက်စီးမှုများ မရှိခဲ့ကြောင်း သိရသည်။

ယခု ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းနေပြီဖြစ်ရာ မြစ်ရေတက်ရောက်ခဲ့စဉ်အတွင်း ဖြစ်ပေါ်ခဲ့သော မြို့မြစ်ရေ ရေဘေးကာကွယ်ရေးတာ၏ အားနည်းသော နေရာများနှင့် ရေပေါက်နေရာများအား ဆည်မြောင်းဦးစီးဌာနက အမြန်ပြန်လည်ပြင်ဆင်လျက်ရှိပြီး မြို့ရေဘေးကာကွယ်ရေး တာတမံတွင်လည်း ဌာနပိုင် စက်ယန္တရားများဖြင့် မြစ်ကမ်းပါး၊ မြို့ပတ်တာကို ထိန်းသိမ်းပြုပြင်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ယခုဩဂုတ်လအတွင်း အမြင့်ဆုံး တက်ရောက်ခဲ့သော မြစ်ရေသည် ဒုတိယအကြိမ်တက်ရောက်ခဲ့သော မြစ်ရေဖြစ်ရာ စက်တင်ဘာလအတွင်း ထပ်မံမြင့်တက်လာနိုင်သည့် တတိယအကြိမ် မိုးရာသီ ဧရာဝတီမြစ်ရေမြင့်တက်မှု ရေဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်( ညောင်တုန်း)**

# မီးပွိုင့်ပျက်နေသော လမ်းလေးခွဆုံတွင် ယာဉ်ထိန်းရဲများထားရှိပေးရန် ပြည်သူများလိုလားလျက်ရှိ

**ရန်ကုန် ဩဂုတ် ၁၅**

မင်္ဂလာတောင်ညွန့် မြို့နယ် မြယာကုန်းလမ်းနှင့် ဗိုလ်မင်းရောင်လမ်းလေးခွဆုံတွင် ရှိသော အချက်ပြမီးပွိုင့်မှာ တိုင်သုံးခုစလုံးတွင် အဝါရောင်တစ်မျိုးတည်းသာ လင်းချည် မှိတ်ချည်ဖြင့် အချက်ပြနေသောကြောင့် ယာဉ်ကြောများ ပိတ်ဆို့နေသည်။ **(ယာပုံ)**



အချို့သော ယာဉ်မောင်းသူများကလည်း အလျင်စလို လုယက်မောင်းနှင်သောကြောင့် လမ်းစည်းကမ်းအတိုင်းသွားလိုသော မည်သည့်ကားမှ မောင်းနှင်မရဘဲ ကားတန်းများ ရှည်လျားပြီး လမ်းများပိတ်ဆို့နေသည်။ လမ်းသွားပြည်သူများကလည်း ယာဉ်အန္တရာယ်ရှိသောကြောင့် မီးပွိုင့်ပျက်နေသော လမ်းလေးခွဆုံတွင် တာဝန်ရှိသော ယာဉ်ထိန်းရဲဝန်ထမ်းများထားရှိပေးပါရန် ယာဉ်မောင်းသူများနှင့် လမ်းသွားပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ချင်းတွင်းမြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာများတွင် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကွင်းဆင်းဆောင်ရွက်

**ကနီ ဩဂုတ် ၁၅**

ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းပိုင်းတွင် ချင်းတွင်းမြစ်ရေကြီးမှုကြောင့် ကနီမြို့နယ်တွင် မြစ်ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ရာ ယခုအခါ မြစ်ရေကျဆင်းသွား၍ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၏ညွှန်ကြားမှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကြီးကြပ်၍ ရေဝင်ရောက်ခဲ့သည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက်က မြို့ပေါ်ရပ်ကွက်နှင့် ကျောင်းများအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အုန်းဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများသည် ရပ်ကွက်များတွင် သောက်သုံးရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးနှင့် ကာကွယ်ဆေးခတ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ကျောင်းဆောင်များကို ခြင်ဆေးမှုတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ သခွတ္တနယ်တိုက်နယ်ဆေးရုံ ဒေါက်တာ မို့မို့လင်းနှင့် ကျန်းမာရေးဝန်ထမ်းများက မဲဒင်ကျေးရွာပြည်သူများကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းကုသပေးခဲ့ပြီး သွေးလွန်တုပ်ကွေး ရောဂါ၊ ငှက်ဖျားရောဂါနှင့် မြစ်ရေကျဆင်းပြီးချိန်တွင် ဖြစ်ပွားတတ်သော ဝမ်းရောဂါများနှင့်ပတ်သက်၍ ရောဂါမဖြစ်ပွားစေရေး လိုက်နာရှောင်ကြဉ်ရမည့် ကျန်းမာရေးလုပ်ငန်းများ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

# ကလေးမြို့တွင် လျှပ်စစ်ဓာတ်အားပေးမီးစက်သစ်များ တပ်ဆင်ပြီးစီး



**ကလေး ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်း ဒေသကြီး ကလေးမြို့တွင် ဇူလိုင် ၂၈ ရက်မှ ဩဂုတ် ၃ ရက်အထိ ရေကြီးနစ်မြုပ်ခဲ့ရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးစက်ရုံမှ 1250 KVA Mitsubishi 500 KVA Inmesol၊ 500 KVA Olympian ဓာတ်အားပေးစက်များ ရေနစ်မြုပ်ခဲ့ပြီး ဩဂုတ် ၁၄ ရက်က မီးစက်သစ်များ တပ်ဆင်ပြီးစီးကြောင်း သိရသည်။ **(ဓါပုံ)**

"ကျွန်တော်တို့ လျှပ်စစ်ဝန်ထမ်းတွေလည်း ဒီလိုရေကြီးရေလျှံမှုကြောင့် အိမ်တွေရေနစ်မြုပ်ခဲ့ရပါတယ်။ အခုအချိန်မှာ နိုင်ငံတော်အစိုးရက လျှပ်စစ်ဓာတ်အားပေးစက်သုံးလုံး ပို့ပေးလိုက်တယ်ဆိုတော့ ကလေးမြို့ပေါ်က ပြည်သူတွေ မီးပြန်ရဖို့အတွက် ရေမြုပ်တဲ့ကျွန်တော်တို့အိမ်သန့်ရှင်းရေးတွေကိုပစ်ထားပြီးတော့ လျှပ်စစ်မီးလိုင်း အမြန်တပ်ဆင်ပြီးစီးနိုင်ဖို့အတွက် ကျွန်တော်တို့ လျှပ်စစ်ဝန်ထမ်းတွေက နေ့ရောညပါ အားကြိုးမာန်တက် ဆောင်ရွက်ပေးနေပါတယ်" ဟု လျှပ်စစ်ဝန်ထမ်း တစ်ဦးက ပြောသည်။

ယခုအခါ လျှပ်စစ်ဓာတ်အားပြန်လည် ထုတ်လွှတ်ပေးနိုင်ရန်အတွက် နေပြည်တော်မှ 250 KVA ဓာတ်အားပေးစက်နှစ်လုံးနှင့် 300 KVA ဓာတ်အားပေးစက်တစ်လုံးတို့ ရောက်ရှိပြီး ပင်လုံရပ်ကွက်၊ တပ်ဦးသီတာရပ်ကွက်နှင့် တောင်ဖီလာရပ်ကွက်တို့တွင် တပ်ဆင်ပြီးစီးပြီး ဩဂုတ် ၁၄ ရက်ညမှစ၍ လမ်းမီးများနှင့် ရေဘေးလွတ်သည့် ရပ်ကွက်များတွင် လျှပ်စစ်မီးတစ်နေ့လျှင် သုံးနာရီကြာ စတင်ထုတ်လွှတ်ပေးနေပြီဖြစ်ကြောင်းသိရသည်။ **နေစု**

# စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သာယာဝတီ ဩဂုတ် ၁၅**

သာယာဝတီခရိုင် သာယာဝတီမြို့နယ် ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဩဂုတ်ပထမပတ်က ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲ၊ ခရိုင်ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့ဦးဆောင်၍ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်း ၈၇ ဦးတို့က ဆေးရုံဝင်းအတွင်း ချုံနွယ်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**


## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

(၁) ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ လမ်းဦးစီးဌာန တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တာလေ-ပါလျှိုး-ကျိုင်းလပ်လမ်း၏ပြည်ထောင်စု(အထူးပြင်)ရန်ပုံငွေနှင့် ပြည်နယ်(ငွေလုံးငွေရင်း)ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောအောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

(က) ဘိလပ်မြေ (ခ) သံချောင်းရှယ်စုံ (ဂ) သစ်ခွဲသား
(ဃ) ကျောက်ရှယ်စုံ (င) ချောင်းသဲကျောက် (စ) သဲကြမ်း/သဲနု

(၂) **တင်ဒါတင်သွင်းရမည့်ရက်** - ၁၇-၈-၂၀၁၅ရက်မှ ၂၇-၈-၂၀၁၅ရက်အထိ (ရုံးချိန်အတွင်း)
(၃) **တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၂၈-၈-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၂ နာရီ
(၄) **တင်ဒါရွေးချယ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ လမ်းဦးစီးဌာန၊ တာချီလိတ်မြို့

တင်ဒါလျှောက်လွှာပုံစံများကို တာချီလိတ်မြို့နယ် ဦးစီးအရာရှိရုံး၊ လမ်းဦးစီးဌာနတွင် ရုံးချိန်အတွင်းဝယ်ယူ တင်သွင်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၈၄-၅၀၀၁၇၊ ၀၈၄-၅၁၀၀၈၊ ၀၉-၄၅၈၀၃၃၉၅၂**

## JES Driver Academy

### အထူးယာဉ်မောင်းသင်တန်း

ထူးခြားသောနည်းစနစ်များဖြင့်သင်ကြားပေးမည့်ယာဉ်မောင်းအထူးသင်တန်းကို(၂၄.၈.၂၀၁၅)တနင်္လာနေ့တွင်ဖွင့်လှစ်ပါမည်။လူဦးရေကန့်သတ်ထားပါသည်။
(ခ)လိုင်စင်ရသည်အထိဆောင်ရွက်ပေးမည်။
(အမောင်းသင်လိုင်စင်လက်ဝယ်ရှိသူများအမြန်လိုင်စင်ရမည်။) တက်ရောက်လိုသူများအောက်ပါဖုန်းနံပါတ်များတွင်စုံစမ်းနိုင်ပါသည်။ 098581144, 0932173735, 09420165439, 09421033567, 0932250319, 09263145979

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၇၃**

ဒေါ်တင်ရီ **နှင့်** ဦးဝင်းတင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ည ရပ်ကွက်၊ ခေမာသီလမ်း၊ အမှတ် ၁၄၉၀/ခနေ တရားပြိုင် ဦးဝင်းတင်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်တင်ရီမှ အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံ့ အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၆ ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဓော်ဌေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## အမည်ပြောင်း

ဦးမင်းလွင်ဦး၏သမီး ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ အထက(၁)၊ နဝမတန်း(က)မှ မစုလှဲ့နန္ဒာအား မသဲဆုညီမ်းဟု ပြောင်းလဲခေါ်ပါရန်။ **မသဲဆုညီမ်း**
**၇/ဒဥန(နိုင်)၁၆၃၇၉၈**

## အမည်ပြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမက(၁၃) ဒုတိယတန်း(ဂ)မှ မောင်ညဏ်ထူးဆက်အား မောင်စစ်မင်းအောင်ဟုပြောင်းလဲခေါ်ပါရန်။

**မောင်စစ်မင်းအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၅၃၆၁၇ Kenbo(X-125)ဆိုင်ကယ် ဦးဝင်းကျော်ထက်ဗိုလ် ၉/မဟမ(နိုင်)၀၀၈၇၃၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# ပျောက်ဆုံးရွှေထည်ပစ္စည်းများနှင့် ငွေများကို မူလပိုင်ရှင်ထံသို့ ပဲခူးခရိုင်ရဲတပ်ဖွဲ့က ပြန်လည်ပေးအပ်

**ပဲခူး ဩဂုတ် ၁၅**

ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ဩဂုတ် ၁၄ ရက်က ရွှေထည်ပစ္စည်းများနှင့် ငွေများအား မူလပိုင်ရှင်ထံသို့ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦးက မူလပိုင်ရှင် မသူဇာထံသို့ ၎င်း၏ ပစ္စည်းများအား ပြန်လည်ပေးအပ်ခဲ့သည်။

ဖြစ်စဉ်မှာ ဝဲပတန်ကျေးရွာ ကဝမြို့နယ်နေ မသူဇာသည် မတ် ၉ ရက် မွန်းလွဲ ၂ နာရီခန့်က ပဲခူးမြို့နေ ၎င်း၏အစ်မဖြစ်သူ မစန်းစန်းဝင်း၏နေအိမ်မှ ၎င်းပိုင် ရွှေထည်ပစ္စည်းများနှင့် ငွေများအား ကွမ်းသီး၊ ကွမ်းရွက်၊ မုန့် စသည့် ဈေးပစ္စည်းများနှင့်ရောနှော၍ မြွေရေခွံအိတ်ထဲထည့်ကာ ဘုရားဈေးရှိ ကားဂိတ်သို့ ဆိုင်ကယ်ဖြင့်လာခဲ့ပြီး ကားဂိတ်သို့အရောက်တွင် ယင်းအိတ်ကိုချ၍ ကားပေါ်သို့တက်ခဲ့ကြောင်း၊ ယင်းနောက် ညနေ ၃ နာရီခန့်တွင် အုန်းနဲ့ကျေးရွာ ကားဂိတ်သို့ရောက်ရှိပြီး ကားပေါ်မှအဆင်းတွင် စပယ်ယာအား ၎င်း၏မြွေရေခွံအိတ်ကို မေးမြန်းရာ ကားစပယ်ယာက မပါလာကြောင်း၊ ပြောသောအခါမှ အိတ်ပျောက်ဆုံးနေသည်ကိုသိခဲ့ပြီး အုန်းနဲ့နယ်မြေ ရဲစခန်း၌ အမှုဖွင့်လှစ်ခဲ့ကြောင်း သိရသည်။




ဆက်လက်၍ ရဲအုပ်ယဉ်မင်းသိုက် ဦးဆောင်သော ခရိုင်မှုခင်းနှိမ်နင်းရေး ဌာနစိတ်မှ တပ်ဖွဲ့ဝင်များသည် ကဝမြို့နယ် မြောက်ဈေး ဖလုံကျေးရွာနေ အေးဟန်သည် ရွှေထည်ပစ္စည်းများ ရရှိထားကြောင်း သတင်းအရ မတ် ၂၅ ရက် မွန်းလွဲပိုင်းက အုန်းနဲ့နယ်မြေရဲစခန်းမှ တာဝန်ရှိသူများ၊ သက်သေများနှင့်အတူ အေးဟန်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်း၏နေအိမ်မှ ရွှေထည်ပစ္စည်းမျိုးစုံ စုစုပေါင်း ၃၆ မျိုး၊ အလေးချိန် ၂၃ ကျပ်သားခန့် ကာလတန်ဖိုး ငွေကျပ် သိန်း ၁၆၀ ခန့်ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ အေးဟန်အားစစ်ဆေးရာ ၎င်းရရှိထားသောငွေများဖြင့် ဝယ်ယူထားသည့် ကာလတန်ဖိုး ခုနစ်သိန်းခန့်ရှိ နွားမတစ်ကောင်အားလည်းကောင်း၊ ကာလတန်ဖိုးသုံးသိန်းခန့်ရှိ အိမ်အသုံးအဆောင်ပစ္စည်းများနှင့် အသုံးမပြုရသေးသော ငွေသားကျပ် ၁၆ သိန်း ၅ သောင်းတို့အားလည်းကောင်း ထပ်မံသိမ်းဆည်း ရမိခဲ့ကြောင်းနှင့် အခင်းဖြစ်နေရာအားစုံစမ်းရာ အနီးကိုက်ကျေးရွာအနီး ပဲခူး-ခရမ်းကားလမ်းမဘေးမှ ရရှိထားကြောင်း သိရသည်။

ထို့နောက် အနီးကိုက်ကျေးရွာအနီး ပဲခူး-ခရမ်းကားလမ်းမဘေး သနပ်ပင်မြို့နယ် သနပ်ပင်မြို့မရဲစခန်းအပိုင် နယ်မြေဖြစ်သောကြောင့် သနပ်ပင်မြို့မရဲစခန်းသို့ အမှုအားလွှဲပြောင်းခဲ့ပြီး စခန်းမှူး ဒုရဲမှူး နိုင်ဝင်းက အေးဟန်နှင့် ပစ္စည်းပိုင်ရှင် မသူဇာတို့အား အသေးစိတ်ထပ်မံစစ်ဆေးရာ ဆိုင်ကယ် ကယ်ရီဆွဲရင်း ကောက်ရခဲ့သောပစ္စည်းအား မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပြုမှု ပေါ်ပေါက်ခဲ့သဖြင့် သနပ်ပင်မြို့နယ်တရားရုံးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်၍ သက်သေခံပစ္စည်းများကိုသနပ်ပင်မြို့နယ်တရားရုံးက ဩဂုတ် ၁၄ ရက်က စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် သိန်း ၁၉၀ ခန့်ရှိ ရွှေထည်ပစ္စည်းများနှင့်ငွေများကို ဒုတိယရဲမှူးကြီး လှဦးက ပျောက်ဆုံးသွားသော မူလပိုင်ရှင်ဖြစ်သူ မသူဇာအား ပြန်လည်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**သန့်စင် (ပဲခူး)**

# ယာဉ်ပေါ်တွင် ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများတွေ့ရှိသဖြင့်အရေးယူ



ကျော်နိုင်၊ အောင်သူရ၊ ဇော်ထက်

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် မှုခင်းကြိုတင်ကာကွယ်ရေးနှင့် ဒုစရိုက်မှုများ မဖြစ်ပွားစေရေးအတွက် မြို့နယ်များတွင် ရွေ့လျားလှုပ်ရှားအဖွဲ့စနစ်ဖြင့် ယာဉ်စစ်ပိတ်ဆို့ စစ်ဆေးဆောင်ရွက်ခြင်း၊ မသင်္ကာဖွယ်စိမ်းများ စစ်ဆေးခြင်းများကို သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်များတွင် သယ်ယူလာသည့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခြင်း၊ ဘေးအန္တရာယ်ဖြစ်စေသော တုတ်၊ ဓားလက်နက်များ သိမ်းဆည်းရမိပြီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၄ ရက် ည ၁၁ နာရီ မိနစ် ၅၀ ခန့်က မရမ်းကုန်းမြို့မရဲစခန်းက တပ်ဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ် ပြည်လမ်း (၈) မိုင် လမ်းဆုံအနီး၌ ယာဉ်ပိတ်ဆို့ရှာဖွေစဉ် အင်းစိန်မြို့နယ်နေ အောင်သူရ(၂၀ နှစ်) မောင်းနှင်လာသော EE/---- Passo အငှားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်မောင်း၏ထိုင်ခုံဘေးမှ အရှည်နှစ်ပေ၊ နှစ်လက်မခန့်ရှိ သံတုတ်တစ်ချောင်း၊ ယာဉ်၏ရှေ့ခန်းတွင် လိုက်ပါစီးနင်းသူ အင်းစိန်မြို့နယ်နေ ဇော်ထက်(ခ)ဇော်ကြီး (၄၂ နှစ်)ထံမှ အရိုးအသွားတစ်ပေခန့်ရှိ သုံးမြောင့် စကေဘာတစ်ချောင်း၊ ယာဉ်၏ နောက်ခန်းတွင်လိုက်ပါစီးနင်းသူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ကျော်နိုင် (၅၄ နှစ်)ထံမှ လေးခွတစ်လက်နှင့် ကုန်းသီး ၁၈ လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မရမ်းကုန်းမြို့မရဲစခန်း၌ အမှုများ ရေးဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

# ညီအစ်ကိုချင်း စကားများရာမှ လူသတ်မှု ထီးချိုင့်မြို့နယ်၌ ဖြစ်ပွား

**ထီးချိုင့် ဩဂုတ် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ရဲစခန်းအရှေ့မြောက် (၁၂) မိုင်ခန့်အကွာရှိ အင်းဒေါင်းအုပ်စု ကျောင်းလမ်းရွာတွင် ညီအစ်ကိုချင်း စကားများရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၃ ရက် ည ၇ နာရီခွဲက ထီးချိုင့်မြို့နယ် ကျောင်းလမ်းရွာနေ ကိုမင်းအောင် (၃၇ နှစ်)သည် နေအိမ်၌ ဇနီးဖြစ်သူမအေးခိုင်နှင့်အတူ နေအိမ်သို့အလည်ရောက်ရှိနေသူ တစ်ရွာတည်းနေ ကိုရွှေဗျိုင်း၊ ကိုဦးတို့နှင့်စကားပြောဆိုနေရာမှ အစ်ကိုဖြစ်သူ မောင်ဦးနှင့်ညီငယ်ဖြစ်သူ ကောင်းထွန်းတို့မှာ စကားများပြီး လုံးထွေးသတ်ပုတ်နေကြကြောင်း၊ ညီငယ်ဖြစ်သူ ကောင်းထွန်းမှာ အသင့်ပါလာသော ဓားရှည်ဖြင့်ထိုးသည်ကို မြင်တွေ့ရပြီး ၎င်းအနေဖြင့် ဝင်ရောက်ဟန့်တားမည်ပြုစဉ် မောင်ဦးမှာ မြေကြီးပေါ်သို့ လဲကျသွားသည်ကို မြင်တွေ့ရကြောင်း၊ အစ်ကိုဖြစ်သူ မောင်ဦး (၃၈ နှစ် ) ကျောင်းလမ်းရွာ အင်းဒေါင်းအုပ်စု ထီးချိုင့်မြို့နယ်နေသူမှာ ဒဏ်ရာရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း သိရသည်။

အမှုမှ ကောင်းထွန်း (၃၇ နှစ်) ကျောင်းလမ်းရွာ အင်းဒေါင်းအုပ်စု ထီးချိုင့်မြို့နယ်နေသူအား ထီးချိုင့်မြို့မရဲစခန်းက အမှုစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ (ကသာ)**

# လွယ်ဂျယ်၌ မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

**ဗန်းမော် ဩဂုတ် ၁၅**

မူးယစ်တပ်ဖွဲ့စု(၁) ဗန်းမော်-လွယ်ဂျယ် လှုပ်ရှားဆွယ်မှ ဒုရဲအုပ် အောင်ဝင်း ဦးစီးတပ်ဖွဲ့ဝင်များနှင့် လွယ်ဂျယ် အောင်ချမ်းသာရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်တို့သည် သတင်းအရ လွယ်ဂျယ်မြို့ အောင်ချမ်းသာရပ်ကွက်နေ ဦးလောက်စန်း(ခ) ပိဂုန်း၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ ဘိန်းဖြူဟုယူဆရသော အဖြူအဝါကြားမှုန့် အလေးချိန် တစ်ပုလင်းလျှင် ၀ ဒသမ ၄ ဂရမ်ခန့် ပါ ငါးပုလင်း၊ စုစုပေါင်း နှစ်ဂရမ်ခန့်၊ မြန်မာ ငွေကျပ် တစ်သိန်းခန့်ကို သက်သေများရှေ့တွင် ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိသူ ဦးလောက်စန်း(ခ)ပိဂုန်း (၄၂နှစ်) ကို ဒုရဲအုပ် အောင်ဝင်းက တရားလိုပြုလုပ်တိုင်တန်းရာ လွယ်ဂျယ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဗန်းမော် ခရိုင် ပြန်/ဆက်)**


## မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ဖေဖေ ရဲမှူးကြီးစိုးဝင်း (ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး) ကယားပြည်နယ်၊ မေမေ ဒေါ်ခင်အုန်းမြင့်(စာရေးအဆင့်-၂၊ ငြိမ်း)တို့၏ ၁၆-၈-၂၀၁၅ ရက်တွင် ကျရောက်သော (၃၃)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင် ချစ်သား၊ ချစ်သမီး၊ ချစ်မြေးများနှင့်အတူ ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်စွာနေနိုင်ပြီး တိုင်းပြည်အကျိုး၊ ဘာသာသာသနာအကျိုးများကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သမီးကြီး - မနှင်းမြတ်စိုး (ဘဏ်ခွဲမန်နေဂျာ၊ AYA Bank. YGN-29)**

**ချစ်သမီးငယ် - မခိုင်ခိုင်သန့်**

**ချစ်သားငယ် - ဗိုလ်ကြီးသိန်းနိုင်စိုး**

**ချစ်မြေးလေး - လမင်းမြင့်မိုရ်**

## အားမာန် ပညာ့ရိပ်သာ

B.Ed ဝင်ခွင့်/ဖွင့်ပြီ

Exam Guide ထွက်ပြီ

အမှတ် ၉၀ (၅ လွှာ)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း ၀၁-၃၇၄၄၇၀၊ ၀၉-၂၅၀၃၁၂၃၇၉

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ မိုးကောင်းလမ်း၊ အမှတ်(၃၈)နေ ဒေါ်အေးအေးမော်( ၉/မရမ (နိုင်) ၀၄၆၂၄၉ )မှ အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို တစ်ဦးတည်း မူပိုင်အဖြစ်အသုံးပြုရန် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတော်၌ မှတ်ပုံတင်စာချုပ်အမှတ် (၁၂၉၆၆/၂၀၁၃)ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

မြတ်ပန်းအိမ်

အထက်ဖော်ပြပါ " **မြတ်ပန်းအိမ်** " တံဆိပ်အမှတ်အသားကိုအသုံးပြုပြီး ကွန်ပြူတာပန်းထိုးနှင့် ပိုးထည်၊ ချည်ထည်၊ အမျိုးသမီးဝတ်ချုပ်ထည်အမျိုးမျိုးတို့နှင့်ပတ်သတ်သော ပိတ်စ၊ ပိတ်လိပ်ပစ္စည်းအမျိုးမျိုးတို့ကို ပိတ်စဒီဇိုင်းအမျိုးမျိုးတို့အပေါ်တွင် အသားတံဆိပ်အဖြစ်ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကားထုတ်လုပ်ဖြန့်ချီ ရောင်းချသွားမည်ဖြစ်ပါသည်။ အဆိုပါ " **မြတ်ပန်းအိမ်** " တံဆိပ်အမှတ်အသားကိုမှီငြမ်း၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန် ဆင်တူယိုးမှားပြုလုပ်ခြင်း၊ အတုအပပြု၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း၊ မှာယူတင်သွင်းခြင်း၊ လက်ဝယ်ထားရှိခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်း တွေ့ရှိရပါက တည်ဆဲတရားဥပဒေများနှင့်အညီအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်စုစုထွန်း LL.B, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ ( စဉ်-၈၈၆၄ )
အမှတ်(၂၂၈/က)၊ မိဂသီလမ်း၊ ၁၂-ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ။
ဖုန်း - ၀၉ ၇၃၀၇၁၁၅၃ ၊၀၉ ၄၂၀၀၃၆၇၄၀

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်)၊ မြေတိုင်းရပ်ကွက် (၁၄၀)၊ မြေကွက်အမှတ် (၂၂၅၉)၊ မြေအမည်ပေါက် ဒေါ်တင်ထွန်း(ခ)ဒေါ်ကွန်း ၁၂/သဃက(နိုင်)၀၉၇၆၇၀ ၏ မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၆) မြေယာဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကုန်အမှတ်တံဆိပ်နှင့် အမှတ်အသား သတိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ အမှတ် (၁၉၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ (အဘ) ဦးရမ်ဇန်အလီ၏သား အုစ်မာန်အလီ (နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်-၁၂/ကတတ (နိုင်) ၀၀၀၉၀၈) ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေငြာအပ်ပါသည်။




ကျွန်ုပ်၏ အမှုသည်သည် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင် အသုံးပြုထားသော ကုန်အမှတ်တံဆိပ် နေကြာပန်း အမှတ်အသားဖြင့် ဒတ်တောလ်သန့်စင်ဆေးရည် (Dattol) ကိုထုတ်လုပ်ဖြန့်ချီရောင်းချသွားနိုင်ရန် လွန်ခဲ့သော (၂၀၁၂)ခုနှစ်၊ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် မှတ်ပုံတင်သွင်းကြေငြာခြင်းစာချုပ်ကို မှတ်ပုံတင်ခဲ့ရာ စာချုပ်အမှတ်-၄/၂၈၄၁ ဖြင့် (၁၆-၃-၂၀၁၂) နေ့တွင် မှတ်ပုံတင်ခဲ့ပါသည်။ ထိုသို့ မှတ်ပုံတင်ချိန်တွင် အခြားမည်သူတစ်ဦးတစ်ယောက်ကမှ ဒတ်တောလ်သန့်စင်ဆေးရည် (Dattol)ထုတ်လုပ်သုံးစွဲခဲ့ခြင်း၊ မှတ်ပုံတင်ထားခြင်းမရှိခဲ့ပါ။

ယခုအခါ ကျွန်ုပ်အမှုသည် ထုတ်လုပ်သောကုန်ပစ္စည်း၊ ကုန်အမှတ်တံဆိပ် နှင့် အမှတ်အသားတို့ကို ကုန်အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားတုပပြုလုပ်သုံးစွဲ၍ ဈေးကွက်တွင် တင်ပို့ဖြန့်ဖြူးရောင်းချလျှက်ရှိကြောင်း အခိုင်အမာသိရှိရပါသည်။

သို့ဖြစ်ပါ၍ ဤသတိပေးကြေငြာချက်ပါရှိပြီးသည့်နောက်ဆိုခဲ့သည့် ဒတ်တောလ်သန့်စင်ဆေးရည် (Dattol) အမှတ်အသားဖြင့်လည်းကောင်း၊ D-toll အမှတ်အသားဖြင့်လည်းကောင်း ဆက်လက်တုပပြုလုပ်ဖြန့်ဖြူးရောင်းချပါက တည်ဆဲတရားဥပဒေများနှင့်အညီ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ထိရောက်စွာအရေးယူတရားစွဲဆိုမည်ဖြစ်ကြောင်း သတိပေးကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးတင်ထွန်း (Johnian)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၃/၇၁)
မြဝတီဘဏ်ဥပဒေအကျိုးဆောင်၊ မြန်မာအင်ဂျင်နီယာအသင်းဥပဒေအကြံပေး
အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ၀၉၄၂၀၁၇၆၉၀၇

အပြာရောင်ကမ္ပည်းများရဲ့ရာဇဝင်

# နှစ်ပေါင်းတစ်ရာကျော်ကြာ တာဝန်ကျေပွန်ခဲ့တဲ့နေရာ သို့မဟုတ် ရန်ကုန်ဗဟိုမီးသတ်စခန်း




သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့

*မြို့တစ်မြို့၏အင်္ဂါရပ်များတွင် မြို့တော်ခန်းမ၊ ရုံးအဖွဲ့အစည်းများ၊ စနစ်ကျနသည့် လူနေရပ်ကွက်များ၊ ပန်းခြံများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများနှင့် စာသင်ကြားရာဌာနများတို့မှာ မရှိမဖြစ်ဖွဲ့စည်းတည်ရှိထားရှိရသည့် ဌာနများဖြစ်ပြီး ယင်းတို့နှင့်အတူ မြို့တော်တစ်ခုလုံး၏ အသက်အိုးအိမ်စည်းစိမ်အပေါင်းကို ရန်သူမျိုးငါးပါး၏ အဆိုးရွားဆုံးနှင့် အချိန်မရွေးကျရောက်နိုင်သည့် မီးဘေးအန္တရာယ်ကို ကာကွယ်ပေးရန်အတွက် မီးသတ်စခန်းများသည်လည်း အလွန်အရေးကြီးပါသည်။*

ရန်ကုန်မြို့တော်ကြီးကို အင်္ဂလိပ်ကိုလိုနီခေတ်က စနစ်တကျအကွက်ရိုက်ကာ တည်ဆောက်ခဲ့ပြီး စီးပွားရေးနှင့် ကုန်သွယ်ရေးမြို့တော်ကြီးတစ်ခုအဖြစ် တည်ထောင်ခဲ့စဉ်မှသည် ယနေ့အထိ ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ဌာနကြီးတစ်ခုကို လက်ညှိုးထိုးပြပါ ဟု ဆိုလာပါက ကြီးမားလှသော ထုထည်၊ လှပသော သုခုမလက်ရာများနှင့် တာဝန်သိမှုပြည့်ဝသည့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်စခန်း အဆောက်အအုံကြီးကို ပြရမည်ဖြစ်သည်။

ဆရာမောင်မြတ်မွန်(ဆူးလေ) ရေးသားခဲ့သော ဆောင်းပါးအရ မီးသတ်စခန်းကြီးသည် စတင်တည်ထောင်စဉ် ကတည်းကပင် သူ့တာဝန်ကို ကျေပွန်စွာဖြင့် နိုင်ငံနှင့်လူမျိုးအတွက် အသက်အိုးအိမ်တို့ကို ဖျက်ဆီးပစ်မည့် မီးဘေးအန္တရာယ် အသွယ်သွယ်တို့ကို ကာကွယ်စောင့်ရှောက်ပေးမည့် မီးသတ်သမားကြီးတို့အား မွေးထုတ်ပေးလျက်ရှိသူလည်း ဖြစ်သည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး၏ မီးသတ်စခန်းကြီးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရှေးဟောင်းအမွေအနှစ်စာရင်းများတွင် ထည့်သွင်းခြင်းခံရသည့် အဆောက်အအုံလည်းဖြစ်သည့်အပြင် တိုးတက်ဖွံ့ဖြိုးလာပြီး အထပ်မြင့်အဆောက်အအုံများ၊ ခေတ်မီဗိသုကာ လက်ရာများဖြင့် ပြည့်လာသည့် ရန်ကုန်မြို့ကြီးတွင် ယနေ့အထိ မူလအသုံးပြုသည့် ပုံစံအတိုင်း ဆက်လက် သုံးစွဲဆဲပင်ဖြစ်သော သက်တမ်းရင့် အဆောက်အအုံတစ်ခုလည်း ဖြစ်ပါသည်။



မြန်မာနိုင်ငံ၏ ပထမဆုံးသော မီးသတ်တပ်ဖွဲ့ကို အင်္ဂလိပ်တို့က တစ်နိုင်ငံလုံးကို အလုံးစုံသိမ်းပိုက်ခြင်းမပြုမီ ၁၈၈၃ ခုနှစ်တွင် စိန့်ပေါလ်နှင့် စိန့်ဂျွန်းအထက်တန်းကျောင်းတို့မှ ကျောင်းသားများက တစ်တပ်တစ်အား စုပေါင်းလုပ်အားဖြင့် စတင်ဖွဲ့စည်းနိုင်ခဲ့သည်။

ကုန်းဘောင် မင်းဆက်၏ နောက်ဆုံးမင်းဆက်ဖြစ်သော သီပေါမင်း ပါတော်မူပြီးနောက်ပိုင်းတွင် ရန်ကုန်မြို့၏ အခန်းကဏ္ဍသည်လည်း ပိုမိုမြင့်မားလာပြီးတိုးတက်သည့် စီးပွားရေးမြို့ကြီးအဖြစ် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှုများ မြင့်တက်လာရာ ရန်ကုန်လူဦးရေသိပ်သည်းဆနှင့် အိမ်ရာနေထိုင်မှုများသည်လည်း တိုးပွားလာခဲ့သည်။

နေထိုင်မှုများပြားသည်နှင့်အမျှ နေ့စဉ် မီးဘေးအန္တရာယ်တို့သည်လည်း သစ်သား၊ ဝါးတို့ဖြင့်ဆောက်လုပ်သည့် အိမ်ခြေအများ စုကို နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်လာသည်။

၁၈၈၃ ခုနှစ်မှစတင်ကာ ရန်ကုန်မြို့တွင် မီးငြိမ်းသတ်မှုစနစ်မှာ သာမန်လူတို့ ငြိမ်းသတ်သည့် ရေငင်ရေဆွဲကာ သွားရောက်ငြိမ်းသတ်သည့် စနစ်မှသည် မြင်းဖြင့်ဆွဲသွားရသည့် ရေနွေးငွေ့သုံးအင်ဂျင်ကို အသုံးပြုထားသော မီးငြိမ်းသတ်သည့် စနစ်ကို စတင်ကျင့်သုံး လာခဲ့ကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

မီးသတ်မှတ်တမ်းများအရ ၁၈၉၀ ပြည့်နှစ်ဝန်းကျင်တို့တွင် ရန်ကုန်မြို့ရှိ နေရာအနှံ့အပြားတွင် မီးဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ အများအပြားဖြစ်ပွားခြင်း ကြုံတွေ့ရပြီး ယင်းနှစ်နောက်ပိုင်းတွင် ရန်ကုန်မြို့၏ရေပေးဝေမှုကို ဗြိတိသျှတို့က စနစ်တကျပေးဝေနိုင်ရန် ကြိုးပမ်းပေးခဲ့ကြရာ ရေပေးဝေမှုလည်း လည်ပတ်လာခဲ့သည့်အပြင် သစ်သားအဆောက်အအုံများမှ အုတ်အဆောက်အအုံများ ပိုမိုများပြားလာခဲ့ခြင်းကြောင့် မီးဘေးအန္တရာယ်မှာ လျော့နည်းလာခဲ့ကြောင်း သိရသည်။

၁၈၉၆ ခုနှစ် အရောက်တွင် လုပ်အားပေးမီးသတ်တပ်ဖွဲ့အား စနစ်တကျလေ့ကျင့်မှုများဖြင့် ကျွမ်းကျင်သော မီးသတ်သမားများဖြင့် ပြန်လည်ဖွဲ့စည်းကာ အချိန်ပြည့် လခစားမီးသတ်တပ်ဖွဲ့ဖြင့် အစားထိုးခဲ့သည်။ ၁၉၁၁ ခုနှစ်တွင် မြူနီစီပယ်အဖွဲ့က မီးသတ်စခန်းတစ်ခုကို ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့လယ် ဆူးလေဘုရားလမ်းပေါ်ရှိ မြေကွက်တစ်ကွက်အား ရူပီးငွေ လေးထောင်ဖြင့် ဝယ်ယူခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။

ထို့နောက် အက်ဒွပ်ခေတ် လက်ရာဗိသုကာများဖြင့် တန်ဆာဆင်ကာ ပေ ၁၀၀ အမြင့်ရှိ မျှော်စင်ကြီးပါရှိသည့် မီးသတ်စခန်းတစ်ခုကို စတင်ဆောက်လုပ်ရာ ၁၉၁၂ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။

ထိုခေတ်က ပေ ၁၀၀ အမြင့်ရှိ မီးသတ်မျှော်စင်ကြီးမှနေ၍ ရန်ကုန်မြို့ပတ်ဝန်းကျင်သို့ ပုံမှန်ကြည့်ရှုစောင့်ကြပ်ရန်အတွက် မီးသတ်ဝန်ထမ်းများက နေ့ညအဆိုင်းများဖြင့် တာဝန်ယူခဲ့ကြပြီး မီးခိုးငွေ့နှင့် မီးညွန့်များ တက်လာသည်နှင့် တစ်ပြိုင်နက် အချိန်မီ သွားရောက် ငြိမ်းသတ်ပေးကြသဖြင့် မီးလောင်မှုကို တားဆီးနိုင်ခဲ့ကြသည်။

ထိုခေတ်ထိုအခါ၏ အဆောက်အအုံအများစုမှာ သုံးထပ်အမြင့်သာရှိသေးသဖြင့် မီးသတ်မျှော်စင်ကြီးသည် ရန်ကုန်မြို့၏ ပြယုဂ်တစ်ခုဖြစ်ခဲ့ပြီး တစ်မြို့လုံးအား အပေါ်စီးမှ အုပ်မိုးမြင်နိုင်သဖြင့် ရန်ကုန်သို့ရောက်ရှိလာသမျှ လူခပ်သိမ်းတို့မှာ မျှော်စင်ကြီး၏ ခမ်းနားမှုကို အံ့သြဘနန်း လာရောက်ကြည့်ရှုခဲ့ကြရကြောင်း သိရသည်။

ရိုးစင်းသည့် အပြင်အဆင်များဖြင့် အောက်ထပ်တွင် မီးသတ်ယာဉ်များ ရပ်နားရန်အတွက် နေရာကျယ်များ၊ အပေါ်ထပ်တွင် ရုံးခန်းနေရာကို စနစ်တကျဖွဲ့စည်းထားသည့်အပြင် လသာဆောင်နေရာကျယ်ကြီးကိုလည်း မီးသတ်သမားများ စုရုံးတွေ့ဆုံရာ သင်တန်းများပေးရာ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရန်အတွက် ရည်ရွယ်တည်ဆောက်ထားသည်။

၁၉၁၇ ခုနှစ်တွင် ဗဟိုမီးသတ်စခန်းကြီးအတွက် နေရာထိုင်ခင်းများ ပိုမိုလိုအပ်လာသဖြင့် ဘေးကပ်လျက်ရှိ ဟံသာဝတီပုံနှိပ်တိုက်နေရာကို ရူပီးငွေ နှစ်သိန်းဖြင့် ပေးချေကာ ဝယ်ယူခဲ့ပြီး ဘေးနေရာချဲ့ထွင်ခဲ့သည်။

သက်တမ်းနှစ်တစ်ရာကျော် ကြာမြင့်ပြီဖြစ်သည့် အဆိုပါ မီးသတ်အဆောက်အအုံကြီး၏ ထူးခြားချက်မှာ စတင်တည်ဆောက်ခဲ့စဉ်မှ ယနေ့အထိ အများနှင့်သက်ဆိုင်သည့် မီးသတ်အဆောက်အအုံအဖြစ် စနစ်တကျ ဆက်လက်တည်ရှိနေခြင်းပင်ဖြစ်ကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရှိရသည်။

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့၏ စတုတ္ထမြောက် အပြာရောင်ကမ္ပည်းပြားကို ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး မီးသတ်စခန်း အဆောက်အအုံကြီးတွင် တပ်ဆင်ပေးခဲ့သည်။

"ဗဟိုမီးသတ် အဆောက်အအုံဟာ ရန်ကုန်မြို့ရဲ့ အချက်အချာအကျဆုံးနေရာကနေ အရေးကြီးဆုံးသော မြို့ပြတာဝန်တွေကို နှစ်တစ်ရာကျော်သည်အထိ နေ့စဉ်မပြတ်ကျေပွန်စွာ တာဝန်ထမ်းဆောင်ဆဲဖြစ်တဲ့ အဆောက်အအုံတစ်ခုဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ အထင်ကရဖြစ်တဲ့ ဆူးလေဘုရားလမ်းမကြီးရဲ့ရှုခင်းကို ပြီးပြည့်စုံအောင် တစ်ပါတည်းတွဲလျက်ရှိတဲ့ ဗိသုကာလက်ရာကောင်းလည်း ဖြစ်ပါတယ်။ ဘုရားကို ဦးခိုက်နေတဲ့ လမ်းမကြီးနဲ့ လမ်းရဲ့ညာဘက်က မီးသတ်မျှော်စင်ဟာ သူမတူထူးခြားတဲ့ မြို့ပြရှုခင်းကို ဖော်ပြလျက်ရှိပါတယ်။ ဒါ့အပြင် မည်မျှပင် သက်တမ်းရင့်သော်လည်း အစဉ်အမြဲ သစ်လွင်နေအောင် ထိန်းသိမ်းထားနိုင်တဲ့ မီးသတ်တပ်ဖွဲ့ရဲ့ တန်ဖိုးထားထိန်းသိမ်းမှုကလည်း ချီးကျူးဂုဏ်ပြုစရာကောင်းပါတယ်" ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဒေါ်မိုးမိုးလွင်က ပြောကြားသည်။

**သက်တမ်းနှစ်တစ်ရာကျော် ကြာမြင့်ပြီဖြစ်သည့် အဆိုပါ မီးသတ်အဆောက်အအုံကြီး၏ ထူးခြားချက်မှာ စတင်တည်ဆောက်ခဲ့စဉ်မှ ယနေ့အထိ အများနှင့်သက်ဆိုင်သည့် မီးသတ်အဆောက်အအုံ အဖြစ် စနစ်တကျ ဆက်လက်တည်ရှိနေခြင်းပင်ဖြစ်**

---

ရယ်စရာမောစရာ ဟာသပဒေသာ

## အသက်ကြီးတော့ မေ့တာပေါ့


**ထရေဇီ ။ ။ "ကစားပွဲက ဘယ်လိုလဲမောင်၊"။**
**(ဂျက်ခ်၏ဇနီး)**
ဂျက်ခ် ။ ။ "ကောင်းပါတယ် မိန်းမရဲ့ ငါကောင်းကောင်းရိုက်နိုင်ခဲ့ပါတယ်၊ ဒါပေမယ့် ငါ့မျက်လုံးတွေက နည်းနည်းမှုန်နေတော့ ဘောလုံးဘယ်ရောက်သွားလဲဆိုတာ ငါမတွေ့လိုက်ဘူး"
**ထရေဇီ ။ ။ "ဒါပေမယ့် ရှင်က အသက် ၇၅ နှစ်ရှိပြီလေ။ ဘာကြောင့် ဂေါက်ရိုက်သွားတဲ့အခါ ကျွန်မ အစ်ကို စကော့ဒ်ကို ရှင်နဲ့တစ်ပါတည်း မခေါ်သွားတာလဲ"**
ဂျက်ခ် ။ ။ "သူကအသက် ၈၅ နှစ်ရှိပြီလေ၊ ပြီးတော့ ဂေါက်လည်းကစားတော့တာ မဟုတ်ဘူး"
**ထရေဇီ ။ ။ "ဒါပေမယ့် သူကမျက်လုံးကောင်းတယ်လေ၊ သူကဘောလုံးဘယ်ရောက်သွားလဲဆိုတာ ကြည့်ပေးလိုက်မယ်"**

နောက်တစ်နေ့ ဂေါက်ရိုက်သွားသောအခါ ဂေါက်ကွင်းသို့ သူ့ဇနီးပြောသည့်အတိုင်း သူ့အစ်ကိုကို တစ်ပါတည်းခေါ်သွားသည်။ ဂေါက်ကွင်းတွင် သူ့အစ်ကို စကော့ဒ်ကြည့်နေစဉ် ဂျက်ခ်က ဂေါက်သီးကို ရိုက်လိုက်သည်။ ဂျက်ခ်ရိုက်လိုက်သည့် ဂေါက်သီးသည် ဂေါက်ကွင်းအလယ်တည့်တည့်တွင် မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ဂျက်ခ် ။ ။ "ဂေါက်သီးကိုတွေ့လား၊"
**စကော့ဒ် ။ ။ "တွေ့တယ်လေ"**
ဂျက်ခ် ။ ။ "ကောင်းပြီလေ၊ အဲဒါဆို ဂေါက်သီးဘယ်မှာလဲ၊"
**စကော့ဒ် ။ ။ "ငါမေ့သွားပြီ"**

**တင်လင်းအောင်**

ခရီးသွားဆောင်းပါး



# အပန်းဖြေစရာ

# ကျိုက်ဟလိုင်ကမ်းခြေမှာ. . .

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-မောင်ချစ်ကြည်

**ပင်လယ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသောလေကြောင့် တစ်ကိုယ်လုံး အေးမြသွားသည်။ လတ်ဆတ်သောလေကို တဝရှူရှိုက်ရင်း လက်နှစ်ဖက်ဆန့်တန်းလိုက်ရာ လန်းဆန်းပေါ့ပါးမှုက ရင်ထဲအပြည့်။ တစ်မျှော်တစ်ခေါ်မြင်တွေ့ရသော ပင်လယ်ရေပြင်၊ ကမ်းခြေကို မပြတ်တမ်းရိုက်ခတ်နေသော ရေလှိုင်းများ၊ တိတ်ဆိတ်နေသည့် ပတ်ဝန်းကျင်ကြောင့် အေးချမ်းမှုကို ချမ်းမြေ့စွာခံစားရသည့် ပင်လယ်ကမ်းခြေကိုနှစ်သက်သော ကျွန်တော်. . . ရေးမြို့နယ်အတွင်း သပြေရွာသစ်အနီး ကျိုက်ဟလိုင်ကမ်းခြေကို ရောက်ရှိခဲ့သည်။**

“ခရီးလမ်းပန်းကတော့ မဝေးဘူး။ သွားလာရေးက နည်းနည်းပဲအခက်ခဲရှိတာပါ။ ဆိုင်ကယ်ကယ်ရီနဲ့ဆိုရင် အဆင်ပြေပြီး အချိန်မရွေးသွားလာလို့ရတယ်” ဟု အတူလိုက်ပါလာသူ ကိုအေးမြင့်က ပြောသည်။ ကျိုက်ဟလိုင်ကမ်းခြေက ခရီးသွားနည်းပါးသဖြင့် ရှင်းလင်းနေသည်။ ဒေသခံရေလုပ်သားတစ်ဦး၊ နှစ်ဦးကို မြင်တွေ့ရသည်။ ပင်လယ်ပြင်ကြီးရှိနေသရွေ့ ဒေသခံရေလုပ်သားတို့အတွက် ဝမ်းရေးသည် မပူရ။

ကျိုက်ဟလိုင်ကမ်းခြေတွင် လမ်းလျှောက်ရင်း သဲမွမွတို့က ခြေဖဝါးကို ရွရွထိတွေ့မှု၊ ဆားဓာတ်ပါသော ပင်လယ်လေကို ရှူရှိုက်ရမှုတို့ကြောင့် ပင်လယ်ကမ်းခြေတွင် နေထိုင်သူတို့ အသက်ရှည်ကျန်းမာကြသည်ဟု စိတ်ထဲက အလိုလိုထောက်ခံလာမိသည်။ ဆူညံသံများ၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ၊ မွန်းကျပ်မှုများ ကင်းဝေးရာ သဘာဝကမ်းခြေနှင့် သဘာဝလေတို့ကား တန်ဖိုးမဖြတ်နိုင်သော သဘာဝဆုလာဘ်များပင်။

ကျိုက်ဟလိုင်ကမ်းခြေသည် ရေးမြို့နယ် နှစ်ကရင်ကျေးရွာအနီး သပြေရွာသစ်ရွာအနီး တည်ရှိသည်။ နှစ်ကရင်ရွာနှင့် သပြေရွာသစ်မှာ သုံးမိုင်ခန့်သာ ကွာဝေးပြီး သပြေရွာသစ်မှ ကျိုက်ဟလိုင်ကမ်းခြေအထိ အကျယ်အဝန်းမှာ စတုရန်းမိုင် ၃၀ ခန့်ရှိသည်။ နှစ်ကရင်ရွာမှ အနောက်တောင်ဘက် သုံးမိုင်ခန့်တွင် ကျိုက်ဟလိုင်ကမ်းခြေရှိရာ နှစ်ကရင်ရွာရောက်သည်နှင့် ဆိုင်ကယ်စီးသွားလျှင် ခရီးကမဝေး၊ ကျွန်တော်တို့လည်း ရေးမြို့မှ နှစ်ကရင်ရွာ၊ နှစ်ကရင်ရွာမှ ကျိုက်ဟလိုင်ကမ်းခြေသို့ ဆိုင်ကယ်ဖြင့် လာရောက်ခဲ့ကြခြင်းဖြစ်သည်။

ရာသီဥတုက တိမ်များကြောင့် အုံ့ဆိုင်းဆိုင်းဖြစ်နေသည်။ ပင်လယ်ဘက်တွင် တိမ်တွေတက်လာသည်ကို မြင်တွေ့ရသော်လည်း ပင်လယ်ရေပြင်သည် ငြိမ်သက်လျက်ပင်ရှိနေသည်။ ကျိုက်ဟလိုင်ကမ်းခြေသည် စက်စဲကမ်းခြေထက် အနည်းငယ်မျှ ကျဉ်းသော်လည်း အပန်းဖြေကမ်းခြေကောင်းတစ်ခုအဖြစ် ထွက်ပေါ်လာရန် အလားအလာကောင်းများ ရှိနေသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပါက အချိန်တိုအတွင်း ခရီးသွားများရောက်ရှိလာမည့် ကမ်းခြေတစ်ခုပင်။

ကျိုက်ဟလိုင်ကမ်းခြေသဲသောင်ပြင်က သန့်ရှင်းသည်။ အပန်းဖြေရေကူးလိုသူများအတွက် အဆင်ပြေသလို၊ သဲသောင်ပြင်ပေါ်တွင် လွတ်လပ်စွာ ဆော့ကစားလိုသူများအတွက်လည်း အကျယ်အဝန်းရှိသည်။ ကမ်းခြေသစ်ဖြစ်သည့်အတွက် ဟိုတယ်နှင့် စားသောက်ဆိုင်များ တော့မရှိ။ ပင်လယ်ထွက်ကုန်များက လက်တစ်ကမ်းတွင်ရှိနေရာ ခရီးသွားများလာရောက်မှုများပါက ပုစွန်ကင်၊ ငါးကင်များ ရောင်းချခြင်းဖြင့် ဒေသခံလူငယ်များ ဝင်ငွေရရှိနိုင်သည်။ ခရီးသွားလုပ်ငန်းမှ အလုပ်အကိုင်များ၊ အခွင့်အလမ်းများလည်း ရရှိနိုင်မည်ဟု တွေးနေမိသည်။

ကျိုက်ဟလိုင်ကမ်းခြေမှ လှမ်းမျှော်ကြည့်လိုက်သည်နှင့်စိမ်းညို့နေသော ကျွန်းတစ်ကျွန်းကို ထင်ထင်ရှားရှားမြင်တွေ့ရသည်။ မေးမြန်းကြည့်ရာ ကုလားကုတ်ကျွန်းဖြစ်ကြောင်း သိရသည်။ ကုလားကုတ်ကျွန်းကို ကျွန်တော်အကြားဖြင့် သိရှိနေခဲ့ပြီးဖြစ်သည်။ ကုလားကုတ်ကျွန်းတွင် ရေနက်ဆိပ်ကမ်းပြုလုပ်ရန် လေ့လာမှုများ ပြုလုပ်နေသည်ဟု လွန်ခဲ့သည့်တစ်နှစ်ကျော်က မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အရာရှိကြီးတစ်ဦးက ပြောဖူးခဲ့ခြင်းကြောင့်ဖြစ်သည်။ နောက်ပိုင်း ကုလားကုတ်ကျွန်း ရေနက်ဆိပ်ကမ်းလေ့လာမှုသတင်းက တိမ်မြုပ်သွားသည်။

ကုလားကုတ်ကျွန်းနှင့် ကျိုက်ဟလိုင်ကမ်းခြေသည် ရေမိုင် ခုနစ်မိုင်ခန့် ကွာဝေးသည်။ ကုလားကုတ်ကျွန်းမှာ ကျွန်းမြောက်ပိုင်းသို့ တဖြည်းဖြည်းမြင့်တက်သွားရာ အမြင့်ဆုံးနေရာမှာ ပင်လယ်ရေမျက်နှာပြင်အထက် ၅၂၂ ပေ ခန့်ရှိသည်။ ကျွန်းအရှည်မှာ ၁၀ ကီလိုမီတာခန့်ရှိပြီး အကျယ်မှာ ၁ ဒသမ ၆ ကီလိုမီတာခန့်ရှိသည်ကို တွေ့မြင် ခန့်မှန်းမိသည်။ ကုလားကုတ်ကျွန်းသည် ကျိုက်ဟလိုင်ကမ်းခြေနှင့် ခုနစ်မိုင်ခန့်သာဝေးသော်လည်း ရေးမြစ်ဝနှင့်မူ ၃၅ ကီလိုမီတာခန့်ဝေးကြောင်း နှစ်ကရင်ရွာသားကိုအေးမြင့်က ပြောပြသည်။

ကျိုင်ဟလိုင်ကမ်းခြေသည် ကုလားကုတ်ကျွန်းနှင့် ဆက်စပ်ဖွံ့ဖြိုးလာနိုင်သည်ဟု တွေးမိသည်။ ကုလားကုတ်ကျွန်းမှာ နိုင်ငံတကာ ကုန်တင်သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်သော ရေအနက်ရှိသည်။ ကုန်းလမ်းခရီးလည်း အဆင်ပြေသည်။ ကမ်းခြေနှင့် နီးစပ်သည်ဖြစ်ရာ ရေနက်ဆိပ်ကမ်းဖြစ်ပေါ်လာပါက ကျိုက်ဟလိုင်ကမ်းခြေသည်လည်း အပန်းဖြေကမ်းခြေအဖြစ် တိုးတက်ဖွံ့ဖြိုးလာမည်မှာမလွဲပင်။ ဒေသတစ်ခုလုံးဖွံ့ဖြိုးလာပြီး အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပေါ်များလာမည်ဖြစ်သည်။

သာယာအေးချမ်းသော ကျိုက်ဟလိုင်ကမ်းခြေအနေအထားကို နှစ်ခြိုက်မိသည်။ အနားယူအပန်းဖြေလိုသူများအတွက် သဘာဝအလှအပများ မပျက်မယွင်းတည်ရှိနေသော အပျိုစင်ကမ်းခြေတစ်ခုလည်း ဖြစ်သည်။ ကောင်းကင်တွင် မိုးတိမ်တို့ ကင်းစင်သွားသဖြင့် ရာသီဥတုက ကြည်လင်လာသည်။ ပင်လယ်ပြင်အတွင်း သွားလာနေသော ရေယာဉ်အချို့နှင့် ဒေသခံ ရေလုပ်သားတို့၏ လှေငယ်များကို မှုန်ပျပျလှမ်းမြင်ရသည်။ အချိန်က ညနေ ၃ နာရီဖြစ်ရာ ကမ်းခြေကို ဦးတည်လာနေသော ရေလုပ်သားတို့ လှေငယ်အချို့ ရေလှိုင်းနှင့်အတူ အလိုက်သင့် ကမ်းကပ်လာသည်ကို မြင်တွေ့ရသည်။ တစ်နေ့တာအတွက် ဝမ်းရေးရှာဖွေမှု အဆုံးသတ်ရန် အိမ်ပြန်ကြခြင်းဖြစ် မည်။


ရေးမြို့နယ်တွင် အပန်းဖြေကမ်းခြေများရှိနေသည်။ နာမည်ကျော် ဘုရားတောင်ပင်လယ်ဝကမ်းခြေ၊ ကဗျာဝကမ်းခြေ၊ ခနိကြာကမ်းခြေနှင့် မန်းကျည်းကျွန်း ကမ်းခြေတို့ တည်ရှိနေရာ ယခု ကျိုက်ဟလိုင်ကမ်းခြေနှင့်ဆိုလျှင် အပန်းဖြေကမ်းခြေပေါင်း ငါးခုအထိရှိလာမည်ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်း မြို့နယ်တစ်ခုတည်းတွင် အပန်းဖြေကမ်းခြေငါးခုအထိ တည်ရှိနေသဖြင့် ရေးမြို့နယ်မှာ သဘာဝ အလှတရားနှင့်ပြည့်စုံနေသော ထူးခြားသည့်မြို့နယ်ပင်ဖြစ်သည်ဟု တွေးမိသည်။

ကျိုက်ဟလိုင်ကမ်းခြေနှင့် သပြေရွာသစ်ဝန်းကျင်တွင် စီးပွားရေးအရ ပင်လယ်ရေကြောင်းခရီးကို အမှီပြုပြီး စက်မှုဇုန် သို့မဟုတ် စီးပွားရေးဇုန်ပြုလုပ်ရန် မြေအကျယ်အဝန်းလုံလောက်စွာတည်ရှိနေသည်။ ကုန်းလမ်းခရီးအနေဖြင့် သပြေရွာသစ်ရွာမှ သံဖြူဇရပ်မြို့နယ်ဘုရားသုံးဆူမြို့နယ်အထိ မိုင် ၁၀၀ ခန့် ကွာဝေးသဖြင့် မော်တော်ယာဉ်ခရီးဖြင့်သွားလျှင် ဝေးကွာလွန်းသည့်ခရီးစဉ်မဟုတ်ချေ။ ခရီးသွားလုပ်ငန်းအတွက် အပန်းဖြေကမ်းခြေသစ်တစ်ခုအဖြစ် အလားအလာကောင်းရှိနေသည်မှာ အမှန်ပင်။

ကျိုက်ဟလိုင်ကမ်းခြေအနီး ကျိုင်ဟလိုင်ဘုရားကို ဖူး တွေ့ရသည်။ ကျိုက်ဟလိုင်ဘုရားကြောင့် ကျိုက်ဟလိုင်ကမ်းခြေဟု ခေါ်တွင်သည်ဟု ဒေသခံတစ်ဦးက ပြောသည်။ “ကျိုက်ဟလိုင်ဘုရားပွဲတော်ဆိုရင် ဒီကမ်းခြေမှာ အလွန်စည်ကားတာပေါ့။ ဘုရားပွဲလာတဲ့သူတွေ၊ အပန်းဖြေရေလာကူးတဲ့လူတွေနဲ့ ပြည့်နေတာ။ ပျော်စရာအလွန်ကောင်းပါတယ်” ဟု ၎င်းက ဆက်လက်ပြောသဖြင့် ဒေသခံများဖြင့် စည်ကားနေသော ကျိုက်ဟလိုင်ကမ်းခြေကို စိတ်ကူးဖြင့် ခံစားနေမိသည်။ ဘုရားပွဲတော်မှာ နွဲ့ပျော်ရင်း ကမ်းခြေ၌အပန်းဖြေပုံများမှာ စိတ်ကူးဖြင့်ပင် အပျော်များရင်ထဲ ကူးစက်လာသလိုပင်။

ကျိုက်ဟလိုင်ကမ်းခြေတွင် အတန်ကြာလေ့လာရင်း ညနေ ၅ နာရီ၌ ရေးမြို့သို့ပြန်ရန် ထွက်ခွာခဲ့သည်။ ကမ်းခြေမှ နေဝင်ဆည်းဆာအလှကား ပန်းချီကျော်များ လက်မှိုင်ချရမည့် သဘာဝပန်းချီကားတစ်ချပ်ပင်၊ လိမ္မော်ရောင်မှ အနီရောင်သို့ တဖြည်းဖြည်းပြောင်းလဲသွားသည့် နေမင်းကားလောကတစ်ခွင်ကို နှုတ်ဆက်ရန်ပြင်ဆင်ကာ ကြည့်ရင်းကပင် နိမ့်ဆင်းသွားခဲ့ပြီ။ ကျိုက်ဟလိုင်ကမ်းခြေမှ လှိုင်းပုတ်သံများလည်း တဖြည်းဖြည်းဝေး၍ ကျန်ခဲ့ပြီ။ ။

**အပန်းဖြေ ရေကူးလိုသူများအတွက် အဆင်ပြေသလို၊ သဲသောင်ပြင်ပေါ်တွင် လွတ်လပ်စွာ ဆော့ကစားလိုသူများအတွက်လည်း အကျယ်အဝန်းရှိသည်။ ကမ်းခြေသစ်ဖြစ်သည့်အတွက် ဟိုတယ်နှင့် စားသောက်ဆိုင်များတော့ မရှိ။ ပင်လယ်ထွက်ကုန်များက လက်တစ်ကမ်းတွင်ရှိနေရာ ခရီးသွားများလာရောက်မှုများပါက ပုစွန်ကင်၊ ငါးကင်များ ရောင်းချခြင်းဖြင့် ဒေသခံလူငယ်များ ဝင်ငွေရရှိနိုင်သည်။**



# မင်္ဂလာရှိပါစေ

■ မြင့်မောင်စိုး

လူတိုင်းလူတိုင်း မင်္ဂလာဖြစ်စေသောအကြောင်းအချင်းအရာများကို အလိုရှိကြကုန်၏။ မင်္ဂလာဖြစ်စေသော သတင်းစကားကို ကြားလိုကြ၏။ မင်္ဂလာကိုဖြစ်စေသော လုပ်ငန်းဆောင်တာတို့ကို လုပ်ကိုင်ဆောင်ရွက်လိုကြ၏။ မင်္ဂလာရှိသော အသက်မွေးမှုကို နှစ်သက်ကြကုန်၏။ ထို့ကြောင့်လည်း လူတစ်ဦးနှင့်ဆုံတိုင်းကြုံတိုင်း ပဋိသန္ထာရစကားအဖြစ် "မင်္ဂလာပါခင်ဗျာ"၊ "မင်္ဂလာပါရှင်"၊ "မင်္ဂလာပါ"ဟူသောစကားကို တွင်တွင်ကြီး သုံးနှုန်းပြောဆိုကြလေ့ရှိပါသည်။ ကျွန်ုပ်တို့အနေဖြင့် မင်္ဂလာပါဟူသောစကားကို မူလတန်းအရွယ်ကလေးဘဝကပင် စတင်သုံးနှုန်း ပြောဆိုခဲ့ကြပေသည်။ "မင်္ဂလာပါဆရာကြီး"၊ "မင်္ဂလာပါဆရာမ" ဟူ၍ ဆရာတပည့်ဆက်ဆံရေးကို မင်္ဂလာနှင့် စခဲ့ကြသည်။

ကလေးဘဝကစလို့ မင်္ဂလာနှင့်စခဲ့ကြသော ကျွန်ုပ်တို့အဖို့ ကြီးပြင်းလာသည့်အခါမှာလည်း မင်္ဂလာနှင့် ကင်းကွာ၍မရပါ။ မင်္ဂလာသည် ခုလည်းရှိနေဦးမည်။ နောင်လည်းရှိနေဦးမည်။ လူသားအားလုံးအတွက် မင်္ဂလာတည်းဟူသော အကျင့်ကောင်း အကျင့်မြတ်သည် မွေးဖွားသည်မှ သေလွန်သည်အထိ ရှိနေဦးမည်သာဖြစ်ပါ သည်။ သို့သော် မင်္ဂလာရှိသည်၊ မရှိသည်ဆိုသော အကြောင်းတရားသည် ကျင့်ကြံပြောဆိုသူများနှင့်သာ သက်ဆိုင်ပါသည်။ ကောင်းစွာကျင့်ကြံပြောဆိုလုပ်ကိုင်ဆောင်ရွက်ကြသူများအဖို့ မင်္ဂလာသည် ရှိနေမည်မှာ သေချာပါသည်။ သို့ကလို မင်္ဂလာ "စာအရှိ" က ရှိသည်နှင့်အညီ ပြုမူကျင့်ကြံပြောဆိုမှု မရှိချေက မင်္ဂလာနှင့် ဝေးနေဦးမည်သာဖြစ်ပါသည်။ မည်မျှပင် "မင်္ဂလာပါ" ဟူသောစကားကို သွင်သွင်သုံးနှုန်းပြောဆိုနေလင့်ကစား မင်္ဂလာရှိသော မင်္ဂလာလူသားအဖြစ်သို့ ရောက်ရှိလာဦးမည်မဟုတ်ပေ။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့အဖို့ မင်္ဂလာရှိအောင် မည်သို့မည်ပုံ ကျင့်ကြံနေထိုင်ကြမည်နည်း။ နည်းလမ်းကောင်းရှာ ကြံရပါမည်။ မင်္ဂလာရှိအောင် ကျင့်ကြံနေထိုင်နိုင်သော နည်းလမ်းကား အမှန်ပင် ရှိပါသည်။ မင်္ဂလာနှင့်ပတ်သက်၍ ငါးရာ့ငါးဆယ်ဇာတ်တော် မဟာမင်္ဂလဇာတ်၌ ရသေ့ငါးရာတို့အား ဆရာရသေ့ဖြစ်သည့် ရက္ခိတမည်သော ရသေ့ကြီး၏ဟောကြားမှုမှာ ဤသို့ပင်ဖြစ်၏။

"တပည့်တို့- ဘုမ္မစိုးနတ်အစရှိသော ကာမဝစရနတ်တို့သည်လည်းကောင်း၊ ရူပါဝစရဗြဟ္မာ၊ အရူပါဝစရဗြဟ္မာတို့သည်လည်းကောင်း၊ ကျောရှည်သော သတ္တဝါတို့သည် လည်းကောင်း မေတ္တာဖြင့် အခါခပ်သိမ်းလေ့ကျင့်ပွားများကုန်၏။ ခပ်သိမ်းသော သတ္တဝါတို့၌ မေတ္တာပွားစေခြင်းကို အပြစ်မရှိ၊ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ဟောကုန်၏။"

ထို့နောက် ဒုတိယမင်္ဂလာကို ဟောကြားတော်မူပြန်၏။ "တပည့်တို့- ခပ်သိမ်းသော လူအပေါင်းတို့အား နှိမ်ချသောဖြစ်ခြင်းရှိ၏။ သူငယ်၊ မိန်းမ၊ ယောကျ်ားတို့၏ မကောင်းသဖြင့် ဆိုအပ်သော ဖရုသဝါစာကြမ်းတမ်းသောစကားကို သည်းခံလေ့ရှိ၏။ သူတော်ကောင်းတို့အား လျော်ကန်သင့်မြတ်သော စကားကို ဆိုလေ့ရှိ၏။ ထိုသည်းခံခြင်းသည် အပြစ်မရှိ၊ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ဟောကုန်၏။"

ဆက်လက်၍ တတိယမင်္ဂလာကို ဟောကြားတော်မူပြန်၏။ "တပည့်တို့- မြဲမြံသော အဆွေခင်ပွန်းတို့ကို အတတ်ပညာဖြင့် လည်းကောင်း၊ အမျိုး၏ ပြည့်စုံခြင်းဖြင့်လည်းကောင်း၊ ဥစ္စာဖြင့်လည်းကောင်း မထီမဲ့မြင် မပြုရာ၊ အကျိုးအကြောင်းဖြစ်သောအခါ နှစ်သက်အပ်သော၊ ကောင်းမြတ်သော ပညာအကျိုးအကြောင်းကို ပိုင်းခြားစီရင်နိုင်သော ပညာရှိဖြစ်၍ အဆွေခင်ပွန်းတို့ကို မထီမဲ့မြင်မပြု။ ထိုအဆွေခင်ပွန်းတို့၌ မထီမဲ့မြင်မပြုခြင်းကို အပြစ်မရှိ၊ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏"

တစ်ဖန် စတုတ္ထမင်္ဂလာကို ဟောကြားပြန်၏။"တပည့်တို့- မချွတ်ယွင်း စေသော အလေ့ရှိသူအား အကျွမ်းဝင်သော ပညာရှိသူတော်ကောင်းတို့သည် စင်စစ် အဆွေခင်ပွန်းဖြစ်ကုန်၏။ အဆွေခင်ပွန်းတို့၏ အကျိုးစီးပွားကို မဖျက်ဆီးတတ်၊ မိမိဥစ္စာဖြင့် အဆွေခင်ပွန်းတို့အား ခွဲခြားဝေဖန်လေ့ရှိ၏။ အဆွေခင်ပွန်းရှိခြင်း၊ အဆွေခင်ပွန်းတို့အား ဥစ္စာဆက်ဆံဝေဖန် ခွဲခြမ်းခြင်းကို အပြစ်မရှိ၊ စင်ကြယ်သောမင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏။"

ပြီးလေသော် ပဉ္စမမင်္ဂလာကို ဟောကြားပြန်လေ၏။ "တပည့်တို့-အရွယ်တူ၏ အညီအညွတ် ဝမ်းမြောက်ဝမ်းသာနေလေ့ရှိ၏။ သုစရိုက် ၁၀ ပါးကို လိုလားနှစ်သက်၏။ သီလရှိ၏။ လင်ကိုရိုသေ၏။ ဆိုခဲ့ပြီးသော ဂုဏ်တို့နှင့် ပြည့်စုံသော မယားကောင်းရှိခြင်းကို အပြစ်မရှိ၊ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏။"

သည့်နောက် ဆဋ္ဌမမင်္ဂလာကို ဆက်ပြန်လေ၏။ " တပည့်တို့- စင်ကြယ်သောအဖြစ်၊ လုံ့လရှိသောအဖြစ်၊ အတူတကွ မကွဲမကွာသောအဖြစ်ရှိသည်ဖြစ်၍ ဤသူကား စိတ်နှလုံးကောင်း၏ဟု မင်းနှင့်တကွ လူအပေါင်းတို့ သိကြ၏။ ဆိုခဲ့ပြီးသော ဂုဏ်နှင့်ပြည့်စုံ၍ စိတ်နှလုံးကောင်းခြင်းကို အပြစ်မရှိ၊ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏"

ဆရာအရှင် ရက္ခိတရသေ့ကြီးကား ဤမျှနှင့်မရပ်သေး။ သတ္တမမင်္ဂလာကို ဆက်ပြန်၏။

"တပည့်တို့- ကံ ကံ၏အကျိုးကို ယုံကြည်သည်ဖြစ်၍ ထမင်း၊ အဖျော်၊ ပန်း၊ နံ့သာ၊ နံ့သာပျောင်းတို့ကို ကြည်ညိုသော စိတ်အရင်းခံကာ ဝမ်းမြောက်ဝမ်းသာလှူဒါန်း၏။ ထိုသို့ လှူဒါန်းခြင်းအမှုကို အပြစ်မရှိ၊ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏။"

ထိုမျှနှင့် မကသေး။ အဋ္ဌမ မင်္ဂလာကို ဆက်ပြန်၏။ "တပည့်တို့- ဉာဏ်ပညာကြီးမားသော၊ တည်ငြိမ်သည့်စိတ်ရှိသော၊ အကြားအမြင်ရှိသော၊ သီလရှိကုန်သော၊ အရိယာ ပုဂ္ဂိုလ်တို့သည်နှစ်သက်သော စိတ်ရှိကုန်သည်ဖြစ်၍ ကောင်းမြတ်သော အကျင့်ဖြင့် သုတ်သင်ကြကုန်၏။ ထိုရဟန္တာတို့အလယ်၌ရအပ်သော အရဟတ္တဖိုလ်သည် အပြစ်မရှိ၊ စင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ ဟောကုန်၏။"

"တပည့်တို့- လောက၌ ဤရှစ်ပါးသော မင်္ဂလာတို့ကိုသာ အပြစ်မရှိ၊ စင်ကြယ်သောမင်္ဂလာမည်ကုန်၏။ ပညာရှိတို့ ချီးမွမ်းကုန်၏။ နိဗ္ဗာန်တိုင်အောင် မြတ်သော ချမ်းသာကို ဖြစ်စေတတ်ကုန်၏။ ဤလောက၌ ပညာရှိသောသူသည် ဤရှစ်ပါးသော မင်္ဂလာကြီးတို့ကိုသာလျှင် မှီဝဲရာ၏။ အဘယ်ကြောင့်ဆိုပါလျှင် ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ၌ တစ်ခုသော မင်္ဂလာမျှလည်း ပရမတ္ထသစ္စာ မည်သည်မရှိ၊ ထို့ကြောင့် ရှစ်ပါးသော မင်္ဂလာကြီးတို့ကိုသာ မှီဝဲရာ၏"ဟူ၍ ဟောကြားလေ၏။

မှန်ပေ၏။ ကျွန်ုပ်တို့လူသားများအနေဖြင့် ယခုလက်ရှိဘဝမှ နိဗ္ဗာန်ရောက်သည့်တိုင်အောင် တရားဓမ္မနှင့်အညီ နေထိုင်သွားရန် အရေးကြီး၏။ ဤသို့ တရားဓမ္မနှင့်အညီ နေထိုင်သွားရန်ကား မင်္ဂလာတရားတော်နှင့်အညီ နေထိုင်ခြင်းမှ အခြားမရှိပြီ။ မင်္ဂလာရှိအောင် ကျင့်ကြံနေထိုင်ကြပါက မင်္ဂလာရှိမည်။ မင်္ဂလာရှိသော လူသားအဖြစ်သို့ ရောက်ရှိမည်ဖြစ်ပါ၏။

ထို့ကြောင့် လူတိုင်းလူတိုင်း မည်သည့်အလုပ်မဆို မေတ္တာရှေ့ထားလုပ်ကိုင် ဆောင်ရွက်သင့်၏။ သတ္တဝါတို့အပေါ်၌ မေတ္တာပွားများသင့်၏။ အရာရာသည်းခံစိတ်မွေးသင့်၏။ အဆွေခင်ပွန်းတို့အပေါ် ပစ္စည်းဥစ္စာ ဂုဏ်ရှိန်ဝါအကြောင်းပြု၍ မောက်မာစွာဆက်ဆံခြင်းကို မပြုအပ်ပေ။အဆွေခင်ပွန်းကောင်း၊ မိတ်ကောင်း ဆွေကောင်းများ တိုးပွားအောင် ဆောင်ရွက်သင့်၏။ ငါးပါးသော သီလကို မြဲမြံစွာစောင့်ထိန်းအပ်၏။ လုံ့လဝီရိယရှိပြီး စိတ်ကောင်းနှလုံးကောင်း မွေးမြူသင့်၏။ အယုတ်၊ အလတ်၊ အမြတ်မရွေး ပေးကမ်းလှူဒါန်းခြင်းကို မပြတ်ဆောင်ရွက်အပ်၏။ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်စုံသော သူတော်ကောင်းပုဂ္ဂိုလ်များကို ကိုးကွယ်ဆည်းကပ်သင့်ပေ၏။ ဤသို့ ကျင့်ကြံနေထိုင်ကြသူများသည် မင်္ဂလာရှိမည်သာ သေချာပါသည်။ လူသားအားလုံး မင်္ဂလာရှိကြပါစေ။ ။

**မင်္ဂလာရှိသည်၊ မရှိသည်ဆိုသော အကြောင်းတရားသည် ကျင့်ကြံပြောဆိုသူများနှင့်သာ သက်ဆိုင်ပါသည်။ ကောင်းစွာကျင့်ကြံ ပြောဆိုလုပ်ကိုင် ဆောင်ရွက်ကြသူများအဖို့ မင်္ဂလာသည်ရှိနေမည်မှာ သေချာပါသည်။**

# မိုးတွင်းချိန်ခါ

## ကျန်းမာရေး အလေးဂရုပြုစရာများ

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

*(ယခင်အပတ်မှအဆက်)*

**လေထိုးလေအောင့်ဖြစ်ခြင်းအတွက် ပြုစုကုသနည်းမှာ** လေထိုးလေအောင့်ဖြစ်သည့်အခါ ဝမ်းဗိုက်ကို လွန်မင်းစွာမနှိပ်မိရန် အထူးဂရုပြုရပါမည်။ (အကယ်၍ နာကျင်သည့်နေရာသည် တစ်နေရာတည်းဖြစ်ပြီး ဝမ်းခေါင်းလည်း တဖြည်းဖြည်းတင်းလာပါက အစာအိမ်ပေါက်ခြင်း၊ အူအတက်ပေါက်ခြင်း၊ အူပေါက်ခြင်း စသည့် စိုးရိမ်ဖွယ်အခြေအနေများဖြစ်တတ်၍ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ အမြန်ဆုံးပို့ရန် အရေးကြီးပါသည်။) သာမန်လေထိုးလေအောင့် ဖြစ်ပါက ဆားခါးကို ရေနွေးဖြင့် ဖျော်၍ဖြစ်စေ၊ ကန့်ကလာကို သုံးခွက်တစ်ခွက်တင်ကျိုပြီး ဆား၊ ပျားရည်တို့ရော၍ဖြစ်စေ၊ သဘော်ဖိုမြစ်ကို သုံးခွက်တစ်ခွက်တင်ကျို၍ဖြစ်စေ တိုက်ကျွေးနိုင်ပြီး ကြေကျက်ခဲသောအစာကြွင်းများ မကျွေးဘဲ စွပ်ပြုတ်ရည်ကျဲကျဲတိုက်ကျွေးခြင်းပြုလုပ်ပေး၍ ထိုးအောင့်သည့်နေရာတွင် ရေနွေးအိတ်ကပ်ပေးရပါမည်။ သွေးတိုးရောဂါ၊ ဆီးနှင့် ကျောက်ကပ်ရောဂါမရှိသူများအတွက် လေမျိုးရှစ်ဆယ်ဆေး(တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၂)ကိုဖြစ်စေ၊ ပတဲမြင့်မိုရ်ကုန်းဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၂၅ )ကိုဖြစ်စေ၊ ဆားငါးပါးဆေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၃) ကိုဖြစ်စေ တစ်ကြိမ်လျှင် လူကြီး နှစ်ပဲသား၊ ကလေး တစ်ပဲသားနှုန်းဖြင့် တစ်နေ့သုံးကြိမ်တိုက်ကျွေးပေးရပါမည်။ **"အစာမကြေ၊ လေထိုးလေအောင့်ရောဂါ အတွက်လိမ်းဆေး"** အဖြစ် ယူကလစ်ဆီ၊ အရက်ပြန်၊ နှမ်းဆီသုံးမျိုးတို့ကို ဆတူစပ်ပြီး ပုလင်းထဲ၌ ထည့်၊ ပုလင်းကိုလှုပ်ပြီး တစ်နေ့နှစ်ကြိမ်သုံးကြိမ် ရင်ဘတ်နှင့်ဝမ်းဗိုက်ကို လိမ်းပေးပါက သက်သာပျောက်ကင်းနိုင်ပါသည်။

### (၄) အသည်းရောင်အသားဝါရောဂါ

ပူသောအစားအစာများ စားသုံးမှုလွန်ကဲခြင်း၊ ခန္ဓာကိုယ်အတွင်း၌ အပူဓာတ်ကိန်းအောင်းမှု လွန်ကဲခြင်း၊ သောက်သုံးရေမသန့်ရှင်းခြင်း၊ အစားအသောက်များ ချက်ပြုတ်စားသောက်ရာတွင် သန့်ရှင်းမှုမရှိခြင်း၊ မှိုတက်သော၊ ပုပ်သိုးသောအစားအစာများကို အမှတ်တမဲ့စားမိခြင်း၊ ဆီးချုပ်၊ ဝမ်းချုပ်အဖြစ်များခြင်း၊ အညောင်းထိုင်မှုများခြင်း၊ ခန္ဓာကိုယ်အနေအထား တစ်မျိုးတည်းကြာရှည်စွာ အနေများခြင်း၊ ပူသောဥတု (လေပူ၊ ရေပူ၊ မီးပူများ)တွင် ထိတွေ့မှုလွန်ကဲခြင်း စသည်တို့ကြောင့် ဖြစ်ပွားတတ်ပါသည်။ ရောဂါလက္ခဏာများအနေဖြင့် နေထိုင်မကောင်း၊ ကိုလက်မအီမသာဖြစ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဖျားခြင်း၊ (ဖြစ်ပွားပြီး တစ်ပတ်ခန့်ကြာပါက) မျက်လုံးနှင့် လျှာများဝါခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံးဝါလာခြင်း၊ မူးဝေခြင်း၊ မောပန်းခြင်း၊ ဆီးများဝါလာခြင်း၊ လက်ယာဘက်နံရိုးများနာလာခြင်း၊ (အသည်းရောင်သည့် လက္ခဏာပေါ်လာခြင်း)တို့ ဖြစ်တတ်ပါသည်။ ပြုစုကုသနည်းမှာ အာရုံနေရာအားဖြင့် အအေးခံခြင်း၊ အထူးသဖြင့် ခြေထောက်အောက်ပိုင်းအအေးခံခြင်းမပြုမိစေဘဲ နွေးထွေးစွာနေထိုင်ခြင်းနှင့် ဝမ်းဗိုက်ပိုင်းကို နွေးထွေးစွာနေခြင်း၊ ဆေးအနေဖြင့် လတ်ဆတ်သော ကင်ပွန်းချဉ်ရွက်သတ္တုရည်(သို့) အရိပ်ထဲတွင် အခြောက်လှန်းထားသော တောင်ဆီးဖြူ ပဥ္စငါးပါးပြုတ်ရည် အကြမ်းပန်းကန်နှစ်လုံးပမာဏကို သေမှပုတိက မက်လင်ချဉ်သလိပ်ပုပ်ပျောက်ဆေး (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၁)နှင့် ဟလိဒ္ဒစုဏ္ဏဆေး (တိုင်းရင်းဆေးခန်းသုံးဆေး အမှတ်-၆) ဆတူရောစပ်ပြီး ဆေးပမာဏ လူကြီးအတွက် နှစ်ပဲသား၊ ကလေးအတွက်တစ်ပဲသား စပ်၍လည်းကောင်း၊ ကြက်သဟင်းပြုတ်ရည်(သို့)ထိကရုံး ဆူးပေါက်ပြုတ်ရည် (သို့) ကြခတ်ဝါးရွက်ပြုတ်ရည် အကြမ်းပန်းကန်လုံးတစ်လုံးပမာဏကို ဆီးဆေးဖြူ (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ် -၂၀) လူကြီးအတွက် နှစ်ပဲသား၊ ကလေးအတွက် တစ်ပဲသားစပ်၍လည်းကောင်း၊ စူလာနဖာပြုတ်ရည် (သို့)ဟင်းနုနယ် ပဥ္စငါးပါးပြုတ်ရည်တို့ကို သကြားနှင့်လည်းကောင်း၊ အဆိုပါဆေးများအနက် ရရှိရာတစ်ခုခုကို တစ်နေ့လျှင် သုံးကြိမ်မှ ငါးကြိမ်သောက်စေခြင်း၊ (ဆီးဆေးဖြူနှင့် တွဲဖက်တိုက်ရမည့်ဆေးကိုမူ နံနက်နှင့် နေ့လယ် နှစ်ကြိမ်သာ တိုက်ရန်ဖြစ်သည်။) အစာအဖြစ် ကျောက်ဖရုံသီး၊ ဘူးသီးဟင်းချို ချက်စားစေခြင်း၊ ရေကိုကျိုချက်သောက်စေခြင်း၊ နာနတ်သီးမှည့်ရည်နှင့် သကြား၊ ဂလူးကိုစ့်ရည်ရော၍တိုက်ခြင်း၊ စပျစ်သီးစားခြင်းတို့ကို ပြုလုပ်ပေးရပါမည်။

### (၅) သန်ကောင်၊ တုပ်ကောင်ရောဂါ

ရာသီစာဖြစ်သော သရက်သီး၊ ပိန္နဲသီး၊ ကနစိုသီး၊ မရမ်းသီး၊ နာနတ်သီးစသောအအေးစာများ အလွန်အကျွံစားမိခြင်း၊ မိုးထဲလေထဲ ပြေးလွှားဆော့ကစားသဖြင့်လေတိုက်ခံ၊ အအေးခံခြင်းများ ပြုလုပ်ခြင်း၊ အစာမကြေခြင်း၊ ကလေးများအနေဖြင့် မသန့်ရှင်းသော လက်များဖြင့် အစားအစာများစားသောက်ခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းမှုနည်းပါးခြင်းတို့ကြောင့် ဖြစ်ပွားတတ်ပါသည်။ ရောဂါလက္ခဏာများအနေဖြင့် ဝမ်း၏အရောင်သည်ဖြူပြီး အစာမကြေဘဲ ဝမ်းခဏခဏသွားခြင်း၊ အသားအရေဖြူဖတ်ဖြူရော်ဖြစ်ပြီး မျက်နှာဝါ၊ မျက်ကွင်းညိုတတ်ခြင်း၊ ဝမ်းဗိုက်ထဲကနာပြီး ရောင်နေတတ်ခြင်း၊ ခန္ဓာကိုယ်ပိန်ချုံးလာပြီး ဗိုက်ပူနံကားဖြစ်လာခြင်း၊ မရွှင်မလန်းခြင်းတို့ ဖြစ်တတ်ပါသည်။ ပြုစုကုသနည်းမှာ မတဲမြင့်မိုရ်ကုန်းဆေး(တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၂၅) ကိုဖြစ်စေ၊ ဇာတိလဝင်္ဂဆေး (တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်-၃၅) ကိုဖြစ်စေ၊ ရေနွေးပူပူဖြင့် ကလေးအတွက် တစ်ကြိမ်လျှင် တစ်ပဲသားခန့်၊ တစ်နေ့လျှင် သုံးကြိမ်နှုန်း သုံးရက်တိုက်ကျွေးနိုင်သည်။ သန်ကောင်ရောဂါရှိသည့် ကလေးများအနေဖြင့် အင်အားကုန်ခန်းချည့်နဲ့ခြင်း၊ ကိုယ်ပူ၊ အတက်၊ သွေးဝမ်းသွားခြင်း စသည့်ရောဂါများမရှိပါက သန်ချဆေးအဖြစ် ပုတတ်စာဥကို သကြားနဲ့ ရောစပ်ပြီးဖြစ်စေ၊ သဘော်စေးနှင့် ထန်းလျက်ကို တေ၍ဖြစ်စေ၊ ခုနစ်ပါးဆေးဝါလေး (တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်-၄၇) ရွှေးကြီး တစ်ရွှေးမှ သုံးရွှေးအထိ တိုက်ကျွေးနိုင်ပါသည်။ ကိုယ်ပူကျ လိမ်းဆေးအဖြစ် ခုနစ်ပါးဆေးဝါလေး တစ်ရွှေးခန့်ကို သနပ်ခါးရည်ကျဲကျဲဖြင့် ဖျော်လိမ်းပေးပြီး စောင်ပါးပါးခြုံ လေလုံရာမှာထားပါ။ ချောင်းဆိုးပါက ချောင်းဆိုးပျောက်ဆေးအဖြစ် ကွမ်းရွက်သတ္တုရည်ကို ဆားအနည်းငယ် ထည့်၍ တစ်ကြိမ်လျှင် လက်ဖက်စားဇွန်း တစ်ဇွန်းဖြင့် တစ်နေ့သုံးကြိမ် သောက်နိုင်ပါသည်။ နှာပိတ်ပါက ရှိန်းခိုကို အုန်းဆီနှင့် နှာဝ၊ ငယ်ထိပ်တို့ကို အုပ်လိမ်းပေးပါက သက်သာစေပါသည်။

### (၆) တုပ်ကွေးရောဂါ

အပူခံလွန်းခြင်း၊ အအေးခံလွန်းခြင်း၊ ပင်ပန်းလွန်းခြင်း၊ အပူအစပ်၊ အချဉ်အစားအစာများ လွန်ကဲစွာစားသုံးခြင်းနှင့် ရာသီဥတု အပူအအေး ရုတ်တရက်ပြောင်းလဲခြင်း၊ ကိုယ်ခန္ဓာခုခံအားနည်းခြင်း၊ အစာအာဟာရမှားယွင်း၍ စားမိခြင်းတို့ကြောင့် ဖြစ်ပွားတတ်ပါသည်။ ရောဂါလက္ခဏာများအနေဖြင့် ချွေးငုပ်ခြင်း၊ ခေါင်းမထူနိုင်ခြင်း၊ ခေါင်းလေး ခေါင်ကိုက်ခြင်း၊ မျက်လုံးမဖွင့်လိုခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ အကြောများတင်းမာခြင်း၊ ဆီးပူဆီးနည်းခြင်း၊ ဝမ်းချုပ်ခြင်း၊ တစ်ခါတစ်ရံပျို့အန် ခြင်း၊ ရေငတ်ခြင်း၊ (အဖျားကြောင့်) ကိုယ်လက်နုန်းနယ်မအီမသာဖြစ်ခြင်း၊ နှာစေးခြင်း၊ နှာရည်များယိုခြင်း၊ လည်ချောင်းနာခြင်း၊ ဝမ်းပျက်ခြင်း၊ ချမ်းစိမ့်စိမ့် ခံစားရကာ (စောင်ကိုခေါင်းမြီးခြုံပြီး အိပ်ရာတွင် ဒူးနှင့်ခေါင်းတုပ်၍ တစ်ကိုယ်လုံး သုံးဆစ်ချိုးလျက်နေမှ သက်သာသလို ခံစားရသည်။)

*(ဆက်လက်ဖော်ပြပါမည်)*

ယ နေ့ တ က္က သို လ် န ယ် မြေ တ စ် ခွ င်

# ရည်မှန်းချက်ကိုယ်စီဖြင့် နယ်ပယ်စုံသို့ . . .

■ ခြူးစန္ဒီနွေး(မြန်မာ့အလင်း)



**နေပူရှိန်က ပြင်းထန်လွန်းလှသည်။ သို့သော် ပူပြင်းလှသည့်နေရောင်အောက်တွင် စိမ်းစိုလှသည့် တမာပင်များနှင့် ဝန်းရံထားသည့် ပခုက္ကူတက္ကသိုလ်ကြီးမှာတော့ အိုအေစစ်ကလေးတစ်ခုပမာပင်။ အပူရှိန်ကိုအန်တုရင်း မျှော်လင့်ချက်ကိုယ်စီ ရင်ဝယ်ပိုက်ကာ လှုပ်ရှားသွားလာနေကြသည့် ကျောင်းသား ကျောင်းသူများကလည်း ပခုက္ကူတက္ကသိုလ်ကြီး၏ နေရာအနှံ့။**



**တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာ အောင်မင်းဝင်း**

ဆရာမြသန်းတင့် ဘာသာပြန်သော "လွမ်းမောရသည့်တက္ကသိုလ် နွေညများ" စာအုပ်ဖတ်ခဲ့ရစဉ်က ဟားဗတ်တက္ကသိုလ်ကြီးတွင် ပညာသင်ကြားကြသော ကျောင်းသား ကျောင်းသူများ၏ ဘဝရည်မှန်းချက်များ၊ စာပေကိုကြိုးစားလေ့လာသင်ယူပုံများ၊ အားကစားလှုပ်ရှားမှု ပုံရိပ်များနှင့် အမိတက္ကသိုလ်အပေါ် သံယောဇဉ်ကြီးမားပုံ အစရှိသည်တို့ကို ဖတ်ရှုခဲ့ရ၍ မြန်မာပြည်ရှိ တက္ကသိုလ်များမှ ကျောင်းသားများ၏ စာပေလေ့လာသင်ယူကြပုံ၊ အားကစားလိုက်စားကြပုံ၊ လူမှုရေးအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ပုံ၊ အများအကျိုး ဆောင်ရွက်ပုံများနှင့် အနာဂတ်ရည်မှန်းချက်တို့ကို သိလိုစိတ်ပြင်းပြမိခဲ့ပါသည်။

ယခုလက်ရှိ ပခုက္ကူတက္ကသိုလ်ကြီး၏ ကျောင်းပရိဝုဏ်အတွင်းရှိ ကျောင်းသား ကျောင်းသူများကို လေ့လာမိသည့်အခါ-----

" စိတ်ဝင်စားတာကတော့ ပန်းချီဆွဲတာပါ။ ကျွန်တော်က ကာတွန်းလည်း ဆွဲတတ်တယ်။ လူတွေရဲ့ ပုံတူဆွဲရတာ ကျွန်တော့်ဝါသနာပါ။ ဒါပေမယ့် ကျောင်းပြီးသွားရင်တော့ ကျွန်တော်ကျောင်းဆရာပဲ လုပ်ဖြစ်မယ်ထင်တယ်။ ပန်းချီဆွဲတာကိုလည်း ကျွန်တော်မစွန့်လွှတ်ပါဘူး။ ပန်းချီဆက်ဆွဲဦးမှာပါ" လို့ ပထမနှစ် ဂုဏ်ထူးတန်းတက်ရောက်နေတဲ့ မြန်မာစာအထူးပြု ကျောင်းသား မောင်ဝင်းကိုက ပြောပါတယ်။

မဟာဝိဇ္ဇာပထမနှစ် အင်္ဂလိပ်စာအထူးပြုကျောင်းသူ မခက်စုစုကျော်ကတော့ " ကျောင်းပြီးရင် ဘာလုပ်မှာလဲဆိုတော့ အရင်ကတော့ ကျူတာဖြစ်ချင်ပါတယ်။ အခုတော့ စီမံခန့်ခွဲမှုနဲ့ ပတ်သက်တဲ့ လုပ်ငန်းမှာ အလုပ်လုပ်ချင်တယ်။ အစိုးရဝန်ထမ်းဖြစ်ရမယ်။ ပုဂ္ဂလိက လုပ်ငန်းဖြစ်ရမယ်လို့တော့ မရှိပါဘူး။ ကိုယ့်အတွက် တက်လမ်းအများဆုံးရှိတဲ့ နေရာမှာပဲ အလုပ်ဝင်မှာပါ"လို့ သူ၏ အနာဂတ်ရည်မှန်းချက်နှင့်ပတ်သက်၍ ပြောပါတယ်။ ကျွန်မပတ်ဝန်းကျင်မှာရှိတဲ့ ကိုယ့်ကို ကိုယ်အားငယ်နေတဲ့လူ၊ ယုံကြည်မှုအားနည်းနေတဲ့သူ၊ စိတ်ဓာတ်ကျနေတဲ့လူတွေကို ဆွဲခေါ်ချင်တယ်။ အဓိကကတော့ ပရဟိတလူမှုရေးလုပ်ငန်းတွေ လုပ်ရတာကို ကျွန်မဝါသနာပါပါတယ်" လို့ ကရုဏာလက်များ ပရဟိတအဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မခက်စုစုကျော်က ပြောပါတယ်။

> **"ကျွန်မတို့ ပရဟိတအဖွဲ့ရဲ့ အဓိကလုပ်ငန်းကတော့လမ်း ပျော်ကလေးတွေကို စာသင်ပေးတာပါပဲ။ သူတို့လေးတွေ အားလပ်တဲ့အချိန်မှာ သင်ပေးတာပါ။ ကျွန်မတို့လည်း သိပ်မတတ်ပါဘူး။ ဘယ်လိုအချိန်မှာ ပီတိဖြစ်လည်းဆိုတော့ ကိုယ်သင်ပေးတာကို သူတို့လေးတွေ နားလည်သွားတဲ့အချိန်၊ သူတို့လေးတွေ မသိသေးတဲ့အရာတွေကို သိအောင်ရှင်းပြရတဲ့အချိန်တွေမှာ ပီတိဖြစ်မိပါတယ်။**

" ကျွန်မတို့ ပရဟိတအဖွဲ့ရဲ့ အဓိကလုပ်ငန်းကတော့ လမ်းပျော်ကလေးတွေကို စာသင်ပေးတာပါပဲ။ သူတို့လေးတွေ အားလပ်တဲ့အချိန်မှာ သင်ပေးတာပါ။ ကျွန်မတို့လည်း သိပ်မတတ်ပါဘူး။ ဘယ်လိုအချိန်မှာ ပီတိဖြစ်လဲဆိုတော့ ကိုယ်သင်ပေးတာကို သူတို့လေးတွေ နားလည်သွားတဲ့အချိန်၊ သူတို့လေးတွေ မသိသေးတဲ့ အရာတွေကို သိအောင်ရှင်းပြ ရတဲ့အချိန်တွေမှာ ပီတိဖြစ်မိပါတယ်။ ကျွန်မတို့စာသင်ပေးရတဲ့ လမ်းပျော်ကလေးတွေမှာ ကျောင်းနေဖူးတဲ့ ကလေးတွေရှိသလို၊ ကျောင်းလုံးဝမနေဖူးတဲ့ ကလေးတွေလည်းပါတယ်။ သူတို့လေးတွေ သတ်မှတ်ထားတဲ့ သင်ရိုးညွှန်းတမ်းတွေ သင်ယူပြီးတဲ့အခါ အစိုးရသတ်မှတ်ထားတဲ့ ကျောင်းတွေမှာ တကယ်လို့ လေးတန်းအဆင့် ဝင်ဖြေလို့အောင်ခဲ့ရင် လေးတန်းအောင်လို့ သတ်မှတ်ပေးမှာဖြစ်တယ်။ ဒါ့ကြောင့် တစ်ချိန်ချိန်မှာ သူတို့လုပ်အားနဲ့ ကျောင်းနေနိုင်လာတဲ့အချိန်ပဲဖြစ်ဖြစ်၊ မိဘထားလို့ပဲဖြစ်ဖြစ် ကျောင်းဆက်တက်နိုင်ဖို့ မျှော်လင့်ထားပါတယ်။ ဒါပေမယ့် အခုတော့ သူတို့မိဘတွေကိုယ်တိုင်က သူတို့လေးတွေရဲ့ လုပ်အားပေါ်မှာ မှီခိုနေရတော့ အများကြီးမျှော်လင့်လို့တော့ မရသေးပါဘူး။ သူတို့တွေနဲ့ပတ်သက်ပြီး အဖြစ်ချင်ဆုံးဆန္ဒကတော့ ဒီ့ထက်ကောင်းတဲ့ဘဝတွေ ပိုင်ဆိုင်စေချင်ပါတယ်"လို့ သူရဲ့ရည်မှန်းချက်လေးကို ရင်ဖွင့်ပြောပြပါတယ်။

"အားကစားလုပ်တယ်ဆိုတာ ကျန်းမာရေးလိုက်စားတာပါပဲ။ အားကစားလုပ်ရင်းနဲ့ သူငယ်ချင်းတွေ တစ်ဦးနဲ့ တစ်ဦး ပိုပြီးရင်းနှီးမှုရလာမယ်။ စိတ်ဓာတ်ကြံ့ခိုင်လာမယ်။ အားကစားမှာ စိတ်ပါဝင်စားပြီး အားလပ်ချိန်တွေမှာ အားကစားပဲလုပ်တဲ့အတွက် အခြားကိစ္စရပ်တွေမှာ စိတ်မရောက်တော့။ လမ်းမှားရောက်ဖို့လည်း အခွင့်အရေးနည်းသွားပါတယ်" လို့ ဘောလုံးအားကစားနည်းမှာ အထက်မြန်မာပြည်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ဖူးသူ ဘူမိဗေဒကျောင်းသား မောင်ထန်းလှေက အားကစားအပေါ် သူရဲ့ ထင်မြင်ယူဆချက်ကို ပြောပြပါတယ်။

ဆက်ပြီး "ကျွန်တော့်ဇာတိကတော့ ချင်းပြည်နယ် ကန်ပက်လက်မြို့ကပါ။ ဘူမိဗေဒဘာသာရပ် အထူးပြုနဲ့ ပထမနှစ် မဟာသိပ္ပံ တက်ရောက်နေပါတယ်။ လတ်တလောစိတ်ကူးကတော့ ကျောင်းပြီးသွားရင် ဒီတက္ကသိုလ်မှာပဲ ဘောလုံးအားကစားနည်းမှာ အားကစားနည်းပြပြန်လုပ်ဖို့ ရည်မှန်းထားပါတယ်။ အဓိကဖြစ်ချင်တာကတော့ မိဘကအားထားရပြီး နိုင်ငံတော်ကို အကျိုးပြုနိုင်တဲ့လူ ဖြစ်ချင်ပါတယ်"လို့ သူရဲ့ရည်မှန်းချက်နဲ့ပတ်သက်လို့ ပြောပြပါတယ်။

လက်ရှိပခုက္ကူတက္ကသိုလ်ကြီးရဲ့ ကျောင်းပရိဂုဏ်အတွင်းရှိ ကျောင်းသားကျောင်းသူတွေကို လေ့လာမိတဲ့အခါ ရည်မှန်းချက်တွေ ဘယ်လိုပင်ကွဲပြားစေကာမူ တိုင်းပြည်အတွက်အကျိုးပြုနိုင်မည့် သူများဖြစ်ချင်တယ်ဆိုတဲ့ တူညီတဲ့ဆန္ဒတွေကို သိရှိခဲ့ရပါတယ်။ အသက်အရွယ်အားဖြင့် ငယ်ရွယ်ကြသော်လည်း အများအကျိုး သယ်ပိုးလို့တဲ့ ပရဟိတစိတ်လေးတွေ ကိုယ်စီရှိကြတာကိုလည်း သိရှိခွင့်ရခဲ့ပါတယ်။

ယခုလက်ရှိ ဖွင့်လှစ်သင်ကြားနေတဲ့ ပညာသင်ကာလဟာ ဒုတိယပညာသင်ကာလဖြစ်ပြီး ပခုက္ကူတက္ကသိုလ်မှာ စာပေသင်ကြားမှုအပြင် အားကစားပွဲများ၊ ဘာသာရပ်အလိုက် ဆရာ ကန်တော့ပွဲများ၊ ကြိုဆိုနှုတ်ဆက်ဆုပေးပွဲ အစရှိသည်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားပွဲများကိုလည်း အားကစားပြက္ခဒိန်ရေးဆွဲ၍ ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင် တင်းနစ်၊ ပြေးခုန်ပစ်အစရှိသည့် အားကစားပွဲများကို ကျင်းပပေးပြီး ကိုယ်စားပြု လက်ရွေးစင်ရွေးချယ်၍ တက္ကသိုလ်အဆင့်မှ နိုင်ငံကိုယ်စားပြုအဆင့်ထိ ပါဝင်နိုင်ရန် ပြုစုလေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ အရှေ့တောင်အာရှနိုင်ငံတက္ကသိုလ်များ အားကစားပြိုင်ပွဲတွင်လည်း ပခုက္ကူတက္ကသိုလ်မှ ကျောင်းသားနှစ်ဦး သွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဘော်လီဘောပြိုင်ပွဲတွင် ရူပဗေဒအထူးပြု ကျောင်းသား မောင်ဇော်ဌေးဦးနှင့် ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင်သမိုင်းအထူးပြု ကျောင်းသား မောင်ခိုင်မင်းတို့က နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်ခဲ့ကြောင်း ပခုက္ကူတက္ကသိုလ်ကြီးတွင် လက်ရှိလှုပ်ရှားဆောင်ရွက်နေသော ကိစ္စရပ်များနဲ့ပတ်သက်လို့လည်း သင်တန်းရေးရာဌာန (ဌာနမှူး) ဦးဝဏ္ဏက ပြောပြပါတယ်။

ဒါ့အပြင် တက္ကသိုလ်အတွင်း လူမှုရေးလှုပ်ရှားမှုများအနေနဲ့ ကြက်ခြေနီအသင်းဖွဲ့စည်းထားပြီး၊ သဘာဝဘေးဒဏ်သင့် ဒေသတွေအတွက် ကယ်ဆယ်ရေး၊ ပြန်လည်ပြုပြင် တည်ဆောက်ရေး၊ ကူညီစောင့်ရှောက်ရေးအဖွဲ့တွေ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသားကျောင်းသူတွေဟာ ပြည်သူတွေရဲ့နေထိုင်မှုဘဝ အခက်အခဲကို သိရှိနားလည်ပြီး တစ်ဦးနှင့်တစ်ဦးပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းဆောင်ရွက်မှုအစရှိတဲ့ အလေ့အကျင့်ကောင်းတွေရရှိပြီး ပြည်သူ့အကျိုးကိုဆောင်ရွက်လိုစိတ် ရင့်သန်လာမှာဖြစ်တယ်လို့ တာဝန်ခံ ပါမောက္ခချုပ်ဒေါက်တာ အောင်မင်းဝင်းက ပြောကြားပါတယ်။

"ပညာရည်မြင့်မားတိုးတက်စေဖို့အတွက်လည်း ပခုက္ကူတက္ကသိုလ်မှာ သုတေသနပြုလုပ်ခြင်း၊ ပြည်တွင်းရှိ တက္ကသိုလ် အချင်းချင်း ဘာသာရပ်အလိုက် နှီးနှောဖလှယ်ပွဲတွေ ဆောင်ရွက်ခြင်း၊ လက်ရှိမှာလည်း နိုင်ငံတကာနှင့်ချိတ်ဆက်ပြီး ပညာရည်ပူးပေါင်းဖလှယ်နိုင်ရေး အစီအစဉ်ဆောင်ရွက်နိုင်ဖို့စီစဉ်လျက်ရှိပါတယ်၊ ဆရာ ဆရာမတွေကိုလည်း နိုင်ငံခြားပညာသင်အနေနဲ့ ရုရှားနိုင်ငံရှိ Kursk State University ကို ဓာတုဗေဒဌာနကနည်းပြဆရာတစ်ဦး၊ ထိုင်းနိုင်ငံ Mac Fah Luang University ကို အင်္ဂလိပ်စာဌာနမှ လက်ထောက်ကထိက ဆရာမတစ်ဦးသွားရောက်သင်ကြားလျက်ရှိပါတယ်"လို့ ဆရာကြီးက ဆက်လက်ပြောကြားပါတယ်။

ဒါ့အပြင် ကျောင်းသား ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်းအထောက်အကူပြုဖို့အလို့ငှာ တက္ကသိုလ်၌ သင်ကြားပို့ချပေးသော ဘာသာရပ်များအပြင် ICT နည်းပညာကိုတတ်ကျွမ်းနားလည်အောင် သင်တန်းများလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။

နိုင်ငံရပ်ခြားကို သွားရောက်ပညာသင်ကြားမှုနဲ့ ပတ်သက်လို့လည်း ယနေ့ခေတ် ကျောင်းသားကျောင်းသူများနှင့်ဆရာဆရာမများမှာ နိုင်ငံခြားကို သွားရောက်ပညာသင်ကြားဖို့ အခွင့်အလမ်းများ ပိုမိုရရှိကြတဲ့အပြင် နိုင်ငံခြားတက္ကသိုလ်ကြီးများနှင့် ကိုယ်တိုင်ချိတ်ဆက်ဆွေးနွေးကာ သွားရောက်လေ့လာနိုင်သည့် အခွင့်အရေးများလည်းရရှိလာကြောင်း သင်တန်းရေးရာဌာနမှ ဌာနမှူးဦးဝဏ္ဏက ပြောပါတယ်။

ပခုက္ကူဒေသကောလိပ်ကို ၁၉၇၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် ပခုက္ကူကောလိပ်အဖြစ် တည်ထောင်ခဲ့ကြောင်း၊ ၁၉၉၉ ခုနှစ် ဇူလိုင် ၇ ရက်နေ့တွင် ပခုက္ကူဒီဂရီကောလိပ်အဖြစ် တည်ထောင်ခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ပခုက္ကူတက္ကသိုလ်အဖြစ် တည်ထောင်ခဲ့ကြောင်း၊ ပခုက္ကူတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူ ၈၀၀၀ ခန့် ပညာသင်ကြားနိုင်ကြောင်း၊ ဘွဲ့အပ်နှင်းချီးမြှင့်မှုအနေဖြင့် ရိုးရိုးဘွဲ့၊ ဂုဏ်ထူးဘွဲ့၊ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့ဟူ၍ လေးမျိုးပေးအပ်ချီးမြှင့်ကြောင်း သိရပါတယ်။

နှစ်ခါပြန်မရနိုင်တဲ့ တက္ကသိုလ် ကျောင်းသူ ကျောင်းသားဘဝမှာ တစ်ဖက်က ပညာသင်ကြားရင်း၊ တစ်ဖက်ကလည်း လူမှုရေးလုပ်ငန်းတွေ ဆောင်ရွက်ပြီး မိမိရည်ရွယ်ရာ ဘဝရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းနိုင်ပါစေကြောင်း ဆန္ဒပြုမိရင်း . . .။

*မြန်မာ့ရိုးရာအားကစားများထဲမှ နိုင်ငံတကာသို့ အထိုက်အလျောက် ထိုးဖောက်အောင်မြင်နေသည့် မြန်မာ့ရိုးရာလက်ဝှေ့သည် တိုးတက်ပြန့်ပွား အောင်မြင်စပြုနေသော်လည်း ပြည်တွင်း၊ ပြည်ပပွဲများ ကျင်းပရာတွင် အောင်မြင်သည့် ပွဲတစ်ပွဲဖြစ်မြောက်ရေး ရုန်းကန်ရလျက်ရှိကြောင်း ပွဲဖြစ်မြောက်ရေးကော်မတီများ မကြာခဏ ညည်းညူနေသည်ကို မြင်တွေ့ကြားသိနေရသည်။ မြန်မာ့ရိုးရာအားကစားများ နိုင်ငံတကာသို့ ထိုးဖောက်ရာတွင် ပညာရှင်၊ အားကစားသမားများနှင့် မျိုးချစ်စိတ်ရှိမှုသည် အားအင်တစ်ရပ်ဖြစ်သော်လည်း ယင်းနှင့်ယှဉ်တွဲပါ ကုန်ကျစရိတ်သည် ကျောထောက်နောက်ခံကူညီထောက်ပံ့မှု (စပွန်ဆာ) လိုအပ်လျက်ရှိနေရာ အားကစားအဖွဲ့ချုပ်တိုင်း မဟုတ်သော်လည်း အများစုမှာ အမှန်တကယ်လိုအပ်လျက်ရှိသည်မှာ လတ်တလောအခြေအနေ တစ်ရပ်ဖြစ်နေသည်။*




သတင်းဆောင်းပါး

မောင်စိန်လွင်(မြန်မာ့အလင်း)

ဓာတ်ပုံ-မိုးမခ

# လတ်တလော ရိုးရာလက်ဝှေ့လောကနှင့် စပွန်ဆာပြဿနာ

"ကျွန်တော်တို့ ရိုးရာလက်ဝှေ့လောကမှာ အရင်နဲ့စာရင် နိုင်ငံတကာကို အထိုက်အလျောက် အောင်မြင်တယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် ဒီလောကသားတွေချည်း အခုလိုရုန်းကန်ရတာထက် ရိုးရာလက်ဝှေ့ကိုလည်း ဝါသနာပါပြီး အားသွန်ခွန်စိုက် မြေတောင်မြှောက်ပေးမယ့် စပွန်ဆာက မရှိဘူးဖြစ်နေတယ်။ ခုဆိုရင် လာမယ့် ဩဂုတ် ၃၀ ရက်မှာ ကျွန်တော်တို့အဖွဲ့စီစဉ်တဲ့ ALL Big Fights ဆိုတဲ့ နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ယှဉ်ပြိုင်ထိုးသတ်ဖို့ရှိတယ်။ ဘယ်အဖွဲ့အစည်း ဘယ်စပွန်ဆာမှ အားပေးမြှောက်ပင့်ထားတာ မရှိဘူး။ ဒီပွဲဖြစ်မြောက်ရေး ကိုယ့်အားကိုယ်ကို ရုန်းကန်ရတာ။ ဒါပေမယ့် ကျွန်တော်တို့ အောင်မြင်အောင် ကြိုးစားခဲ့တယ်"ဟု လာမည့် ဩဂုတ် ၃၀ ရက်တွင် သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ကျင်းပမည့် ALL Big Fights ပြိုင်ပွဲကြီးကို ဦးစီးကျင်းပသည့် ကိုအောင်ကျော်မိုး (မင်းသားကြီး) က ပြောကြားသည်။

မြန်မာ့ရိုးရာ လက်ဝှေ့မျိုးဆက်သစ်ပေါ်ထွန်းရေးနှင့် နိုင်ငံတကာထိုးဖောက်နိုင်ရေး စီမံချက်ဖြင့် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်မှ စတင်ကာ မျိုးဆက်သစ်လူငယ်ရိုးရာလက်ဝှေ့ပွဲများ ကျင်းပပေးခြင်း၊ မျိုးဆက်သစ်လူငယ်များကို အခမဲ့သင်တန်းများပေးခြင်းနှင့် ယခုအခါ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အခြေခံကျောင်းများတွင်လည်း ရိုးရာလက်ဝှေ့ကိုယ်ခံပညာရပ်ကို အခြေခံအဆင့် လိုက်လံဟောပြော၊ သရုပ်ပြသမှုများ ပြုလုပ်ရန် စီစဉ်လျက်ရှိသည်။ ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက်ကပင် အဆိုပါ အစီအစဉ်ကို မြန်မာ့ရိုးရာလက်ဝှေ့အစည်းအရုံးက ဦးစီးပြီး စတင်အကောင်အထည်ဖော်ခဲ့သည်။ မြန်မာနိုင်ငံ အားကစားဝန်ကြီးဌာန အိုလံပစ်ကော်မတီကလည်း ယခင်သိမ်ဖြူအားကစားရုံကို ရိုးရာလက်ဝှေ့ရုံအဖြစ် သတ်မှတ်ပေးခဲ့ပြီး ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ကျင်းပရာတွင် ရုံကြေးပေးသွင်းမှုကို အခမဲ့ ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

"အရင်ကတော့ ရိုးရာလက်ဝှေ့ပြိုင်ပွဲတစ်ရပ်အနေနဲ့ တစ်နှစ်တစ်ခါ ဒင်္ဂုံရွှေအောင်လံလို ပြိုင်ပွဲမျိုးတွေ ရှိခဲ့တယ်။ ဒါကလည်း စပွန်ဆာအနေနဲ့ ဒဂုံကုမ္ပဏီက လုပ်ခဲ့တာ။ အဲဒီလိုပဲ အခြား အချိုရည်၊ အားဖြည့်အချိုရည်ကုမ္ပဏီတွေကလည်း ကြုံရင် ကြုံသလို လုပ်ပေးတာရှိတယ်။ ခုနောက်ပိုင်း ရိုးရာလက်ဝှေ့ကို အဲဒီလို အားသွန်ခွန်စိုက် အားပေးတဲ့ကုမ္ပဏီက မရှိသလောက်နည်းသွားပြီ"ဟု မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ် အတွင်းရေးမှူး ဦးစိုင်းဇော်ဇော်က ရိုးရာလက်ဝှေ့လောက၏ ယခင်အခြေအနေနှင့် လတ်တလော ရုန်းကန်နေရမှုအခြေအနေကို ရှင်းပြသည်။

ယခုအခါ ပြည်တွင်း၊ ပြည်ပနိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲများတွင် အားပေးနေသည့် ထက်လင်းတိုင်းရင်းဆေးသည်ပင် ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒိုင်များကိုသာ ဆုအဖြစ် ထောက်ပံ့ပေးမှုများ ရှိနေသည်ကို တွေ့မြင်နေရသည်။ ထက်လင်းတိုင်းရင်းဆေးအနေဖြင့် ပြီးခဲ့သည့် တူးတူးနှင့် ဆိုင်းရပ်စ်ပွဲတွင် ပြည်တွင်းပွဲများအပါအဝင် ယခင်ရိုးရာ လက်ဝှေ့သမားဟောင်းကြီးများကိုလည်း ဆုကြေးအဖြစ် အားပေးချီးမြှင့်ခဲ့သည်။ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ နိုင်ငံတကာသို့ ထိုးဖောက်ရာတွင် ကူညီထောက်ပံ့သူ စပွန်ဆာသည် အဓိကဖြစ်နေပြီး အဆိုပါ စပွန်ဆာများအနေဖြင့် ဝါသနာရှင်၊ လူလတ်ပိုင်းနှင့် လူကြီးပိုင်းများသာ အများဆုံးနှစ်သက်သဘောကျသည့် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို ပြည်တွင်းကုမ္ပဏီအများစုမှာ စိတ်ဝင်စားမှု လျော့နည်းလာသည်ကို တွေ့ရသည်။

"တချို့ကုမ္ပဏီတွေက စပွန်ဆာလုပ်ကြတယ်။ ဒီရိုးရာလက်ဝှေ့ကိုတော့ မဟုတ်ဘူး။ ခုနောက်ပိုင်းမှ ပေါ်လာတဲ့ Miss ပြိုင်ပွဲတွေကို။ ယခင်ကတည်းက မြန်မာ့ကိုယ်ခံပညာရပ်အဖြစ် ရပ်တည်ခဲ့တဲ့ ရိုးရာလက်ဝှေ့ပြိုင်ပွဲတွေကို သူတို့စိတ်ဝင်စားမှုနည်းလာတယ်။ ဒါကလည်း သူတို့ကို အပြစ်ပြောလို့မရပါဘူး။ သူတို့က အမျိုးသား၊ အမျိုးသမီး လူလတ်တန်းစားမရွေး နှစ်သက်သဘောကျတဲ့ Miss ပြိုင်ပွဲတွေကလည်း တစ်စတစ်စ ထိုးဖောက်မှု ပိုများလာတော့ ဒီဘက်ကို ပါသွားကြတာ"ဟု ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ပြည်တွင်း၊ ပြည်ပ စီစဉ်ကျင်းပပေးနေသည့် ပွဲစီစဉ်သူတစ်ဦးက ဆိုသည်။

မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ပြည်တွင်း၊ ပြည်ပပွဲကြီးများကို နှစ်စဉ်စီစဉ်ကျင်းပပေးနေသည့် မြန်မာမီဒီယာဂရု(ပ်)သည် မြန်မာ့ရိုးရာ ပထမတန်း လက်ဝှေ့ကျော်များနှင့် ပြည်ပလက်ဝှေ့ကျော်များကို ယခုနှစ်အတွင်း လေးပွဲကျင်းပရန် စီစဉ်ထားပြီး ယခုအခါ သုံးပွဲမြောက် ယှဉ်ပြိုင်ထိုးသတ်ပြီးဖြစ်သည်။ လာမည့်နိုဝင်ဘာတွင် ပြည်ပလက်ဝှေ့ကျော် အမေရိကန်နိုင်ငံသား ဆိုင်းရပ်စ်နှင့် ပထမတန်း မြန်မာ့ရိုးရာလက်ဝှေ့ကျော် ထွန်းထွန်းမင်းတို့က သုံးကြိမ်မြောက် ပြန်လည်တွေ့ဆုံပေးမည်ဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် နှစ်ကြိမ်ထိုးသတ်ခဲ့ပြီး ယခင်တွေ့ဆုံမှုများတွင် သူတစ်ပြန် ကိုယ်တစ်ပြန် အလဲထိုးဖြင့် တစ်ပွဲစီနိုင်ထားပြီး သရေကျနေသည်ကို နှစ်ဦးစလုံးက ပြန်လည်ဆုံစည်းရန် ဆန္ဒရှိနေသည်။ မွေထိုင်းလက်ဝှေ့ကျော် အမေရိကန်နိုင်ငံသား ဆိုင်းရပ်စ်သည် မြန်မာပြည်ချန်ပီယံဟောင်း စောငမန်းကို အလဲထိုးဖြင့် အနိုင်ယူထားပြီး ထွန်းထွန်းမင်းနှင့် တစ်ပွဲစီသရေ၊ တူးတူးနှင့် သရေယှဉ်ပြိုင်ထိုးသတ်ထားသူဖြစ်သည်။ ဆိုင်းရပ်စ်သည် မြန်မာ့ရိုးရာလက်ဝှေ့နှင့် အကျွမ်းတဝင်ရှိနေသူဖြစ်သည်။ ဆိုင်းရပ်စ်သည် ယခုနှစ်အတွင်း မြန်မာပြည်သို့ ရိုးရာလက်ဝှေ့ပွဲ လေးပွဲယှဉ်ပြိုင်ထိုးသတ်ရန် မြန်မာမီဒီယာဂရု(ပ်)နှင့် စာချုပ်ချုပ်ဆိုထားပြီးဖြစ်သည်။

"ဒီနှစ်အတွင်းမှာ ဆိုင်းရပ်စ်နဲ့ စာချုပ်ချုပ်ဆိုထားတာ လေးပွဲရှိပါတယ်။ နောက်ဆုံးတစ်ပွဲမှာ ထွန်းထွန်းမင်းနဲ့ ပြန်လည်ဆုံပေးမှာပါ။ သူတို့နှစ်ဦးကလည်း တွေ့ဆုံထားတဲ့ နှစ်ကြိမ်မှာ တစ်ပွဲစီသရေ ဖြစ်နေတယ်။ ခုလာမယ့် နောက်ဆုံးပွဲကတော့ သူနိုင်ကိုယ်နိုင် ရေကုန်ရေခန်း အပြိုင်ကျဲကြမှာပါ။ အဲဒီပွဲကတော့ စပွန်ဆာအခြေအနေကြောင့် မွန်ပြည်နယ် သံဖြူဇရပ်မှာ ကျင်းပဖြစ်မယ်။ အခုချိန်မှာ ရိုးရာလက်ဝှေ့အနေနဲ့ကလည်း စပွန်ဆာက အရင်တုန်းကလို မဟုတ်တော့ဘူး။ ပြောရရင် တဖြည်းဖြည်းအားနည်းသွားတယ်။ မြန်မာ့ရိုးရာကို မျိုးချစ်စိတ်အပြည့်နဲ့ ကူညီထောက်ပံ့ပေးမယ့် ကျောထောက်နောက်ခံ မရှိဘူးဖြစ်နေတယ်။ ဘောလုံးလို အများကြီး မဟုတ်ရင်တောင်မှ နှစ်ဦး သုံးဦးလောက်ရှိရင် နိုင်ငံတကာကို ဒီထက်ပိုထိုးဖောက်နိုင်ပါလိမ့်မယ်"ဟု ပြည်တွင်း၊ ပြည်ပ ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို စီစဉ်ကျင်းပပေးလျက်ရှိသည့် မြန်မာမီဒီယာဂရု(ပ်)မှ ဒါရိုက်တာ ဦးဝဏ္ဏကဆိုသည်။

ယခုအခါ မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာ့နိုင်ငံအများစုက အကျွမ်းတဝင်ရှိလာပြီး တချို့ပြည်တွင်းကလပ်များကိုပင် ကိုယ်တိုင်လာရောက်လေ့လာသူများရှိသည်။ မြန်မာ့ရိုးရာလက်ဝှေ့ ကလပ်များအနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ် အများစုတွင် ကိုယ့်အားကိုယ်ကိုး ရပ်တည်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပ ပွဲစဉ်အဆက်မပြတ်ရှိရေး အထူးပင် လိုအပ်နေသည်။ သို့မှသာ ကစားသမားများအနေဖြင့်လည်း ရေရှည်ရပ်တည်နိုင်ရန် လွယ်ကူမည်ဖြစ်သည်။ ယခင်ရိုးရာလက်ဝှေ့ကစားသမားများ မျိုးဆက်ပြတ်တောက်မှုမှာလည်း ကူညီထောက်ပံ့သူ (စပွန်ဆာ) အားနည်းခြင်းကြောင့်ဖြစ်ကြောင်း ရိုးရာလက်ဝှေ့ ကလပ်နည်းပြများထံမှ သိရသည်။

"ခုနောက်ပိုင်း ကလပ်တွေကို ကူညီထောက်ပံ့မှုလေးတွေ အရင်နဲ့စာရင်တော့ နည်းနည်းအားကောင်းလာတယ်။ ကျွန်တော်ဆိုရင် အခုနဂါးနီကလပ်မှာ နည်းပြလုပ်နေပါတယ်။ အရင်ကလပ် နှစ်ခုကတော့ ဖျက်သိမ်းလိုက်ရတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ရိုးရာလက်ဝှေ့ကို ခုထက် နိုင်ငံတကာကို ထိုးဖောက်နိုင်ဖို့ဆိုရင် ကူညီထောက်ပံ့သူ(စပွန်ဆာ) ရှိဖို့က အထူးလိုအပ်တယ်။ အိမ်နီးချင်းနိုင်ငံထိုင်းမှာ မွေထိုင်း နိုင်ငံတကာကို ထိုးဖောက်နိုင်တယ်ဆိုတာ အဓိက စပွန်ဆာကောင်းလို့ပဲ"ဟု ယခုလက်ရှိတွင် ပြည်တွင်းနဂါးနီ ရိုးရာလက်ဝှေ့ကလပ် နည်းပြ ကိုမင်းစကြာက ဆိုသည်။

မြန်မာ့ရိုးရာလက်ဝှေ့သည် ယခုလက်ရှိ ကမ္ဘာ့နိုင်ငံအများစုတွင် ထိုးဖောက်အောင်မြင်နေသည့် မွေထိုင်းထက် လက်ဦးမှုရသော်လည်း ကူညီထောက်ပံ့သူ(စပွန်ဆာ) အခြေအနေတို့ကြောင့် အောင်မြင်မှုနှောင့်နှေးခဲ့ရသည်။ လတ်တလောတွင် မြန်မာ့ရိုးရာလက်ဝှေ့ကို နိုင်ငံတကာသို့ ထိုးဖောက်နိုင်ရေး (MMA) ကိုယ်ခံပညာပေါင်းစုံ အတိုက်ပြိုင်ပွဲမှ ထိုးဖောက်ရန် ပြင်ဆင်လျက်ရှိသည်။ လာမည့်နှစ် (MMA) ပြိုင်ပွဲများတွင် မြန်မာ့ရိုးရာလက်ဝှေ့သမားများကို မြင်တွေ့ရတော့မည်ဖြစ်သည်။ ထိုသို့ မြင်တွေ့နိုင်ရန် အဓိက လိုအပ်ချက်မှာ ကူညီထောက်ပံ့သူ( စပွန်ဆာ) ပင်ဖြစ်သည်။

"ကျွန်တော် ဒီနှစ်ကုန်မှာ ကမ္ဘာ့ကိုယ်ခံပညာပေါင်းစုံ အတိုက်ပြိုင်ပွဲကို မြန်မာ့ရိုးရာလက်ဝှေ့သမားတစ်ဦးအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ဒါကလည်း ကူညီထောက်ပံ့မယ့် နဂါးနီကလပ်ပိုင်ရှင်ကို ကျေးဇူးတင်ရမှာပါ။ ပထမဦးဆုံးဆိုပေမယ့် အတတ်နိုင်ဆုံး မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာ့နိုင်ငံအများစု အသိအမှတ်ပြုလာအောင် ခါးပတ်ကိုရအောင်ယူပြီးလုပ်ပြဖို့ အခုကတည်းက ကြိုးစားလေ့ကျင့်နေပါတယ်။ စပွန်ဆာသာ မရှိခဲ့ဘူးဆိုရင် ကျွန်တော် ဒီပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်မှာ မဟုတ်ပါဘူး"ဟု နဂါးနီရိုးရာကလပ်မှ သွေးသစ်အောင်က လတ်တလော ရိုးရာလက်ဝှေ့လောကနှင့် စပွန်ဆာအခြေအနေကို ကစားသမားတစ်ဦး အနေဖြင့် ရင်ဖွင့်ခဲ့သည်။



**မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာ့နိုင်ငံအများစုက အကျွမ်းတဝင်ရှိလာပြီး တချို့ ပြည်တွင်းကလပ်များကိုပင် ကိုယ်တိုင်လာရောက်လေ့လာသူများရှိသည်။ မြန်မာ့ရိုးရာလက်ဝှေ့ကလပ်များ အနေဖြင့်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ် အများစုတွင် ကိုယ့်အားကိုယ်ကိုး ရပ်တည်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပ ပွဲစဉ်အဆက်မပြတ်ရှိရေး အထူးပင်လိုအပ်နေ**

နိုင်ငံတကာရေးရာသတင်းဆောင်းပါး

# ဂရိကြွေးမြီပြဿနာနှင့် ဥရောပတွင် အမေရိကန်စစ်အင်အားဖြန့်ကြက်မှု

မကြာမီက ကြွေးပူနေသည့် ဂရိအစိုးရအဖွဲ့သည် ဂျာမနီဦးဆောင်သည့် ယူရိုဇုန်အဖွဲ့ဝင်နိုင်ငံများ၏ တောင်းဆိုချက်များကို လိုက်လျောပေးရခြင်းကြောင့် ဥရောပတွင် အရေးပါသောအပြောင်းအလဲများဖြစ်လာသည်။

ဥရောပနိုင်ငံများတွင် ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၏ လွှမ်းမိုးမှုကျယ်ပြန့်လာသည်ကို ပြသနေသည်။ ဂရိနိုင်ငံ၏ အတွေ့အကြုံသည် ကျန်ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အနာဂတ်တွင် ရင်ဆိုင်ရမည့်အတွေ့အကြုံ၏ ရှေ့ပြေးနိမိတ်ဖြစ်သည်ဟု ဝေဖန်သူများရှိသည်။ ထိုအခြေအနေမျိုးတွင် ဥရောပနိုင်ငံများတွင် ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လာနိုင်ပေသည်။

ယနေ့ဥရောပတိုက်တွင် ထူးခြားသော ဖြစ်ရပ်များမှာ ယူကရိန်းအရေးကိစ္စနှင့်ပတ်သက်၍ ရုရှား၏ ကျူးကျော်တိုက်ခိုက်လာနိုင်မှုကို ဟန့်တားရန်ရည်ရွယ်ချက်ဖြင့် ဥရောပနိုင်ငံများတွင် အမေရိကန်စစ်ရေး အင်အားများဖြန့်ကြက်လာမှုပင်ဖြစ်သည်။

ဧပြီလအတွင်း၌ ယူအက်စ်အက်စ်ဂျေဆင်ဒန်ဟန် ဖျက်သင်္ဘောကြီးသည် ရိုမေးနီးယားရေတပ်နှင့်အတူ ပင်လယ်နက်တွင် စစ်ရေးလေ့ကျင့်ခဲ့သည်။ လတ်ဗီးယားနိုင်ငံတွင် စစ်ရေးလေ့ကျင့်မှုများ၌ အမေရိကန်ပဲ့ထိန်း ဒုံးကျည်တပ်ဆင်ထားသော ဖျက်သင်္ဘောများ ပါဝင်ဆင်နွှဲခဲ့သည်။ ၂၀၁၄ ခုနှစ်မှစတင်ကာ ဥရောပဘဏ်လုပ်ငန်းရှင်များဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့များကြောင့် ဥရောပနိုင်ငံများတွင် ဆန္ဒပြမှုများ၊ လူမှုရေးအုံကြွမှုများဖြစ်လာနိုင်သည်။ အမေရိကန်နိုင်ငံရေးသမားများက ဥရောပ၌ စီးပွားရေးကျသည်ကို ပြောနေပြီး အမေရိကန်ဗိုလ်ချုပ်များက ဥရောပဒေသလုံခြုံရေးအကြောင်းကို ပြောနေကြသည်။

နိုင်ငံရေးနှင့်စီးပွားရေး လေ့လာသူအချို့က ရုရှားကျူးကျော်မှုအန္တရာယ်ဆိုသည်မှာ ခြောက်လှန့်ရုံသက်သက်ဖြစ်ပြီး ဥရောပဒေသကို အမေရိကန်လွှမ်းမိုးရေးအတွက် အကြောင်းပြချက်သာဖြစ်သည်ဟု ဝေဖန်ပြောဆိုသည်။

ဥရောပဒေသသည် လွန်ခဲ့သည့်နှစ် ၈၀ က ဖက်ဆစ်ဝါဒကို တွန်းလှန်ခဲ့သော်လည်း ယခုသမိုင်းတစ်ကျော့ပြန် ဖက်ဆစ်ဝါဒအောက်ပြန်ရောက်နေသည်။ ယခုအကြိမ်မှာ နာဇီဖက်ဆစ်မဟုတ်ဘဲ အမေရိကန်ဖက်ဆစ်တို့ဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူ ပါဝဲလ်က ၎င်း၏ ပုဂ္ဂလိကမိဋ္ဌာန်အမြင်ကို ဖော်ပြထားသည်။

ဒေသတွင် အမေရိကန်တပ်များ သိသာစွာဖြန့်ကြက်တိုးချဲ့လာသည်။ ထိုဖြစ်ရပ်နှင့်ပတ်သက်၍ နိုင်ငံရေးလေ့လာသူ ပါဝဲလ်ကော့ပစင်စကီက ဂရိကြွေးမြီပြဿနာမှအစပြု၍ ဥရောပစီးပွားရေးပြိုလဲခဲ့လျှင် အမေရိကန်စစ်တပ်ကအာဏာသိမ်းရန် ပြင်ဆင်နေသည်ဟု ဝေဖန်သုံးသပ်ထားသည်။

မစ္စတာပါဝဲလ်၏ သုံးသပ်ချက်ကို အထောက်အကူပြုနေသောအချက်မှာ ဂျာမနီ၌ အမေရိကန်တပ်ဖွဲ့ဝင် သောင်းနှင့်ချီ၍ ရောက်ရှိနေသည့်အပြင် လက်နက်အပြည့်အစုံတပ်ဆင်ထားသည့် နောက်ထပ် အမေရိကန်တပ်ရင်းတစ်ရင်းကို ဂျာမနီ၌ ထပ်မံချထားရန် စီစဉ်နေသည်ဟု အမေရိကန်ဗိုလ်ချုပ်ကြီးအော်ဒီယာနိုက ဝေါစထရီဂျာနယ်သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံနှင့်နီးစပ်သည့် အရှေ့ဥရောပနိုင်ငံများတွင်မဟုတ်ဘဲ ဥရောပဒေသ၏ အလယ်ဗဟိုဂျာမနီ၌ အမေရိကန်တပ်ဖွဲ့များ တိုးမြှင့်ချထားမှုကို နိုင်ငံရေးလေ့လာသူ မစ္စတာပါဝဲလ်က မေးခွန်းထုတ်နေသည်။



━━ ထွန်းတောက် ━━

## ဘုံငွေကြေးစနစ်

ယူရိုငွေကိုဘုံငွေကြေးအဖြစ်သုံးနေသည့် ယူရိုဇုန်နိုင်ငံများနှင့် ကြွေးမြီပြဿနာတက်နေသည့် ဂရိနိုင်ငံကြား ညှိနှိုင်းဆောင်ရွက်ပြီး ဂရိအကြွေးပြဿနာကို မဖြေရှင်းနိုင်ခဲ့လျှင် ယူရိုဇုန်နိုင်ငံများ၏ အနာဂတ်မှာ စိုးရိမ်စရာရှိသည်ဟု ဥရောပပါလီမန်အဖွဲ့ဥက္ကဋ္ဌက ဇူလိုင် ၂၀ ရက်တွင် ပြောဆိုခဲ့သည်။ ဂရိပြဿနာသည် အနောက်အုပ်စု၏ အရင်းရှင်ဝါဒ၏ ကျဆုံးမှုလက္ခဏာဟု ဝေဖန်သူများလည်းရှိသည်။ ဂရိအပြင် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် အီတလီ၊ စပိန်၊ တူရကီတို့မှာလည်း နှစ်ရှည်လများ ကြွေးမြီပြဿနာများနှင့် ရင်ဆိုင်နေရသည်။

ဥရောပဒေသတွင် အကြီးဆုံးစီးပွားအင်အားကိုပိုင်ဆိုင်သည့် ပြင်သစ်နိုင်ငံမှာပင် စုစုပေါင်း ကြွေးမြီပမာဏမှာ အမျိုးသား၊ စီးပွားရေးရလဒ်ထက် ကျော်လွန်သည့် ပြဿနာရှိနေသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှ အစိုးရများ၏ ခြိုးခြံချွေတာရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများသည် လူထုအပေါ် ဖိစီးနေသည်။

အထူးသဖြင့် ဂရိနိုင်ငံသားများအပေါ်တွင် ဖိစီးမှုအများဆုံးဖြစ်နေသည်။ ဘဏ်အပ်ငွေမှ နေ့စဉ်ခွင့်ပြုငွေ ပမာဏထုတ်ယူရန် ဘဏ်ရှေ့တွင် တန်းစီနေသည့် လူအုပ်ကြီးများကို နေ့စဉ်တွေ့နေရသည်။ မရှိမဖြစ်လိုအပ်သည့် လူသုံးကုန်နှင့် ဆေးဝါးများ ရှားပါးပြတ်လပ်နေမှုကြောင့် လူအုပ်ကြီးလုယက်ဝယ်ယူနေသည့်မြင်ကွင်းများက ဥရောပတိုက်သားများကို ခြောက်လှန့်နေပေပြီ။

ဂရိအစိုးရအဖွဲ့က ဘဏ်လုပ်ငန်းရှင်လူနည်းစု အလိုကျခြိုးခြံချွေတာရေးလုပ်ရန် ဆန္ဒရှိသည်ဟု ဆိုသော်လည်း သာမန်ဂရိနိုင်ငံသားများစွာက



စိတ်သဘောထားပြောင်းနေကြပြီး စိတ်ဓာတ်လည်း အလွန်ကျဆင်းနေပေပြီ။

ဂျာမနီဦးဆောင်သည့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအား ငွေချေးနေသည့် အဖွဲ့အစည်းများက ဂရိနိုင်ငံ၏ အမျိုးသားအဆင့် ငွေကြေးသုံးစွဲမှုကို စည်းကမ်းတင်းကျပ်ခြင်းဖြင့် ကျန်ဥရောပနိုင်ငံများ သင်ခန်းစာယူစေချင်သည်။

သို့သော် ခြိုးခြံချွေတာမှု အလွန်အကျွံပြုလုပ်စေခြင်းဖြင့် ဂရိတွင်သာမက ဥရောပတစ်လွှားတွင် လူမှုရေးမငြိမ်မသက်ဖြစ်လာနိုင်သည်။ ဥရောပဒေသတွင် စီးပွားရေးကျဆင်းနိုင်ဖွယ်ရှိသည်ကို အမေရိကန်က သတိထားနေသည်။

ထို့ကြောင့်ပင် သမ္မတအိုဘားမားက ဇူလိုင်လ တတိယအပတ်တွင် ဂျာမနီဝန်ကြီးချုပ်နှင့် ဂရိဝန်ကြီးချုပ်တို့ကို ကြွေးမြီပြဿနာအတွက် အမြန်အဖြေရှာကြရန် တိုက်တွန်းပြောဆိုခဲ့ခြင်းဖြစ်သည်။ အမေရိကန် ဘဏ္ဍာရေးဝန်ကြီးကလည်း ဂရိပြဿနာဖြစ်ပေါ်စေသော အကြောင်းအချက်များတွင် နားမလည်နိုင်သော ရှင်းမပြနိုင်သောအကြောင်းတွေ အများကြီးရှိနေခြင်းသည် စိုးရိမ်စရာဖြစ်ပါသည်ဟု ဝေဖန်ပြောဆိုခဲ့သည်။

စီးပွားရေးလေ့လာဝေဖန်သူ မစ္စတာရန်ဒီမာတင်က အစိုးရ၏ထိန်းချုပ်မှုက ပုဂ္ဂလိကကုမ္ပဏီများ၏ အကျိုးစီးပွားကိုဆောင်ပြီး ဒီမိုကရေစီနည်းလမ်းအရ တာဝန်ယူမှုလည်းမရှိဘဲ လက်ယာစွန်းရောက်နိုင်ငံရေးဖက်ဆစ်ဝါဒီအမြင်နှင့် လုပ်ဆောင်နေသည်မှာ ထင်ရှားပါသည်ဟု ဂရိအစိုးရကို ဝေဖန်ပြောဆိုခဲ့သည်။

ဥရောပနှင့် အမေရိကန်ပြည်ထောင်စုမှာ ဖြစ်ပျက်နေတာတွေက ငွေကြေးဆိုင်ရာ ဖက်ဆစ်ဝါဒီများ၏ လွှမ်းမိုးမှုအောက် ကျရောက်နေပြီဆိုရင် ပုံကြီးချဲ့ပြောတယ်လို့ မဆိုနိုင်ကြောင်း ၎င်းက ဝေဖန်ပြောဆိုခဲ့သည်။

> ❝ ယူရိုငွေကို ဘုံငွေကြေးအဖြစ်သုံးနေသည့် ယူရိုဇုန်နိုင်ငံများနှင့် ကြွေးမြီပြဿနာတက်နေသည့် ဂရိနိုင်ငံကြား ညှိနှိုင်းဆောင်ရွက်ပြီး ဂရိအကြွေးပြဿနာကို မဖြေရှင်းနိုင်ခဲ့လျှင် ယူရိုဇုန်နိုင်ငံများ၏ အနာဂတ်မှာ စိုးရိမ်စရာရှိ ❞

# ကလေးများအတွက် ဗီတာမင်



ဖွံ့ဖြိုးဆဲအရွယ်ကလေးငယ်တွေမှာ ဗီတာမင်ဓာတ်တွေ လိုအပ်ပါတယ်။ တစ်ခါတစ်ရံမှာ ဗီတာမင်အေနဲ့စီကို ကလေးတွေ အပြည့်အဝမရရှိကြပါဘူး။ ဗီတာမင်ဒီကို အစားအစာတစ်မျိုးတည်းက ရရှိဖို့မလွယ်ပါဘူး။ ခြောက်လမှ ငါးနှစ်အတွင်း ကလေးငယ်တွေမှာ ဗီတာမင်အေ၊ စီနဲ့ ဒီပါဝင်တဲ့ဖြည့်စွက်စာတွေ လိုအပ်ကြောင်း ကျန်းမာရေးဌာနက အကြံပြုထားပါတယ်။

ဆေးကောင်တာတွေမှာ ဝယ်ယူလို့ရတဲ့ ဖြည့်စွက်အစာတွေမှာ အခြားဗီတာမင်ဓာတ်တွေလည်း ပါဝင်ပါတယ်။ ဆေးဝါးပညာရှင်တွေကို ကလေးငယ်နဲ့ အသင့်တော်ဆုံးဖြည့်စွက်စာတွေ ညွှန်းပေးဖို့ ပြောဆိုရပါမယ်။ သဘောအားဖြင့် ဗီတာမင်ဒီဟာ ငါးဥအမျိုးမျိုးနဲ့ အဆီကြွယ်ဝတဲ့စတဲ့ အစားအစာအနည်းငယ်မှာသာ တွေ့ရပါတယ်။ ဗီတာမင်ဒီကို နေရောင်ခြည်မှလည်း ရရှိနိုင်ပါတယ်။

သို့သော်လည်း ကလေးငယ်တွေကို ပူတဲ့ရာသီနေရောင်ခြည်ထဲမှာ အကြာကြီးမထားသင့်ပါဘူး။ ကလေးငယ်တွေရဲ့ အရေပြား အနီရောင်မပြောင်းခင် သို့မဟုတ် နေမလောင်ခင်အထိပဲ နေရောင်ခြည်ဓာတ်ကို ရစေသင့်ပါတယ်။

ဗီတာမင်အေကလည်း ကလေးငယ်တွေအတွက် အရေးကြီးပါတယ်။ အချို့က အလုံအလောက်မရကြပါဘူး။ ဗီတာမင်အေက ခုခံအားစနစ်ကို အားကောင်းစေပါတယ်။ ကလေးတွေရဲ့ အမြင်အာရုံတို့ကို သန်စွမ်းစေတဲ့အပြင် ကျန်းမာတဲ့ အသားအရေကိုလည်း ထိန်းသိမ်းပေးပါတယ်။ ဗီတာမင်အေပါဝင်တဲ့ ပစ္စည်းတွေကတော့ နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အဆီဓာတ်ကြွယ်ဝတဲ့အရာတွေ၊ ကန်စွန်းဥ၊ သရက်သီး၊ မုန်လာဥနီ၊ အစိမ်းရင့်ရောင်အသီးအရွက်တွေပဲဖြစ်ပါတယ်။

ကလေးတွေအတွက် အခြားလိုအပ်တဲ့ ဗီတာမင်ကတော့ ဗီတာမင်စီဖြစ်ပါတယ်။ ခန္ဓာကိုယ်က သံဓာတ်ကို စုပ်ယူတဲ့နေရာမှာ ဗီတာမင်စီက အကူအညီပေးပါတယ်။ ဗီတာမင်စီရနိုင်တဲ့ အသီးအနှံတွေကတော့ လိမ္မော်သီး၊ ကီဝီသီး၊ စတော်ဘယ်ရီ၊ ခရမ်းချဉ်နဲ့ ပန်းဂေါ်ဖီစိမ်းတို့ပဲဖြစ်ပါတယ်။

ကလေးငယ်တွေကို ကျန်းကျန်းမာမာနဲ့ လိုအပ်တဲ့ အာဟာရဓာတ်တွေရရှိပြီး ကြီးထွားဖွံ့ဖြိုးစေဖို့ဟာ အလွန်ပဲအရေးကြီးပါတယ်။ ဗီတာမင်ဓာတ်တွေ များလွန်းရင်လည်း ကလေးတွေအတွက် အန္တရာယ်ဖြစ်စေပါတယ်။

(NHS)

# သီရိခေတ္တရာသို့

မောင်သာ (ရှေးဟောင်းသုတေသန)

***သီရိခေတ္တရာသည် ပြည်မြို့နယ် မှော်ဇာတွင် ဖွင့်လှစ်ပြသထားသော ရှေးဟောင်းသုတေသနပြတိုက်ဖြစ်ပါသည်။ သီရိခေတ္တရာပြတိုက်တွင် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်း သရေခေတ္တရာမှ ရရှိထားသော ပျူယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ပြသထားသည်။***




ကျွန်တော်တို့သည် သီရိခေတ္တရာသို့သွားရောက်ကြရန် ဗိဿနိုးမှ တောင်တွင်းကြီးသို့ ၁၀ မိုင်၊ တောင်တွင်းကြီးမှ ပြည်သို့ မိုင် ၈၀ ခရီးကို မော်တော်ကားဖြင့် လေးနာရီနီးပါး လာခဲ့ပြီးနောက် ပြည်မြို့ရှိ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းသို့ ဦးစွာရောက်ရှိခဲ့ကြသည်။ ယင်းသင်တန်းကျောင်းတွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကြီးမှူး၍ ရှေးဟောင်းသုတေသန မျိုးဆက်သစ်များကို မွေးထုတ်ပေးနိုင်ရန် ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသန ဒီပလိုမာ တစ်နှစ်သင်တန်းကို နှစ်စဉ်ဖွင့်လှစ်ပို့ချလျက်ရှိသည်။

သင်တန်းကျောင်းခန်းမ၌ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးနှင့် နည်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်တို့က ကျွန်တော်တို့အဖွဲ့အား လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံကာ သရေခေတ္တရာယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ အချက်အလက်များကို တာဝန်ရှိသူများက မြေပုံကားချပ်များဖြင့် အသေးစိတ်ရှင်းလင်းပြသခဲ့သည်။ ယင်းသင်တန်းကျောင်းမှ နည်းပြဆရာ ဦးမာန်သစ်ငြိမ်းက သူ၏ "သရေခေတ္တရာမြို့ဟောင်းရှိ လေ့လာစရာနေရာများသမိုင်း" စာအုပ်အား ကျွန်တော့်ကို လက်ဆောင်ပေးခဲ့ရာ သရေခေတ္တရာအကြောင်း များစွာသိရှိခွင့်ရခဲ့သည်။

ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ပျူမြို့ဟောင်း သုံးမြို့အနက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသောမြို့ဟု အဓိပ္ပာယ်ရသည့် သရေခေတ္တရာသည် အကြီးဆုံးဖြစ်သည်။ သရေခေတ္တရာမြို့ဟောင်းသည် ပြည်မြို့မှ အရှေ့တောင်ဘက် ငါးမိုင်အကွာ မှော်ဇာရွာတွင် တည်ရှိပြီး ၅ ဒသမ ၅ စတုရန်းမိုင် ကျယ်ဝန်း၍ မဝိုင်းသော စက်ဝိုင်းပုံသဏ္ဌာန်ရှိကာ မြို့ရိုးပတ်လည် အလျားသည် ၈ မိုင် ၅ ဖာလုံရှိသည်။ ရှေးဟောင်းသုတေသနတွေ့ရှိချက်များအရ သရေခေတ္တရာသည် အေဒီ တစ်ရာစုမှ အေဒီ ကိုးရာစုအတွင်း ထွန်းကားခဲ့သော ပျူမြို့ဟောင်းဖြစ်သည်။

သရေခေတ္တရာ မြို့ဟောင်းကို မြန်မာနိုင်ငံ၏ ပထမဆုံး ရှေးဟောင်းသုတေသနတာဝန်ခံဖြစ်သူ ဒေါက်တာ အီးဖော်ချားမား (Dr. E Forchammaer) က ၁၈၈၂ ခုနှစ်မှ ၁၈၈၄ ခုနှစ်အတွင်း ကွင်းဆင်းသုတေသနပြုခဲ့ပြီး ပြင်သစ်ဗိုလ်ချုပ်ကြီး လီယွန်ဒီဗဲလီယေ (General Leon de Beylie ) နှင့် ကျောက်စာဝန် မစ္စတာတော်စိန်ခိုတို့က ၁၉၀၇ ခုနှစ်တွင် တူးဖော်သုတေသနပြုခဲ့ကြသည်။





**သရေခေတ္တရာမြို့ဟောင်းကို မြန်မာနိုင်ငံ၏ ပထမဆုံး ရှေးဟောင်းသုတေသနတာဝန်ခံဖြစ်သူ ဒေါက်တာ အီးဖော်ချားမားက ၁၈၈၂ ခုနှစ်မှ ၁၈၈၄ ခုနှစ်အတွင်း ကွင်းဆင်းသုတေသနပြုခဲ့ပြီး ပြင်သစ်ဗိုလ်ချုပ်ကြီး လီယွန်ဒီဗဲလီယေနှင့် ကျောက်စာဝန် မစ္စတာတော်စိန်ခိုတို့က ၁၉၀၇ ခုနှစ်တွင် တူးဖော်သုတေသနပြုခဲ့ကြ**

နောက်ပိုင်းတွင် မစ္စတာတော်စိန်ခို၊ မွန်ဆီယာဒူရွိုင်ဆယ်၊ ဦးလူဖေဝင်းစသော ကျောက်စာဝန်များသည် သရေခေတ္တရာကို ဒုတိယကမ္ဘာစစ်မဖြစ်မီအထိ အခါအားလျော်စွာ တူးဖော်ခဲ့ကြသည်။ သရေခေတ္တရာ တူးဖော်မှုလုပ်ငန်းကို ခေတ်အဆက်ဆက်ပြုလုပ်ခဲ့ရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက သရေခေတ္တရာတွင် ယခုအချိန်အထိ ကုန်းပေါင်း ၅၇ ကုန်း တူးဖော်သုတေသနပြုခဲ့ပြီးဖြစ်ပေသည်။

ပြင်သစ်ဗိုလ်ချုပ်ကြီး လီယွန်ဒီဗဲလီယေနှင့် ကျောက်စာဝန် မစ္စတာတော်စိန်ခိုတို့သည် သရေခေတ္တရာကို ပထမဆုံးတူးဖော်ခဲ့စဉ်က မှော်ဇာရွာအနီး ကျောက်ကာသိမ်ကုန်းကျောင်းတိုက်အတွင်းမှ ဗုဒ္ဓရုပ်ပွားတော် ရုပ်ကြွများထွင်းထုထားသော ကျောက်ချပ်များကို တွေ့ရှိခဲ့ကြသည်။ ယင်းကျောက်ချပ်များ အပါအဝင် သရေခေတ္တရာမှ တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းပစ္စည်းများကို သိမ်းဆည်းထားရန် သစ်သားအဆောက်အအုံတစ်ခုကို ၁၉၁၅ ခုနှစ် မတ်လတွင်ဆောက်လုပ်၍ သီရိခေတ္တရာပြတိုက်ဟု အမည်ပေးခဲ့သည်။ အဆိုပါ အဆောက်အအုံသည် အလျားပေ ၅၀၊ အနံပေ ၂၀ ရှိခဲ့ပြီး သရေခေတ္တရာ၏ ပထမဆုံးပြတိုက်ဖြစ်ကာ ဒုတိယကမ္ဘာစစ်အတွင်း မီးလောင်ပျက်စီးခဲ့သည်။ ယင်းပြတိုက်သည် မြန်မာနိုင်ငံ၏ ရှေးအကျဆုံး ပြတိုက်များအနက်တစ်ခု ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ယဉ်ကျေးမှုကောင်စီက လက်ရှိ သီရိခေတ္တရာပြတိုက်သစ်ကို ဆောက်လုပ်ခဲ့ကာ နောက်ပိုင်းတွင် အဆောင်များ တိုးချဲ့ခဲ့သဖြင့် ၂၀၀၂ ခုနှစ်တွင် အဆောင်သုံးဆောင်အထိ တိုးတက်လာခဲ့သည်။

လက်ရှိ သီရိခေတ္တရာပြတိုက်သည် အင်္ဂလိပ်အက္ခရာ ယူပုံသဏ္ဌာန်ရှိသည်။ ပြတိုက်တွင် ခန်းဆောင်သုံးခုရှိပြီး ပြခန်း (၁)၊ ပြခန်း (၂)၊ ပြခန်း(၃) ဟု အမည်များတပ်ကာ ပျူရှေးဟောင်းပစ္စည်းများကို ပြသထားသည်။ ကျွန်တော်တို့ ပြတိုက်ဝင်းအတွင်းသို့ ဝင်လိုက်သည်နှင့် ယာဘက်ခြမ်းတွင် သတင်းအချက်အလက်ဌာနရုံးကို မြင်ကြရသည်။ ယင်းရုံးကို ခရီးသွားများ ပြတိုက်ဝင်ခွင့်လက်မှတ်ဝယ်ယူနိုင်ရန်နှင့် သိလိုသော အချက်အလက်များကို စုံစမ်းနိုင်ရန် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ သီရိခေတ္တရာပြတိုက်ကို အစိုးရရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသထားသည်။ ယခုအခါတွင် နိုင်ငံသားများအား အခမဲ့ လေ့လာခွင့်ပြုထားပြီး ပြည်ပဧည့်သည်များကို မြန်မာငွေကျပ် ၅၀၀၀ ကောက်ခံလျက်ရှိကြောင်း သိရှိရသည်။

ပြတိုက်အတွင်းသို့ ဝင်သည့် အုတ်လမ်းဘေးနှစ်ဖက်တွင် သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်ရရှိထားသည့် ကျောက်ထွင်းအိုးများကို မြက်ခင်းပေါ်တွင် မြင်တွေ့ကြရပေသည်။

ပြတိုက်အတွင်းသို့ ဝင်လိုက်သည်နှင့် ကြီးမားသော သဲကျောက်ပလ္လင်ကြီးတစ်ခုကို မြင်ကြရသည်။ ယင်းပလ္လင်ကြီးကို ၁၉၂၆ ခုနှစ်က သရေခေတ္တရာမြို့ဟောင်းရှိ ဘောဘောကြီးဘုရားတောင်ဘက် ဆင်မကိုးဝန်တင်ကုန်းမှ တူးဖော်ရရှိခဲ့သည်။ ခိုနန်းချိုး သဲကျောက်ပလ္လင်ကြီးကို ပန်းခက်၊ ပန်းနွယ်၊ ပွတ်တိုင်၊ လေးထောင့်မှန်စီကွက်များဖြင့် လှပစွာ ထုဆစ်ထားပြီး ပလ္လင်ကြီးသည် လေးစိတ်ကွဲနေသည်။

ကျောက်ပလ္လင်အနီးတွင် ၁၉၂၇ ခုနှစ်က သရေခေတ္တရာမြို့ဟောင်း၊ ဦးခင်ဘကုန်းမှ တူးဖော်ရရှိခဲ့သော ဌာပနာတိုက်အဖုံး ကျောက်ပြားချပ်ကို ပြသထားသည်။ ယင်းကျောက်ပြားကို သဲကျောက်ဖြင့် ပြုလုပ်ထားပြီး ကျောက်ပြားပေါ်တွင် စေတီပုံရုပ်ကြွကို ထုဆစ်ထားသည်။ ကျောက်ချပ်ကြီး၏ အောက်ပိုင်းရှိ အုတ်ခွက်ဘုရားပုံစံငါးခုအတွင်း၌ ဈာနမုဒြာဟန်ဖြင့် သီတင်းသုံးနေသော ဗုဒ္ဓဆင်းတုတော်ငါးဆူကို ဖူးတွေ့ကြရသည်။


သီရိခေတ္တရာပြတိုက်

ကျွန်တော်တို့ သီရိခေတ္တရာပြတိုက်ပြခန်း (၁)တွင် ကြည့်ရှုနေကြစဉ် မှော်ဇာရွာ ဓမ္မစကူးလ်မှ သင်တန်းသား ကလေးငယ်များနှင့် ဆရာမများ ပြတိုက်သို့ရောက်ရှိလာကြသည်။ ကျွန်တော်တို့ကို လိုက်လံရှင်းပြနေသည့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သိန်းက ကလေးများကိုစုဝေးကာ ရှေးဟောင်းယဉ်ကျေးမှုတန်ဖိုးကို သိရှိနားလည်၊ မြတ်နိုးတန်ဖိုးထားတတ်ကြစေရန် အခါအခွင့်ကြုံခိုက် ဟောပြောရှင်းပြခဲ့သည်။ မြန်မာ့အသံမှ မစုသက်မှူးကလည်း ကလေးများကို အင်တာဗျူးလုပ်ကာ အသံဖမ်းခဲ့သဖြင့် အားလုံးပျော်ရွှင်ကာ အမှတ်တရ ဖြစ်ခဲ့ကြပေသည်။

အဆိုပါ ပြခန်း (၁)မှာပင် ပျူစာများရေးထိုးထားသည့် ပျူဘုရင်တို့၏ ကျောက်ထွင်း အရိုးအိုးကြီးများကို ပြသထားသည်။ ပျူမြို့ဟောင်းများကို တူးဖော်ခဲ့ရာတွင် ဗိဿနိုးနှင့် ဟန်လင်းမှ မြေအရိုးအိုးများကိုသာ တွေ့ရှိခဲ့ရပြီး ကျောက်အရိုးအိုးများကို သရေခေတ္တရာ တစ်နေရာတည်းမှသာတွေ့ရှိခဲ့ရသည်။ သရေခေတ္တရာကို အုပ်စိုးခဲ့သည့် ပျူဘုရင်များ ကွယ်လွန်ခဲ့စဉ်က ယင်းတို့၏ အရိုးပြာများကို ထိုကျောက်အိုးများအတွင်း ထည့်သွင်းမြှုပ်နှံခဲ့ကြသည်။ ကျောက်အိုးများ၏ပတ်လည်တွင် ဘုရင်တို့၏ အမည်များနှင့် ကွယ်လွန်သည့်ခုနှစ်များကို ပျူဘာသာဖြင့် ရေးထိုးထားသဖြင့် သမိုင်းတန်ဖိုး၊ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသည့် အမွေအနှစ်များဖြစ်ကြပေသည်။ ၁၉၆၈ ခုနှစ်က သရေခေတ္တရာ နန်းမြို့ရိုးအရှေ့ဘက် ဝင်ပေါက်အနီးမှရရှိခဲ့သည့် ဒွါရပါလ ကျောက်ရုပ်ကိုလည်း ပြသထားသည်။ ဒွါရပါလဟူသည် တံခါးစောင့်ဟု အဓိပ္ပာယ်ရသည်။ သရေခေတ္တရာပျူများသည် မြို့တွင်းသို့ မကောင်းဆိုးဝါးများမဝင်နိုင်ရန် အရံအတားအဖြစ် ဒွါရပါလရုပ်တုများ ချထားခြင်းဖြစ်နိုင်ကြောင်း ယူဆကြသည်။

ပြခန်း (၂) တွင် ၁၉၂၆ ခုနှစ်က ကျောက်ကာ သိမ်ကုန်းကျောင်းတိုက်မှတွေ့ရှိခဲ့သည့် ဗုဒ္ဓရုပ်ကြွအပါအဝင် မျက်နှာလေးဖက်ပါ ဗုဒ္ဓရုပ်ကြွ သဲကျောက်တိုင်၊ ဦးခင်ဘကုန်းမှ ရရှိခဲ့သည့် ငွေဗောဓိပလ္လင်ကြုပ်အဝိုင်းနှင့် ပျူကျောက်စာများကို ပြသထားရာ အထူးစိတ်ဝင်စားဖွယ် ကောင်းလှသည်။ ယင်းတို့အနက် ဘောဘောကြီးဘုရားတောင်ဘက် ကြာနီကန်ပေါက်အနီးမှ ၁၉၃၅ ခုနှစ်တွင် တွေ့ရှိခဲ့သည့် ဗုဒ္ဓဘုရားရှင်နှင့် သာဝက နှစ်ဦးပုံပါသည့် ကျောက်စာချပ်သည်

*စာမျက်နှာ ၂၂ သို့*



# စကားပြေအလေ့အလာ (၆)

မောင်ခင်မင်(ဓနုဖြူ)

"သမီးတို့ပါဆရာ"

"အေး၊ လာကြ။ ဆရာလည်းမျှော်နေတာ။ စကားဆက်စရာရှိသေးတယ်မဟုတ်လား"

"ဟုတ်ကဲ့။ စကားပြေလေ့လာရာမှာ ဘယ်အကြောင်းအရာကို ဘယ်လိုရေးထားတယ်ဆိုတာလေ့လာမှ စကားပြေလေ့လာတာဖြစ်မှာပေါ့နော် ဆရာ။ အကြောင်းအရာသက်သက်လေ့လာရင်တော့ အကြောင်းအရာကို သိဖို့သက်သက်ပဲဖြစ်မယ်ထင်ပါတယ်"

"ဟုတ်တာပေါ့သမီးရယ်။ စကားပြေထဲက အကြောင်းအရာကိုဖတ်ပြီး ပြန်ပြောပြရုံနဲ့တော့ အကြောင်းအရာကို ဖောက်သည်ချတာပဲဖြစ်နေမှာပေါ့။ ဘယ်လိုရေးထားတယ်ဆိုတဲ့ အရေးအသားကိုပါ လေ့လာမှ စကားပြေလေ့လာတာ ဖြစ်မှာပေါ့ကွယ်"

"ဒါဆိုရင် ဆရာဇော်ဂျီရဲ့ အမှာစာမှာ လမ်းညွှန်ထားသလို စကားပြေသင်ရင်း အရေးအသားကိုလည်း အာရုံပြုလာကြမှာပေါ့နော် ဆရာ"

"ဟုတ်ပါတယ်။ အဲဒီတက္ကသိုလ်မြန်မာစကားပြေ ကောက်နုတ်ချက်ကို ပြဋ္ဌာန်းပြီးတဲ့နောက်ပိုင်းမှာ စကားပြေသင်ရင် အကြောင်းအရာပိုင်း၊ အရေးအသားပိုင်းဆိုပြီး နှစ်ပိုင်းခွဲသင်လာကြတာ တွေ့ရတယ်"

"စကားပြေသင်ပုံ ပြောင်းလဲလာတာပေါ့နော်ဆရာ"

" ဟုတ်တယ်။ တစ်ခုပြောရဦးမယ်။ အဲဒီစာအုပ်ပြုစုပြီးစတုန်းက တက္ကသိုလ်မြန်မာစာ ဆရာ၊ ဆရာမတွေအတွက် မွမ်းမံသင်တန်းတစ်ခုဖွင့်တယ်။ တစ်နိုင်ငံလုံးက ဆရာ ဆရာမတွေကို မန္တလေးတက္ကသိုလ်နဲ့ ရန်ကုန်တက္ကသိုလ်မှာ ဆရာကြီး ဆရာမကြီးတွေက ပို့ချပေးတယ်။ အဲဒီမှာ စကားပြေသင်ကြားသူတွေလေ့လာဖို့ ဆရာဇော်ဂျီက စာအုပ်တစ်အုပ်ညွှန်းတယ်။

"ဘာစာအုပ်ပါလဲဆရာ"

"စာအုပ်နာမည်က Fundamentals of good writing တဲ့။ C.Brooks နဲ့ R.P. Warran ဆိုတဲ့ စာရေးသူ နှစ်ယောက်ပေါင်းပြီး ရေးတဲ့စာအုပ်ပဲ"

"အဲဒီစာအုပ်ကို ဆရာ လေ့လာရမှာပေါ့နော်"

"အေး. . . အဲဒီစာအုပ်ကို ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်ကငှားပြီး လေ့လာဖြစ်ပါတယ်။ မပြီးမချင်း ထပ်ထပ်ငှားရတာပေါ့။ စာအုပ်ရဲ့နာမည်အတိုင်း စာအရေးအသားကောင်းအတွက် အခြေခံသဘောတွေကို သာဓကတွေနဲ့ အကျယ်တဝင့် ရှင်းပြထားတာမို့ သိပ်ကောင်းတာပဲ။ ဆရာ ဒီစာအုပ်ကို ဖတ်ပြီးတော့ စကားပြေလေ့လာရာမှာ တော်တော်မျက်စိပွင့်သွားတယ်။

" အဲဒီစာအုပ်မှာ ဘယ်လိုအကြောင်းအရာတွေပါပါသလဲဆရာ"

"အခြေခံကတော့ ဆရာဇော်ဂျီရဲ့ အမှာစာမှာပါတဲ့ အချက်တွေပါပဲ။ စာအရေးအသားဆိုင်ရာ အခြေခံအချက်တွေပေါ့။ စကားသုံးနှုန်းပုံ၊ ဝါကျဖွဲ့ပုံ၊ စာပိုဒ်ဖွဲ့ပုံ၊ စာတစ်ပုဒ်လုံးဖွဲ့ပုံ၊ စကားပြေအဖွဲ့၊ အမျိုးအစားတွေ၊ စာရေးဟန်၊ စာရေးသူရဲ့လေသံစသည်ဖြင့် ကဏ္ဍတွေခွဲပြီး သာဓကတွေနဲ့ ရှင်းပြထားတာပါ။ သာဓကပြတဲ့စာတွေကိုလည်း ဝေဖန်သုံးသပ်ပြထားတာမို့ ဒီစာအုပ်ကိုဖတ်ပြီးရင် စာအရေးအသား အထူးသဖြင့် စကားပြေအရေးအသားကောင်းဆိုတာ ဘယ်လိုအင်္ဂါရပ်တွေနဲ့ ညီညွတ်ရမယ်ဆိုတာ သိမြင်လာတာပေါ့ကွယ်"

**စကားပြေအရေးအသားအကြောင်း အင်္ဂလိပ်လိုပဲ ရေးရေး၊ ဂျပန်လိုပဲရေးရေး၊ ပြင်သစ်လိုပဲရေးရေး၊ မြန်မာလိုပဲရေးရေး၊ စကားပြေနဲ့ပတ်သက်တဲ့ အသိအမြင်ကိုတော့ ရမှာချည်းပဲလေ။ အဲဒီလိုအသိအမြင်ကျယ်ပြန့်လေလေ၊ ကိုယ့်စာပေအတွက် တိုးတက်ရာတိုးတက်ကြောင်း လုပ်နိုင်လေလေပဲပေါ့ကွယ်**

"တစ်ခုမေးပါရစေဆရာ"

"မေးလေ"

"အဲဒီစာအုပ်က အင်္ဂလိပ်လိုရေးထားတာဆိုတော့ မြန်မာစကားပြေအရေးအသားအတွက် ဘယ်လိုအထောက်အကူပြုပါသလဲဆရာ။ အဲဒါသိချင်လို့ပါ"

"အင်း. . သားတို့ သမီးတို့မေးချင်စရာပဲလေ။ အဲဒါကိုရှင်းမပြခင် ဆရာက အရင်မေးမယ်။ ကဲ. . . သမီးက ဘာဘာသာနဲ့ဘွဲ့ရတာလဲ"

"ရှင်၊ ဩော် ဓာတုဗေဒနဲ့ပါဆရာ"

"သားကရော"

"ကျွန်တော်က စိတ်ပညာနဲ့ဘွဲ့ရပါတယ် ဆရာ"

"ဟုတ်ပါပြီ။ ဓာတုဗေဒနဲ့ဘွဲ့ရတဲ့သမီးက ဘယ်လိုစာအုပ်တွေ လေ့လာရသလဲ ကွယ်"

"အင်္ဂလိပ်လိုရေးထားတဲ့ Chemistry စာအုပ်တွေလေ့လာဖို့ ဆရာတွေက ညွှန်းပါတယ် ဆရာ။ သင်တော့လည်း ထင်ရှားတဲ့ ဓာတုဗေဒပညာရှင်တွေရေးထားတဲ့ စာအုပ်တွေ၊ သုတေသနစာတမ်းတွေကို ကိုးကားပြီးသင်ပါတယ်။ သမီးတို့ အဲဒီစာအုပ်တွေဖတ်ဖို့လည်း လမ်းညွှန်ပါတယ်"

"သားကရော၊ စိတ်ပညာအတန်းတွေမှာ ဘယ်လိုစာအုပ်တွေလေ့လာရသလဲ"

"သူ့လိုပါပဲဆရာ။ ထင်ရှားတဲ့ပညာရှင်တွေ ရေးထားတဲ့ Psychology စာအုပ်တွေ၊ စာတမ်းတွေကို ကိုးကားပြီး သင်ပါတယ်။ ကျွန်တော်တို့လေ့လာဖို့လည်း ညွှန်းပါတယ်ဆရာ"

"ဒါဆိုရင် သားတို့၊ သမီးတို့သိချင်တဲ့အဖြေရရောပေါ့။ ရေးထားတဲ့ ဘာသာစကားကွဲပြားပေမယ့် ပညာရပ်သဘောက အတူတူမို့၊ ပညာရပ်တစ်ခုကို ဘယ်ဘာသာစကားနဲ့ရေးထားတာပဲဖြစ်ဖြစ် လေ့လာရင် အဲဒီပညာရပ်နဲ့ပတ်သက်တဲ့ အသိအမြင်ရမှာချည်းပါပဲ။ အဲဒီလိုပါပဲ စကားပြေအရေးအသားအကြောင်း အင်္ဂလိပ်လိုပဲရေးရေး၊ ဂျပန်လိုပဲရေးရေး၊ ပြင်သစ်လိုပဲရေးရေး၊ မြန်မာလိုပဲရေးရေး၊ စကားပြေနဲ့ပတ်သက်တဲ့အသိအမြင်ကိုတော့ ရမှာချည်းပဲလေ။ အဲဒီလိုအသိအမြင်ကျယ်ပြန့်လေလေ၊ ကိုယ့်စာပေအတွက် တိုးတက်ရာ တိုးတက်ကြောင်း လုပ်နိုင်လေလေပဲပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"စဉ်းစားကြည့်လေ။ ပါဠိဘာသာနဲ့ရေးထားတဲ့ ပိဋကတ်စာပေတွေကို အခြေခံပြီး မြန်မာစာပေဖွံ့ဖြိုးလာတာ သားတို့သမီးတို့အသိမဟုတ်လား။ အဲဒီလိုပဲ အနောက်တိုင်းစာပေ၊ အဲ . . . အင်္ဂလိပ်စာပေလေ့လာမှုကို အကြောင်းပြုပြီး မြန်မာစာပေမှာ ခေတ်သစ်ဝတ္ထုတွေ ပေါ်လာတာ၊ ခေတ်ဆန်းစာပေဆိုတဲ့ စာပေလှုပ်ရှားမှုပေါ်ပေါက်လာတာ၊ နိုင်ငံရေးဝါဒဆိုင်ရာ စာပေတွေထွန်းကားလာတာ အထင်အရှားပဲလေ။ အရေးကြီးတာက တခြားဘာသာစကားတွေနဲ့ရေးထားတဲ့ ပညာရပ်တွေကို ကျေညက်အောင်ကြိတ်ချေပြီး ကိုယ့်စာပေထဲမှာ တစ်သားတည်းဖြစ်သွားအောင် ယူနိုင်ဖို့ပါပဲ။ ဒီအစဉ်အလာဟာ ခုလိုနည်းပညာထွန်းကားတဲ့ခေတ်မှာ အရှိန်အဟုန်နဲ့ဖွံ့ဖြိုးလာတာ သားတို့သမီးတို့ အမြင်ကျယ်ကျယ်နဲ့ ကြည့်ဖို့ပဲလေ"

" ဟုတ်ကဲ့ပါ ။ သဘောပေါက်ပါပြီဆရာ"

"ပွင့်ပွင့်လင်းလင်းပြောရရင် စကားပြေကို ဆရာပြောခဲ့သလို စနစ်တကျလေ့လာပုံမျိုးဟာ ဆရာတို့စာပေမှာအရင်ကရှိမှမရှိဘဲဟာ။ အနောက်တိုင်းစာပေတွေ ဖတ်ရှုလေ့လာတဲ့အခါကျမှ တခြားပညာရပ်တွေ တတ်သိလာသလိုပဲ၊ စကားပြေအရေးအသား နည်းနာတွေကိုသိလာပြီး လေ့လာဖို့ လမ်းစရလာတာလေ။ နောက်တော့ ကိုယ့်အသိဉာဏ်နဲ့ အဲဒီလမ်းစကို ဖွံ့ဖြိုးလာအောင် ပညာရှင်တွေကလုပ်ခဲ့ကြလို့ ခုအခြေအနေကို ရောက်လာတာပေါ့ကွယ်"

" ဆရာရှင်းပြတဲ့အတွက် အမြင်ရှင်းသွားပါပြီဆရာ၊ ကျေးဇူးတင်ပါတယ်"

" စကားဆက်ရရင် စကားပြေကို အကြောင်းအရာပိုင်း အရေးအသားပိုင်းခွဲခြားပြီးလေ့လာသင်ကြားရင်း ၁၉၇၇ ခုနှစ်မှာ အခြေအနေတစ်မျိုးပြောင်းလာပြန်ရောကွယ်"

" ဘယ်လိုအခြေအနေပါလဲဆရာ"

"ဒေသကောလိပ် ပညာရေးစနစ်ပေါ်လာတာလေ။ အဲဒီစနစ်အရ အစပိုင်းမှာ မြန်မာစာကို ပထမနှစ် ဝိဇ္ဇာရိုးရိုး ကျောင်းသားတွေပဲ ယူရတယ်။ နောက်မှ မယူမနေရ နှစ်နှစ်ပြန်ဖြစ်တာ။ ထားပါတော့။ အဲဒီတော့ ပြဋ္ဌာန်းစာအုပ်တွေလည်း ပြောင်းရတာပေါ့။ ဒါပေမယ့် စကားပြေသင်ကြားတဲ့ အလျဉ်မပြတ်အောင် ရည်ရွယ်ပြီး ' ပထမနှစ် ဒေသကောလိပ် မြန်မာစကားပြေစု' ဆိုတဲ့ စာအုပ်ပြုစုပြီး ပြဋ္ဌာန်းတယ်။ အဲဒီစကားပြေစု အမှာစာမှာ လေ့လာပုံ လေ့လာနည်းကို လမ်းညွှန်ထားတယ်။ အရင်ပြဋ္ဌာန်းတဲ့ စကားပြေရွေးချယ်ချက် လမ်းကြောင်းအတိုင်း အရေးအသားကို အလေးပေးပြီး လေ့လာဖို့ လမ်းညွှန်ထားတာလေ"

" အဲဒီ မြန်မာစကားပြေစုကိုရော ဘယ်ဆရာကြီးတွေပြုစုတာပါလဲ ဆရာ"

" အဲဒီတုန်းက မြန်မာစာသင်ရိုးအဖွဲ့ ဥက္ကဋ္ဌဖြစ်တဲ့ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် မြန်မာစာဌာနမှူး ဆရာကြီး ဦးမြင့်ကြည် ပြုစုတာပါ။ အဲဒီစာအုပ်မှာပါတဲ့ စကားပြေတွေကိုလေ့လာပြီး စကားပြေကို လုပ်ငန်းခွင်မှာ လက်တွေ့အသုံးချနိုင်ဖို့လည်း ရည်ရွယ်တာတွေ့ရတယ်"

" ဟုတ်ကဲ့ပါဆရာ။ အဲဒီစာအုပ်ကို သမီးတွေ့ဖူးပါတယ်။ သေသေချာချာတော့ မလေ့လာဖြစ်ပါဘူး"

" ပြီးတော့ ဒေသကောလိပ် ဒုတိယနှစ် ပင်ရင်းမြန်မာစာ ဘာသာရပ်အတွက် 'စကားပြေအဖွဲ့ပုံစံများနှင့် ဘာသာပြန်လေ့လာချက်'ဆိုတဲ့ စာအုပ်ရယ်၊ 'ရုံးသုံးမြန်မာစာ'ဆိုတဲ့ စာအုပ်ရယ် ပြဋ္ဌာန်းသေးတယ်"

"ဟုတ်ကဲ့ပါ"

"အင်း. . . ပြောရရင် အဲဒီစာအုပ်နှစ်အုပ်က အဲဒီတုန်းက မြန်မာစာပါမောက္ခ ဆရာမကြီးဒေါ်သန်းဆွေတာဝန်ပေးလို့ ဆရာပြုစုတာပါ"

"ဟာ. . . သမီးအစ်ကို ဒေသကောလိပ်တက်ရတုန်းက သင်ရတဲ့ ရုံးသုံးမြန်မာစာအုပ်မှာ ပြုစုသူနေရာမှာ ဆရာ့နာမည်တွေ့တာခုမှသဘောပေါက်တယ်ဆရာ"

"အေး. . . စကားပြေအဖွဲ့ပုံစံများဆိုတာကတော့ ခွင့်စာတို့၊ အလုပ်လျှောက်စာတို့ ၊ တိုင်စာတို့၊ အကြံပေးချက်တို့၊ ဆွေးနွေးချက်တို့၊ မိန့်ခွန်းတို့၊ မှတ်တမ်းတို့၊ အစီရင်ခံစာတို့ဆိုတဲ့ပုံစံတွေကို သာဓကတွေထုတ်ပြီး ရေးထားတာပါ။ လက်တွေ့ရေးရင် အထောက်အကူပြုဖို့ပေါ့။ မြန်မာသတင်းတွေနဲ့ အင်္ဂလိပ်သတင်းတွေ ဘာသာပြန်ပုံ ယှဉ်ပြတာလည်းပါတယ်။ ရုံးသုံးမြန်မာစာကတော့ ရုံးတွေမှာ တရားဝင်သုံးနေတဲ့ အမှာစာတို့၊ ပေးစာတို့၊ ရုံးတွင်းစာတို့၊ မှတ်တမ်းတို့၊ အမိန့်ကြော်ငြာစာတို့ဆိုတဲ့ ရုံးစာအမျိုးမျိုးကို ရုံးတွေမှာ လိုက်စုဆောင်းပြီးတော့ ပုံစံပြပြီး ရေးထားတာပါ။ ဒါလည်း ရုံးစာတွေကို ပုံစံတကျရေးတတ်ဖို့ ရည်ရွယ်တာပါ။ ဒီစာအုပ် နှစ်အုပ်ကို ဒေသကောလိပ်စနစ်ပြီးဆုံးတဲ့အထိ ပြဋ္ဌာန်းတာတွေ့ရတယ်"

"အဲဒီနောက်ပိုင်းမှာရောဆရာ"

"ဒေသကောလိပ်တွေက ရိုးရိုးနှစ်နှစ်သင်ကောလိပ်တွေ ပြန်ဖြစ်ပြီး ပညာရေးစနစ်က ဒေသကောလိပ်မစခင်က ပုံစံအတိုင်း ပြန်ဖြစ်သွားတာပေါ့။ ပြဋ္ဌာန်းစာအုပ်တွေလည်း အသစ်ထပ်ပြုစုကြတယ်။ 'မြန်မာစကားပြေရွေးချယ်ချက်'ဆိုပြီး ပေါ်လာတယ်။ အကြောင်းအရာပိုင်းနဲ့အရေးအသားပိုင်းဆိုပြီး နှစ်ပိုင်းခွဲလေ့လာတဲ့ပုံစံကတော့ တော်တော်အသားကျနေပြီလေ"

"ဟုတ်ကဲ့ပါ။ ဆရာနားပါဦး။ ကျေးဇူးတင်ပါတယ်ဆရာ"

*စာမျက်နှာ ၂၁ မှ*

အလွန်လက်ရာမြောက်သည့် ရွှေးဟောင်း လက်ရာတစ်ခုဖြစ်သည်။ ဆင်းတုတော်နှင့် ကျောက်စာသည် တွဲလျက်ရှိနေပြီး ကျောက်ပြားအပေါ်တွင် ဆင်းတုတော်ကို မုခ်ခုံးဖြင့် တန်ဆာဆင်ထားသည်။

ပျူစာနှင့် သက္ကဋစာလုံးများ ရောစပ်ရေးထိုးထားသည့် ပလ္လင်ပေါ်တွင် သီတင်းသုံးနေသည့် ဆင်းတုတော်တစ်ဆူကို ဘောဘောကြီးဘုရားတောင်ဘက် ကန်ဝက်ခေါင်းကုန်းမှ ၁၉၂၇ ခုနှစ်တွင် တွေ့ရှိခဲ့သဖြင့် ဤပြခန်းတွင် ပြသထားသည်။

သရေခေတ္တရာမှ ပျူလူမျိုးများသည် မြို့ရိုးပတ်လည်တွင် သံမယ်နကြီးများကို ရိုက်စွဲလေ့ရှိကြရာ ယင်းဓလေ့ သည်မကောင်းဆိုးဝါးများနှင့် ဘေးအန္တရာယ်အပေါင်းကို တားဆီးရန် ရည်ရွယ်ခဲ့သည်ဟု ပညာရှင်များက သုံးသပ်ကြသည်။ နဂါးတွန့်မြို့ဝင်ပေါက် အပြင်ဘက်မှ မြို့ရိုးအုတ် နံရံအောက်ခြေတွင် စိုက်ထူထားသော သံမယ်နကြီး ခုနစ်ချောင်းကို တူးဖော်ရရှိခဲ့သည်။ ထိုသံမယ်နကြီးများကိုလည်း ပြခန်း(၃)တွင် မြင်တွေ့ရပေသည်။ ကျောက်စာဝန် မွန်ဆီယာ ဒူရွိုင်ဆယ် (Mons Duroiselle) က ပျူလူမျိုးများသည် သံထည်ပစ္စည်းများက မကောင်းဆိုးဝါးများကို ဟန့်တားကာကွယ်နိုင်သည်ဟု ယူဆဖွယ်ရှိကြောင်း သုံးသပ်ခဲ့သည်။

သရေခေတ္တရာကို ကိုယ်တိုင်တူးဖော်ခဲ့ဖူးသူ ရှေးဟောင်းသုတေသနဝန်ထောက် ဆရာကြီးဦးစိန်မောင်ဦးကလည်း "ပျူတို့၏ ထူးဆန်းသော အစွဲအလန်းတစ်ခုမှာ သံသည် မကောင်းဆိုးဝါးတို့ကို ကာကွယ်နိုင်သည်ဟူသော အစွဲအလန်းပင်ဖြစ်သည်။ သံမယ်နကြီးများကို မြို့ရိုးပတ်လည်တွင်လည်းကောင်း၊ အဆောက်အအုံပတ်လည်တွင် လည်းကောင်း ရိုက်ထားကြသည်။ အရိုးအိုးများနှင့်အတူ သံခား၊ သံချောင်း၊ သံချိတ် စသော သံကိရိယာများကို လည်းတစ်ပါတည်း မြှုပ်နှံလေ့ရှိကြသည်"ဟု "သရေခေတ္တရာမြို့ဟောင်း" စာတမ်းတွင် ရေးသားခဲ့သည်။ ယင်းစာတမ်းကို ရှေးဟောင်းမြန်မာ့မြို့တော်များစာအုပ်တွင် ဖတ်ရှုနိုင်သည်။

ပြခန်း(၃)တွင် ပျူမြို့ပြများ တည်ထောင်ခဲ့သည့် အုတ်ချပ်အပိုင်းအစများ၊ မြေမီးဖုတ် ပွတ်တိုင်များ၊ ရုပ်ကြွများကို ပြသထားသည်။ ထို့အပြင် ရွှေ၊ ငွေ လက်ဝတ်ရတနာများ၊ ရွှေမြေ၊ ကျောက်ပုတီးစေ့များ၊ ပျူဒင်္ဂါးများကိုလည်း တွေ့မြင်ကြရသည်။

သီရိခေတ္တရာ ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ရှေးဟောင်းပစ္စည်းများအား လိုက်လံပြသပေးနေသည့် ဒေါ်မြင့်မြင့်သိန်း၏ ရှင်းပြချက်များကို ကျွန်တော်တို့ မှတ်သားနေကြသည့်တိုင် တစ်ခေါက်တည်းနှင့် မည်သို့မျှ ပြည့်စုံစွာသိရှိနိုင်မည် မဟုတ်ကြောင်း ကျွန်တော်တွေးနေမိခဲ့သည်။ ကျွန်တော်တို့ နောက်ထပ် အခေါက်များစွာ လာကြရပေဦးမည်။

သီရိခေတ္တရာ ပြတိုက်အတွင်း အလွန်ရှားပါး၍ သမိုင်းတန်ဖိုးမြင့်မားသော ပျူခေတ်ဗုဒ္ဓဆင်းတုတော်များ၊ အုတ်ခွက်ဘုရားများ၊ ပျူစာများ ရေးထိုးထားသည့် ကျောက်အရိုးအိုးများ၊ ရုပ်ကြွများထွင်းထုထားသော ဌာပနာတိုက်ဖုံးကျောက်ပြား၊ ဒွါရပါလ ကျောက်ရုပ်၊ တာရာဒေဝီနတ်သမီး၊ ဗောဓိသတ္တ၊ တင်းပုတ်ကိုင်ထားသော နတ်ဘီလူး၊ ဗိဿနိုးနှင့် လက္ခမီးရုပ်တုများ၊ သံမယ်နများ၊ သံပန္နက်တိုင်များအပြင် ပျူပုတီးများ၊ ပျူဒင်္ဂါးများ၊ ပျူခေတ်ရွှေထည် လက်ဝတ်တန်ဆာများ စသည်ဖြင့် ပစ္စည်းပေါင်း ၂၃၉ ခု ခင်းကျင်းပြသထားသည်မှာ လာရောက်ကြည့်ရှုကြသူများအဖို့ ကြည့်မဝနိုင်အောင်ဖြစ်ကြရပေသည်။

ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်သည့် မြန်မာနိုင်ငံတွင် ရှေးဟောင်းအမွေအနှစ်များကို နိုင်ငံအနှံ့ မြေပေါ်မြေအောက်၌ ယနေ့တိုင် တွေ့ရှိနေကြရသည်။ သရေခေတ္တရာတွင် နေထိုင်ခဲ့သည့် ပျူလူမျိုးများ၏ ယဉ်ကျေးမှုသမိုင်းကြောင်းကို ပီပြင်စွာဖော်ထုတ်နိုင်ရန် ရှေးဟောင်း တူးဖော်သုတေသနပြုခြင်းလုပ်ငန်းကို ခေတ်အဆက်ဆက် ဆောင်ရွက်လျက်ရှိနေပေသည်။

သရေခေတ္တရာ ပျူမြို့ဟောင်းသို့ ပြည်တွင်းပြည်ပမှ လာရောက်လည်ပတ်ကြသူများသည် သရေခေတ္တရာ ပျူမြို့ဟောင်းမှ တူးဖော်တွေ့ရှိထားသော ပျူသမိုင်းအထောက်အထားများကို ပြသထားသည့် သီရိခေတ္တရာ ပြတိုက်သို့လည်း နေ့စဉ်နီးပါး လာရောက် ကြည့်ရှုလေ့လာလျက်ရှိကြသည်။ ယင်းသို့လေ့လာကြသူများတွင် ကျွန်တော်တို့လည်း အပါအဝင်ဖြစ်ပေရာ ကမ္ဘာ့အမွေအနှစ် စာရင်းဝင် ပျူမြို့ဟောင်း သရေခေတ္တရာ ခရီးစဉ်အတွင်း သီရိခေတ္တရာပြတိုက်၌ လေ့လာခဲ့ရမှုများကို အမှတ်ရနေဆဲဖြစ်ပါတော့သည်။

■

ရွှေပါရမီ

ကျန်းမာရေးဖောင်ဒေးရှင်း မှ ဆေးဝါးများလှူဒါန်းပါမည်

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံအတွင်း ရေဘေးသင့်ဒေသအသီးသီးတွင် ပါဝင်ကယ်ဆယ် ကူညီနေကြသော ကျန်းမာရေးစောင့်ရှောက်မှု ပရဟိတအဖွဲ့အစည်းများအတွက် လိုအပ်သည့် ဆေးဝါးများကိုတိုက်ရိုက် ပါဝင်လှူဒါန်းလိုပါသဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်ပါရန် ဖိတ်ခေါ် အပ်ပါသည် ။

ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းသို့ ဆေးဝါး ၊ ရေဘေးတွင် လိုအပ်သည့် ပစ္စည်း နှင့် ငွေကြေးများ လှူဒါန်းလိုသောအလှူရှင်များကိုလည်း ဖိတ်ခေါ်အပ်ပါသည် ။

- ရုံးခန်း – အမှတ် (၁၉) / A ၊ မိုလ်ရာညွန့်လမ်း ၊ ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့။
  ဖုန်း – ၀၁–၂၄၉၅၇၃ ၊ ဖက်စ် – ၀၁–၃၈၅၀၄၄
- ဦးသိန်းထိုက်ဦး – ၀၉–၅၀၀၀၄၃၉ (Ph / Viber)
- ဦးစန်မင်း – ၀၉–၇၃၁၀၃၆၃၂ (Ph / Viber)
- ဦးငွေးမြင့် – ၀၉–၅၀၁၀၄၂၇ (Ph / Viber)
- ဦးငွေးအောင် – ၀၉–၅၁၅၃၃၄၈ (Ph / Viber)

ရုံးချိန်အတွင်း ဆက်သွယ် နိုင်ပါသည်။



ပွဲတော်အုပ် ပေါ် ဆန်းမွေးဆန်ဆိုင်
မွေးတာလဲပတ်၊ ကောင်းတာလဲပတ်
သားသားကြိုက်တုပ်၊ အဲဒါပွဲတော်အုပ်၊
ပွဲတော်အုပ်လေးကောင်းလိုက်တာ၊
မှာလိုက်ပါနော်မနေး၊
အရောက်ပို့မယ်၊ မြန်မြန်လေး
☎ 01-512443, 09-73017656, 09-32380867



ဝါဆိုသင်္ကန်း၊ နိဗ္ဗာန်ရည်မှန်း
ဝယ်ယူလှူဒါန်း၊ သူစျေးသာသင်္ကန်း
ချမ်းသာသူရေစေဖို့ သူစျေးမြင့်သာသင်္ကန်း
ဝယ်ယူလှူဒါန်းကြပါစို့၊
လိပ်စာ– သုခမှတ်တိုင်အနီး လှိုင်မြို့နယ်ရန်ကုန်အင်းစိန်လမ်းမကြီး။
☎ 01-512443, 09-73017656, 09-32380867



နာကျင်ကိုက်ခဲ၍တွေ့ကင်၊ အကြောဆေးမှာ လင်းရှင်၊ . . .
ISO 9001: 2008
လင်းရှင်
အကြောပြေအကိုက်အခဲပျောက်ဆေး
TMR - 012616 (0317)



ဝမ်းမှန်ဖြင်းရဲ့ လျှို့ဝှက်ချက် ရုပ်နမို ဆေးတစ်လက် . . .
ISO 9001: 2008
ရုပ်နမို ဝမ်းမှန်ဆေး
TMR - 012716 (0118)



FAME Nature A®
Carotenoid complex
သဘာဝ ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 009439 (1014)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)

FAME Phototec®
Natural antioxidant for eye
မျက်စိဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 008234 (1115)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)



(မူလလက်ဟောင်း) တဆထလ - 2687
ဆေးမြစ်စုံ ဒဏ်ကြေလိမ်းဆေး (အဆီခဲ)
ဒူးနာ၊ ခါးနာ၊ လေးဘက်နာ၊ အကြောသည်၊ အကြောတင်၊ လေငန်း၊ ထိခိုက်ဒဏ်ရာ၊ သိမ့်ပူ၊ မီးပူ၊ လေထိုး၊ လေအောင့်ရောဂါများအတွက် တိုင်းရင်းဆေး စစ်စစ်ဆေးကို ဆိုင်တိုင်းမှာမေးဝယ်ကြပါ။
မှတ်ချက်- အဆီခဲအဖြစ်တမျိုးထဲသာထုတ်လုပ်ပါသည်။ အရည်(လုံးဝ)မထုတ်လုပ်ပါ။
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(012531/(1116)) တိုင်းရင်းသမားတော် ဆရာလှ-တဆ-3343


## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၂၇၅၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဌ/၅၄၄၃ ထရော်လာဂျီ လယ်ယာသုံးထရပ် (၄×၂)L ယာဉ်လက်ဝယ်ရှိသူ ဦးအုန်းကျော် ၉/မနတ(နိုင်)၀၅၀၉၄၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အမည်မှန်

ဦးမင်းလွင် ၉/ကပတ(နိုင်)၁၉၆၅၉၀ ၏သမီး မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ မကျီးကုန်းအုပ်စု၊ မကျီးကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ပဉ္စမတန်းမှ မပွင့်ဖူးဇော်အမည်မှန်မှာ မသွင်ထူးဇော် ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၂၈၁၁၆ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/3525, Suzuki carry, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၉/မနမ(နိုင်)၁၀၅၃၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၂၈၆၁ Luojia 110ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လင်း ၉/မရတ(နိုင်)၁၁၁၈၀၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**


Yum Yum® Xcite®

ခေါက်ဆွဲ စားပြီး ဖုန်းငွေဖြည့်ကတ်များ ချက်ချင်းရယူလိုက်ပါ




YumYum® ခေါက်ဆွဲအထုပ်များထဲမှ အထက်ပါ ကဒ်(၃)ခုပြည့်စုံလျှင်သင်ကံထူးပြီ။
၄င်းကဒ်(၃)ခု ပြည့်စုံပါက နောက်ကျောပါ နံပါတ်များအား ပုံတွင်ပြထားသော အစီအစဉ်အတိုင်း
09-260771188 သို့ SMS ပေးပို့လိုက်ရုံဖြင့် သင်ကံထူးသော ဖုန်းငွေဖြည့်ကဒ်အား ချက်ချင်းပြန်လည်ရရှိမည်ဖြစ်ပါသည်။
**၂၀၁၅ ဩဂုတ်လ (၁) ရက်နေ့ မှစ၍ ကံစမ်းနိုင်ပါသည်။**

အသေးစိတ်သိရှိလိုပါက Customer Service Hot Line - 09-8635247,09-8635250 သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

myanmar national airlines



## Yangon-Singapore-Yangon

**Book Now!**

Call Centre : 01-377840-43
Airport : 09-254219651
Online : www.flymna.com

Sun Far Travel&Tours 01-243993
Columbus Travel 01-229245
Nice Fare 01-393088

Saw Pron Phan Travel 01-255880
Oway Travel 01-2304197
Htoo Travel 01-8603766,67

*Journey of a lifetime*

## အ.ထ.က(၁) မင်္ဂလာတောင်ညွန့်(ယခင်ကန်တော်လေးစတိတ်) ဒသမ အကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပရေးနှင့် ကျောင်းသားဟောင်းအသင်းသားစုံညီအစည်းအဝေးဖိတ်ကြားလွှာ

အ.ထ.က(၁)မင်္ဂလာတောင်ညွန့်(ယခင်ကန်တော်လေးစတိတ်)ဒသမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပရေး အစည်းအဝေးနှင့် ကျောင်းသားဟောင်းအသင်းသားစုံညီအစည်းအဝေး(၂၀၁၅)အား အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်ကျောင်းသားဟောင်းများနှင့် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကျောင်းသားဟောင်းများတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၂၃-၈-၂၀၁၅ (တနင်္ဂနွေနေ့)
အချိန် – ၁၂း၃၀ နာရီ
နေရာ – အ.ထ.က(၁) မင်္ဂလာတောင်ညွန့်(မြတ်မင်္ဂလာခန်းမ)

ကျောင်းသားဟောင်းအသင်း၊ အ.ထ.က(၁)မင်္ဂလာတောင်ညွန့်
(ယခင်ကန်တော်လေးစတိတ်)

## စစ်တွေမြို့နယ်အသင်း(ရန်ကုန်) ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

စစ်တွေမြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၂၃-၈-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူတော်မူကြပါရန်နှင့်အသင်းမဝင်ရသေးသူများလည်း ယင်းနေ့တွင်ကြွရောက်ပြီး အသင်းဝင်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားနှိုးဆော်အပ်ပါသည်။

(ရခိုင်ထမင်းဟင်းများဖြင့် ဧည့်ခံပြီး လေးဝတီရခိုင်အနုပညာအဖွဲ့မှ ရခိုင်တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေပါမည်။)

**အမှုဆောင်အဖွဲ့**
**ဖုန်း-၀၉-၂၅၀၀၃၂၆၈၄၊ ၀၉-၇၃၁၆၆၃၁၄၊ ၀၉-၂၅၄၂၇၈၀၈၅**

## ပျောက်ဆုံးကြောင်း

ဒေါ်ခင်စန်းရီ ၁၂/တမန(နိုင်)၀၉၂၃၇၆၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၀၀၇၃၄၂၄**

## နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) ၂၅ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ (၂၅)ကြိမ်မြောက်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ၁၃၇၇ခုနှစ်၊ ဝါခေါင်လဆန်း(၈)ရက် (၂၃-၈-၂၀၁၅)ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ သာဓုပရိယတ္တိစာသင်တိုက် (နတ်စင်လမ်းနှင့်ကမ်းနားလမ်းဒေါင့်)၌ ကျင်းပမည်ဖြစ်ရာ နတ်မောက်မြို့နယ်သူ/သားများနှင့် အသင်းသူ/သားများ အလှူရှင်များ ကြွရောက်ကုသိုလ်ယူကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဝါဆိုသင်္ကန်းနှင့် အလှူငွေများလှူဒါန်းလိုပါက အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ နီးစပ်ရာအမှုဆောင်များထံတွင်လည်း လှူဒါန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| သာဓုကျောင်း | ၀၁-၅၁၂၀၆၆ | ဦးဟန်ဇော် | ၀၁-၅၆၃၉၁၄ |
| ဦးအောင်သန်း | ၀၉-၅၀၃၀၆၆၇ | ဦးတင်ဝင်း | ၀၉-၄၃၀၉၁၈၂၂ |
| ဦးသန်း | ၀၉-၄၃၂၀၉၀၄ | ဦးဝင်းဖေသန်း | ၀၉-၃၁၂၅၆၁၀၄ |
| ဦးကြည် | ၀၉-၇၃၀၁၁၈၉၄ | ဦးထွန်းညွန့် | ၀၁-၅၁၇၁၂၂ |
| ဦးရွှေ | ၀၁-၅၅၂၈၆၀ | ဦးအောင်သန်းထွန်း | ၀၁-၅၅၇၂၃၄ |

**အလုပ်အမှုဆောင်အဖွဲ့**

## မြန်မာနိုင်ငံဆရာအဝန်အသင်း အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါအဖွဲ့သို့ အဖွဲ့ဝင်သစ်များဝင်ရောက်နိုင်ရန် ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း၊ အစာအိမ်၊ အူလမ်းကြောင်းနှင့်အသည်းရောဂါအဖွဲ့သို့ အဖွဲ့ဝင် ဆရာဝန်များအဖြစ် ဝင်ရောက်သူများသည် အောက်ဖော်ပြပါအထူးအခွင့်အရေးများကို ရရှိနိုင်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

(၁) အစာအိမ်၊ အူလမ်းကြောင်းနှင့်အသည်းရောဂါအဖွဲ့မှ ကျင်းပသော ဟောပြောပွဲများ၊ နိုင်ငံတကာမှ ကျင်းပသော ဆွေးနွေးပွဲများသို့ အခမဲ့(သို့မဟုတ်)သင့်တော်သောအနေထားဖြင့် ပါဝင်တက်ရောက်နိုင်ခြင်း။
(၂) အထက်ဖော်ပြပါပွဲများနှင့် သက်ဆိုင်သောစီဒီများ၊ ဂျာနယ်များ၊ လက်ကမ်းစာစောင်များ အခမဲ့ရရှိနိုင်ခြင်း။
(၃) သက်ဆိုင်ရာအထူးကုဆရာဝန်ကြီးများနှင့် လွတ်လပ်စွာ တိုင်ပင်ဆွေးနွေးနိုးနှောခွင့်များ ရရှိခြင်းစသည့် အကျိုးခံစားခွင့်များ ရရှိနိုင်မည်ဖြစ်ပါသည်။

အဖွဲ့ဝင်သစ်လျှောက်ထားရန်အတွက် နှစ်စဉ်ကြေး နှစ်သောင်း (၂၀၀၀၀)ကျပ် ပေးသွင်းရမည်။
ယခင်အဖွဲ့ဝင်ဖြစ်ပြီးသူများသည်လည်း နှစ်စဉ်ကြေး နှစ်သောင်း (၂၀၀၀၀)ကျပ် ဆက်လက်ပေးသွင်းရန်ဖြစ်ပါသည်။

**လေးစားစွာဖြင့်အကြောင်းကြားအပ်ပါသည်။**

**လျှောက်လွှာပုံစံများကို**
**အသည်းရောဂါပညာဌာန**
**ခုတင် (၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်သို့လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။**

## Labour Asia Services Co., Ltd

* လိုင်စင်အမှတ် ၅/၂၀၁၅ — ထိုင်းလိုင်စင်အမှတ် ၄၉/၂၀၁၂
* ထိုင်းနိုင်ငံရှိ လုပ်ငန်းအမျိုးမျိုးတွင် တရားဝင်အလုပ်လုပ်ကိုင်ရန်အတွက် နေ့စားအထွေထွေလုပ်သားများ အလုပ်လျှောက်ထားနိုင်ပါသည်။
* အောက်ဖော်ပြပါလုပ်ငန်းများအတွက် လုပ်သားများအမြန်အလိုရှိနေပါသည်-

| စဉ် | ကုမ္ပဏီအမည် | လုပ်ငန်းအမျိုးအစား | တည်နေရာ | လိုအပ်သောဦးရေ | |
|---|---|---|---|---|---|
| | | | | ကျား | မ |
| ၁ | Belton Industrial(Thailand) Co.,Ltd. | လျှပ်စစ်ပစ္စည်းလုပ်ငန်း | Pathumthani | ၂၀ | ၁၈၀ |

* အခြေခံလစာ - တစ်ရက် ၃၀၀ ဘတ်
* စာချုပ်သက်တမ်း - ၂ နှစ်
* အလုပ်ချိန် - တစ်ရက် ၈ နာရီ
* အသက် - ၁၈ နှစ်မှ ၄၀နှစ်
* အချိန်ပိုကြေး - တစ်နာရီ ၅၆ ဘတ်
* မြန်မာနိုင်ငံအလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ချမှတ်ထားသည့် စည်းကမ်းများအတိုင်း စေလွှတ်ပေးပါသည်။
* ထိုင်းနိုင်ငံ၏အလုပ်သမားဥပဒေအတိုင်း ပြည့်ဝစွာအကျိုးခံစားခွင့် ရရှိမည်ဖြစ်ပါသည်။
* အလုပ်လုပ်ခွင့်လက်မှတ်၊ ပြည်ဝင်ခွင့်ဗီဇာ၊ စက်ရုံအလုပ်ရုံတည်နေရာ၊ အလုပ်လုပ်ခ၊ ခံစားခွင့်များ မှန်ကန်တိကျမှုရှိစေရန်နှင့် အလုပ်သမားများ ထိုင်းနိုင်ငံဥပဒေနှင့်အညီ ခံစားခွင့်များ ပြည့်ဝစွာရရှိခံစားနိုင်ရန် ထိုင်းအလုပ်ရှင်နှင့် စနစ်တကျစာချုပ်ချုပ်ဆို၍ စေလွှတ်ပေးပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ကာယကံရှင်ကိုယ်တိုင် လာရောက်စုံစမ်းဆွေးနွေးနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ
အမှတ် R-1(D)၊ ပန်းခရေလမ်းသွယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ ၂၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊
ဖုန်း-၀၁-၆၃၅၇၆၄၊ ၀၉-၇၃၁၈၀၄၂၉၊ Email:labourasiaservices@gmail.com

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဟ/၈၅၁၀၊ Loncin၊ သုံးဘီးဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကြည် ၁၀/မဒန(နိုင်)၀၆၆၄၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ဖခင်အမည်မှန်နှင့် တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ကရင်စုကျေးရွာနေ မောင်သန်းထွန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးစိန်သန်း(ခ)ဦးကျော်စိန်သန်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်သန်းထွန်းအောင် ၇/ဝမန(နိုင်)၁၈၀၇၁၀**

## တစ်ဦးတည်းဖြစ်ကြောင်း

မိတ္ထီလာမြို့၊ ဈေးအရှေ့ရပ်ကွက်နေ အမှတ် မ/၁၇၃၊ ၉/မထလ(နိုင်)၀၄၄၄၀၈ ကိုင်ဆောင်သူ (ဘ) ဦးသင်းကြူ၏သမီး ဒေါ်တင်ရီ (ခ) ဒေါ်နန်းတင်ရီသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်တင်ရီ(ခ)ဒေါ်နန်းတင်ရီ**
**၉/မထလ(နိုင်)၀၄၄၄၀၈**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၉၂၈၁ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၁၈၂၉၆ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဦး ၉/ပဘန(နိုင်)၀၀၉၄၀၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) မဟာအောင်မြေမြို့နယ်တရားရုံး၌ ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၄

| | | |
|---|---|---|
| ဒေါ်သွယ်သွယ်ခိုင် | နှင့် | ၁။ ဦးလင်းသက်လုံ |
| | | ၂။ ဒေါ်အဲပို့ |
| တရားလို | | တရားပြိုင်များ |

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၃၇လမ်း၊ ၅၇×၅၈ လမ်းကြား၊ အကွက် (မ-၇၃/၂၁)နေ ဦးလင်းသက်လုံ ဇနီးဒေါ်အဲပို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးယူငွေ(၉၁၀၀၀၀၀/-) (ကိုးဆယ့်တစ်သိန်းတိတိ) ရလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် စင်တင်ဘာလ ၄ ရက် (၁၃၇၇ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(မြင့်စိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/3995 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/4449 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၀

| | | |
|---|---|---|
| ကမ္ဘာ့ရတနာဘဏ်လီမိတက် [ယခင်မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၊မန္တလေးဘဏ်ခွဲ၎င်း၏တာဝန်ခံ ဗိုလ်မှူးအေးမင်း(ငြိမ်း)] | နှင့် | ဒေါ်မိုးမိုးဝါ (မိုးမိုးဝါပဲမျိုးစုံနှင့်သဘာဝမြေသြဇာထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း) |
| တရားလို | | တရားပြိုင် |

ဒေါ်မိုးမိုးဝါ(ဘ-ဦးသောင်းညွန့်)၊ (မိုးမိုးဝါ ပဲမျိုးစုံနှင့်သဘာဝမြေသြဇာထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း)၊ အကွက်(ခ-၄၅)၊ ဗိုလ်ချုပ်လမ်း၊ စက်မှုဇုန်၊ မြင်းခြံမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ကမ္ဘာ့ရတနာဘဏ်လီမိတက် (ယခင်မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မန္တလေးဘဏ်ခွဲ ၎င်း၏တာဝန်ခံ ဗိုလ်မှူးအေးမင်း(ငြိမ်း)က အပေါင်ဒီကရီရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၂၄ရက် (၁၃၇၇ ခုနှစ် ဝါခေါင်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဩဂုတ်လ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ- (တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ကြားသိစေသည့် အကြောင်းကြားစာ (တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၅ခုနှစ် တရားမ ပထမအယူခံမှု ၁၄၂

| | | |
|---|---|---|
| ဦးတိုး ပါ ၂ | နှင့် | ဦးစိုးသန်း ပါ ၉ |
| အယူခံတရားလိုများ | | အယူခံတရားပြိုင်များ |

၂၀၁၅ခုနှစ် ဧပြီ ၆ရက်စွဲပါ ညောင်ဦးခရိုင် နယ်တရားမရုံးတော်မှ မကြီး ၃၀/၂၀၁၄ကို အယူခံမှု။

အယူခံတရားပြိုင် ၇။ ကိုဝင်းရွှေ(ခ)ရေခဲ၊ မစိုးရိမ်တိုက်ဟောင်း၊ အဘိဓမ္မာနယူးပဒေသာကျောင်းတိုက်၊ ၈၇ လမ်း၊ ၃၅×၃၈ကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ညောင်ဦးခရိုင် တရားရုံးက ချမှတ်ပေးသည့်ဒီကရီကို ဦးတိုး ပါ ၂ က အယူခံရာ ဤရုံးတွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး၊ ထိုအယူခံမှုကို ၂၀၁၅ ခုနှစ် ဩဂုတ် ၂၈ ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၁၃ရက်) တွင်ဆိုင်ရန် ဤရုံးက ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းပဒေ ၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၅ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ- (တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## တာမွေ၊ မေတ္တာညွန့်ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် (၁၃၄၈)၊ (၂) ခန်းတွဲ၊ (၆) ထပ်တိုက်၏ ငါးလွှာညာဘက်အခန်း(ခေါင်းရင်း)နှင့် စပ်လျဉ်း၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါတိုက်ခန်းကိုပိုင်ရှင် ဦးကံဝင်း ၁၂/တမန(နိုင်)၀၁၃၆၃၃ ထံမှ ကျွန်မ ဒေါ်ဝါဝါခိုင် ၁၂/မဂဒ(နိုင်)၀၅၅၄၅၀ က ဝယ်ယူရန် ၁၁-၈-၂၀၁၅ ရက်တွင် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်၍ အဆိုပါအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မတို့ထံမှ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါခိုင်**
**၁၂/မဂဒ(နိုင်)၀၅၅၄၅၀**
**အမှတ်(၈၀၉/ဒီ)၊ ဇေယျာသုခလမ်း၊ အလယ်ခန်း၊ ပထမထပ်**
**ဖုန်း-၀၉-၄၂၀၇၃၂၃၀၆၊ ၀၉-၄၃၁၈၈၇၄၃၊ ၀၉-၅၀၄၀၂၈၁**

# မော်လမြိုင်-ကလွိုရေယာဉ် ပြန်လည်ပြေးဆွဲမည်



**ရန်ကုန် ဩဂုတ် ၁၅**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး သံလွင်ဌာနခွဲ ရေဘဝ (၃)ရေယာဉ်ကို ခရီးသည်နှင့် ရေယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးချက်များအရ ရေယာဉ်ကြံ့ခိုင်မှုပိုင်းဆိုင်ရာ ပြုပြင်မှုများ ဆောင်ရွက်ရန် ဧပြီ ၇ ရက်ကစပြီး သံလွင်သင်္ဘောကျင်း၌ ပြုပြင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေယာဉ်ကို လိုအပ်သောပြုပြင်မှုများ ဆောင်ရွက်ခဲ့ပြီး ခရီးလမ်းပြေးဆွဲရန် ဩဂုတ် ၁၇ ရက်မှစ၍ မော်လမြိုင်-ကလွိုတွင် ပြန်လည်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။ မော်လမြိုင်-ကလွို ခရီးလမ်းသည် မော်လမြိုင်နှင့် ချောင်းဆုံ ဘီလူးကျွန်းသို့ ဆက်သွယ်နေသော ခရီးလမ်းတစ်ခုဖြစ်သဖြင့် ဒေသခံခရီးသွားပြည်သူများက ပြန်လည်ပြေးဆွဲစေလိုကြခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## အင်အား အနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် ဩဂုတ် ၁၅**

ဩဂုတ် ၁၅ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၁၆ မိနစ် ၅၂ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ မြောက်- အရှေ့မြောက်ဘက် မိုင် ၁၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုးကုတ်မြို့၏ မြောက်ဘက် ၃၃ မိုင်ခန့်အကွာ) ကို ဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

**(မြန်မာ့အလင်း)**

# ဂျာမန်ဘွန်ဒက်စ်လီဂါ အဖွင့်၌ ဘိုင်ယန်မြူးနစ်တို့ ဟမ်းဘတ်အသင်းကို ဂိုးပြတ်နိုင်



**မြူးနစ် ဩဂုတ် ၁၅**

၂၀၁၅-၂၀၁၆ ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၁) ဖွင့်ပွဲ ပွဲစဉ်အဖြစ် ဩဂုတ် ၁၅ ရက် (စနေနေ့)နံနက်ပိုင်းက လက်ရှိချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းနှင့် ဟမ်းဘတ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်ဘိုင်ယန်မြူးနစ်အသင်း ငါးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ပွဲဦးထွက်ပွဲစဉ်တွင် နည်းပြ ဂွာဒီယိုလာသည် ကွင်းလယ်အားဖြည့်ဝယ်ယူထားသော ဗီဒယ်လ်နှင့် ဒေါက်ကလပ်ကော်စတာတို့ကို ထုတ်သုံးခဲ့သည်။ ဘိုင်ယန်အသင်းသည် ပွဲစဉ်တစ်လျှောက် ဘောလုံးပိုင်ဆိုင်မှု အသာစီးရရှိခဲ့သည်။ ပွဲချိန် ၂၇ မိနစ်တွင် အလွန်ဆို ဖန်တီးပေး၍ နောက်တန်းကစားသမား ဘီနာတီယာက ဘိုင်ယန်အတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၆ ✻

## ယနေ့ » မာတိကာ

စစ်အတွင်းကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် နောင်တရကြောင်း ဂျပန်ဘုရင်မင်းမြတ် ထုတ်ဖော်ပြောကြား စာ » ၄

ရခိုင်ပြည်နယ် မျိုးစပါး ၂၉၁၀၀ တင်း ဖြန့်ဖြူး ၁၁၅၁၇ ဧက ပြန်လည်စိုက်ပျိုးပြီးဖြစ် စာ » ၁၀

ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ စာ » ၇




နေပြည်တော်-စာတည်းမှူး ၀၆၇-၃၄၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၄၁၃၄၅၊ ဖက်စ် ၀၆၇-၃၄၁၃၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း